www.burmeseclassic.com

# မာယာနန်းတော်



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဂျူး စာပေ)
အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း။
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျော်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်-၁၃၉၊ ၃၁လမ်း။ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း
၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ။
အုပ်ရေ
၅၀၀ အုပ်
တန်ဖိုး
၁၀၀ ကျပ်
ဖြန့်ချိရေး
ပိုးလမ်းပြည့်စာပေ
အမှတ်-၂၂၇၊ ၃လွှာ၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
ဂျူး
မာယာနန်းတော်
ဂျူးစာပေ၊ ၂၀၁၄။
၂၀၈ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မာယာနန်းတော်

BURMESE CLASSIC

## း (၁)

မေဒီမို ဒေါသကြီးပြီဆိုလျှင် မျက်လုံးထဲ ဘာမှမမြင်တော့ မေဒီမိုနှင့် လုံးထွေးသတ်မပုတ်နေသော စောမေဆိုသည့် မိန်းမမှာ မေဒီမိုထက် ကိုယ်လုံးကြီးပြီး နပန်းလုံးရာမှာလည်း ကျွမ်းကျင်နေ၏။ ဆံပင်ဆောင့်ဆွဲသည့်နေရာမှာ မေဒီမိုကသာနေ၏။ စောမေနှင့် မေဒီမိုတို့ လုံးသတ်နေကြတာကို ဘယ်သူမှ ဝင်မဆွဲရဲကြ။ ဈေးတန်းထဲက ဈေးသည်တွေရော ဈေးဝယ်တွေပါ ဝိုင်းအုံခဲပြီး ကြည့်နေကြ၏။

တိုက်ဝန်းအိမ်ရာ ဆိုဒ်ဝင်းဈေးတန်းမို့ ကားလမ်းဘေးမှာ လုပ်ထားသဖြင့် ကားအဝင်အထွက်ရှိ၏။ ဈေးတန်းထဲကို အနက်ရောင် ဆိုက်ကနက်ကားတစ်စင်း မောင်းဝင်လာ၏။ လူတွေအုံခဲနေသဖြင့် ဟွန်းသံ တတီတီပေးပြီး မောင်းဝင်လာသည်။ မေဒီမိုက စောမေရဲ့ ချုပ်ထားတဲ့ လက်ကိုပိတ်ကိုက်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

စောမေအော်ဟစ်ပြီး ချုပ်ထားသည့်လက်ကို လွှတ်လိုက်ရ၏။ တစ်ဆက်တည်း ဘယ်လက်ဖြင့် ဖြတ်ရိုက်လိုက်ရာ မေဒီမို၏ ပါးကို ရှပ်ထိသွား၏။ မေဒီမိုဖျဉ်းခနဲ ဒေါသဒီဂရီဆောင့်တက်သွား၏။ စောမေက ကားလာနေသည့်တစ်ဖက်လမ်းကို ကူပြီးရှောင်လိုက်၏။ မေဒီမိုက အုန်းသီးခြစ်သည့်ဆိုင်က အုန်းသီးကိုလက်နှစ်ဖက်နှင့်မ,ယူပြီး စောမေကိုအားနှင့် ပစ်ပေါက်လိုက်၏။

"ခွမ်း ..."

ကံဆိုးချင်တော့ စောမေကို မထိ။ ဆိုက်ဂနက်ကားရှေ့မီးလုံးကို သွားထိ၏။ မီးလုံးကွဲထွက်သွား၏။ မေဒီမို၏ ဒေါသတွေလွင့်စင်ထွက်သွား၏။ စောမေကတော့ လွတ်ရာကျွတ်ရာရှောင်ထွက်သွား၏။ မေဒီမို ကြောင်ပြီးတွေတွေကြီး ထိုင်ကြည့်နေ၏။ ဝိုင်းအုံကြည့်နေသော လူတွေကလည်း ဘာဆက်ဖြစ်မလဲ စောင့်ကြည့်နေကြ၏။

ကားပေါ်ကဆင်းလာသော လူငယ်က ဆံပင်နီတျာတျာတွေ နဖူးပေါ်ဝဲကျနေ၏။ ရှပ်အင်္ကျီနီညိုကြားလေး ဝတ်ထား၏။ ဂျင်းဘောင်းဘီ မိုးပြာရောင်နှင့်။

ခန့်ငြားချောမောသော လူကုံထံမင်းသားလေးပါပဲ။ မေဒီမို





အဲဒီလို ဂရုပြုမိသော်လည်း ကားမီးလုံးကွဲလို့ လျော်ရတော့မည်ဆိုတဲ့အသိ ရင်တထိတ်ထိတ်နှင့် စိုးရိမ်ကြီးနေ၏။ ခေတ်လူငယ်က ကားရှေ့မီးကြီးကို သွားကြည့်၏။ မေဒီမိုကို လှမ်းကြည့်၏။ ခေါင်းတခါခါလုပ်ရင်း မေဒီမိုအနားကို လျှောက်လာ၏။

"မင်း ဘာလို့ ငါ့ကားကိုခဲနဲ့ထုရတာလဲ"

"ခဲနဲ့မဟုတ်ပါဘူး အုန်းသီးနဲ့ပစ်တာ ... ရင်ဖြစ်နေတာ ရှင့်ကားက စွက်ဝင်လာတာပဲ"

"ဒါ လမ်းဘဲ ကားသွားမှာပေါ့ ... ဒီဈေးတန်းက ယာယီဈေးတန်း ကားသွားတာ အပြစ်မရှိဘူး ..."

"မကျော်တာဆဖြစ်တာ ရှင့်ကားကို တမင်ပစ်တာမဟုတ်ဘူး ရှင်က ဘာဖြစ်ချင်လို့လဲ"

ဆတ်ဆတ်ထိမခံ ပြန်ပက်ပြောနေသော မေဒီမိုကို မင်းသားစတိုင်လ်နှင့် လူက ခြေအဆုံး ခေါင်းအဆုံးကြည့်လိုက်၏။ သူ့ပုံက ဒေါသထွက်သော်လည်း ထိန်းချုပ်ထားနိုင်၏။

"ငါ့ကားမီးလုံး မင်းပြန်လျော်ပေးရမယ်"

"လျော်ပေးမယ် ... ဘယ်လောက်တန်လို့လဲ လွန်ရော ကျွံရော လေးငါးသောင်းပေါ့"

"ဟား ဟ ... လေးငါးသောင်း ရလိမ့်မယ် အားကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ဒီကားမီးလုံးက ဆယ်သိန်းကျော်တန်တယ်"

"ရှင် ... ဆယ်သိန်း"

"ဟုတ်တယ် ... မယုံကြည် ကားပစ္စည်းဆိုင်ကို လိုက်မေးကြည့် ... "

အသားဖြူဖြူ၊ နှာတံစင်းစင်း မျက်လုံးမျက်ဖန် ဝင်းဖန့်ကြည်လင်နေသော သူ့မျက်နှာချောချောကြီးက မေဒီမို့ရင်ကိုဖမ်းစားနေ၏။ မေဒီမို မခံစားရဲသည်ဖြင့် ရင်ထဲဗလောင်ဆူဝေသွား၏။

"ဒီမှာ ငါပြောတာ မင်းမယုံရင် ကားပစ္စည်းရောင်းတဲ့ဆိုင်ကို လိုက်မေးကြည့် ... လာ ကားပေါ်တက်"

မေဒီမိုရဲ့လက်ကိုဆွဲကိုင်ပြီး သူ့ကားပေါ် ထိုးတင်၏။ ကားတံခါးပိတ်၏။ မောင်းသူနေရာမှာ အရတက်ထိုင်ပြီး ကားမောင်းထွက်လာ၏။ လူတွေ ဘာပြောရမှန်းမသိအောင် အံ့အံ့သြသြ ဖြစ်လျှန်ခဲ့ကြ၏။ ကားပစ္စည်းဆိုင်က အတော်အလှမ်းဝေး၏။

အိမ်ရာဝင်းကြီးကျော်လွန်ပြီး မိန်းလမ်းပေါ်ရောက်လာသောအခါ ရေငုံနှုတ်ပိတ်နှင့် လိုက်လာသော မေဒီမိုကို ရွှေမင်းသားလေးက ...

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ဒီ ဒီ ... "





"ဘာ ... ဒီးဒီး ဒီးဒီးနဲ့ ဘဲတွေကြက်တွေခေါ်တဲ့ အသံလို နာမည်ကြီးပါလား"

"ဒီးဒီး မဟုတ်ဘူး ဒီဒီ နာမည်အပြည့်အစုံက မေဒီမို"

"မေဒီမို ... "

"ဟုတ်တယ် ... ရှင့်နာမည်ကရော ဘယ်သူလဲ"

လူငယ်ရဲ့မျက်ခုံးတစ်ဖက် မြောက်တက်သွား၏။ မေဒီမိုကို စောင်းငဲ့ကြည့်ပြီး ...

"ရဲစွမ်းသတ္တိ"

"ရှင့်နာမည်လား"

"ဟုတ်တယ် ... မမိုက်ဘူးလား"

"မမိုက်နဲ့ လန်းတယ် ... ဒီဒီက စိတ်တိုရင်ဘာမှ မမြင်တော့ဘူး ... ဘာတွေညာတွေ နားမလည်တော့ဘူး ဇွက်လုပ်တာ ... ရှင်ကျတော့ ဒေါသကို ထိန်းနိုင်တယ်နော် ... ဆယ်သိန်းတန်ကားမီးလုံးကွဲတာ တခြားလူဆို ဒေါနဲ့မောနဲ့ ရန်တွေ့နေမှာ ရှင်ကျတော့"

"ဆယ်သိန်းက ကိုယ့်အတွက် ဘာမှမဖြစ်လောက်ပါဘူး ... ဒါပေမဲ့ မင်းဒေါသကို ထိန်းတတ်ဖို့ နောင်တရတဲ့ အထိတော့ ဆုံးမပွဲပြင်ပေးရမယ်"

"ဒီမှာ ... ကိုစွမ်း ဒီ့ကို ဘယ်သူမှလာပြီး ထိန်းချုပ်လို့မရ



www.burmeseclassic.com

www.burmeseclassic.com



ဘူး ... အမိန့်ပေးလို့ မရဘူး ... ကိုယ့် လွတ်လပ်ခွင့်နဲ့ကိုယ် ရှင်သန်ချင်လို့ ဒီမိုကရေစီထဲက ဒီမိုဆိုတာကိုယူပြီး နာမည်ပေးထားတာ"

စွမ်း မျက်လုံးတွေ အနည်းငယ် ပြူးကျယ်သွား၏။ ဒီဒီက ဖြတ်ထိုးညာဏ်ဖြင့် ...

"ခု ကိုစွမ်း ဒီဒီကို ကားနဲ့တင်ခေါ်လာကတည်းက ကိုစွမ်း မှားသွားတာပဲ ... ကိုစွမ်းရဲ့ ကားမီးလုံးဖိုးကို ဒီဒီမလျော်လို့လဲ ရတယ်"

"ဘာ ... မင်းဘာပြောလိုက်တယ်"

"မလျော်ဘူး ... ကားရပ်တာနဲ့ ဒီအဝတ်အစားတွေ ဒီ ဘာသာဆွဲဖြဲပြီး ကိုစွမ်းက ဒီ့ကိုကားပေါ်မှာ မဟားဒယားနဲ့စော်ကားပါတယ်လို့ အော်ဟစ်ပြောလိုက်ရင် ကိုစွမ်းဘာဖြစ်သွားမလဲ တန်းပြီး ထောင်နန်းစံသွားမယ် ... "

"မြတ်စွာဘုရား ... မင်းတော်တော် လူလည်ဖျံကျတတ်တဲ့ မိန်းမပါလား ... တရားဥပဒေမှာ မိန်းကလေးဆိုတိုင်း အလျှော့ပေးရမှာလား ... မိန်းကလေးလည်း မှားတာလုပ်ရင် ခံရမှာပဲ"

"ယောကျ်ားနဲ့ မိန်းမဖြစ်ရင် ရှင်တို့ပဲအထိနာတာမဟုတ်လား ... ဘာလဲ ကျွန်မ ကားပေါ်ကနေအော်ဟစ်လိုက်ရမလား ဟိုးရှေ့မှာ မော်တော်ပီကာယ်တွေရှိတယ်"





"ဟော့ ... ဟော့ မလုပ်နဲ့ ... တော်ပြီ တော်ပြီ ... ကားမီးလည်း အလျော်မတောင်းတော့ဘူး ... မင်း ဒီနေရာကဆင်းတော့ လမ်းခွဲမယ် ... "

"ခေါ်ချင်သလိုခေါ် နှင်ချင်သလိုနှင် လုပ်လို့ရမလား Taxi ခ တစ်သောင်းပေး ... ပိုတာ ပြန်မအမ်းဘူး ... နစ်နာကြေး နည်းနည်းလေးပဲ ယူတာ ... အဲလိုမှ မဟုတ်ရင် အော်လိုက်မှာနော်"

"ဟိုး ... ဟိုးထား ... ခဏလေး"

စွမ်းကားကို ထိုးရပ်ပြီး ပိုက်ဆံအိတ်ထဲက တစ်သောင်းတန် တစ်ရွက်ကို လှမ်းပေးလိုက်၏။ ဒီဒီက ဆတ်ခနဲယူပြီး ...

"သနားလို့ ဒီလောက်ပဲ ပညာပြန်ပေးလိုက်တာ ဆင်းနေခဲ့ပြီ ... သွားတော့ တာတာ့ ... နောက်လည်း ဆုံစရာမရှိတော့ပါဘူး"

ဒီဒီယတိပြတ်ပြောပြီး ကားပေါ်ကဆင်းနေလိုက်၏။ စွမ်းလည်း ကြာကြာမနေသာဘဲ အမြန်မောင်းပြေးရတော့၏။ ဒီလိုလမ်းခွဲလိုက်တာပဲ ကောင်းပါတယ်။ ဘာမှ စိတ်ထဲမငြိတော့ဘူးပေါ့ ... မငြိတော့ မစွဲလန်း၊ မစွဲလန်းတော့ မခံစားရတော့ဘူးပေါ့ ... ဒီဒီ ရှေ့မှတ်တိုင်ရောက်အောင် လမ်းလျှောက်လာလိုက်၏။ ဘတ်(စ်) ကားတိုးစီးပြီး ဈေးဆိုင်ဖွင့်ထားရာဆီ ပြန်လာလိုက်၏။ ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရသော ငွေတစ်သောင်းကို အလဟသသုံးစွဲ၍ [illegible]

ချစ်ချည်_ ခဏအတွေ့ ပေမယ့် လွမ်းတယ် ဒီတစ်သောင်း [illegible] အမှတ်တရအဖြစ် သိမ်းထားမယ် ... ဆင်းရဲတဲ့ ဈေး [illegible]လေးအတွက်တော့ အမှတ်တရ အလွမ်းလေးတစ်ခုဖြစ်ခဲ့ရ ပါပြီကောကွယ်။

ဳဳဳ

အခန်း (၂)

ဈေးဆိုင်တန်းရောက်တော့ အိမ်ကအမေ ဈေးထဲရောက်လာပြီး ဆိုင်ထိုင်ရောင်းနေပြီလေ ... ဘေးက ဈေးသည်တွေကလည်း ဝိုင်းဝန်းစပ်စု မေးမြန်းကြ၏။ ဒီဒီက အမေနှင့်ဆုံတွေ့ပြီးမှ အားလုံးကြားအောင် ပြန်ဖြေပေး၏။

"ဘာ မီးလုံးဖိုးမှ မလျော်ရဘူး ... သမီးက မတော်တဆဖြစ်ရတဲ့အကြောင်း ခရေစေ့တွင်းကျ ရှင်းပြလိုက်လို့ သမီးကို သနားပြီး မုန့်ဖိုးတစ်သောင်းတောင် ပြန်ပေးလိုက်သေးတယ်"

"ဟယ် ..."

"ဟောတော့် ..."

"ဖွာတေးမတို့ကတော့ ဩချရတယ်ဟေ့"

"စောမေကတော့ သူ့ဈေးခင်းတာတွေ အမြန်သိမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



လစ်ပြီ … ဒီဈေးမှာ လာမရောင်းတော့ဘူးတဲ့ … စွာတေးမကို လန့်သွားပြီလေ … ”

ဘေးဆိုင်က လူတွေပြောလာခြင်းဖြစ်၏။ ဒီဒီကို ဈေးထဲက စွာတေးမဟုသာခေါ်ကြ၏။ တကယ်လည်း စွာတေး၏ မဟုတ်မခံ ဆတ်ဆတ်ကျဲ ကက်ကက်လန်။ ဒီဒီရဲ့အမေ ဒေါ်မြရွှေက …

“ညည်းမလဲ ရန်ချည့်ဖြစ်နေ ဈေးရောင်းစားမနေနဲ့တော့ တော်သင့်ရုံပါလည်း သည်းခံလိုက်ပေါ့ … ညည်းရန်ဖြစ်နေတယ်လို့ ဆိုဗ္ဗားနှင်းတဲ့ ကင်းမကြီးက လာပြောလို့ ချက်ချင်းလိုက်လာတာ ဆိုင်လည်း ဒီအတိုင်းထားခဲ့တယ် … ကားနဲ့ပါသွားပြီဆိုလို့ ရင်ပူ နေတာ … ပြန်လာလို့ တော်သေးတာပေါ့အေ”

“အမေကလည်း ဘေးကလူတွေ ဆိုင်ကိုကြည့်ပေးမှာပေါ့ သမီးဘာသာ ဈေးရောင်းနေတာ စောမေက လာရစ်တာ … ဒီနေရာက သူ ဟိုတုန်းကရောင်းခဲ့တဲ့နေရာ ဖယ်ပေးတဲ့ အတင်းဖယ်နေတာ … စောမေက ဒီဈေးထဲမှာ သူ့လောက်မိုက်တဲ့မိန်းမ မရှိဘူးအင်္ဂြိုး ဟောက်စားငေါက်စား နပန်းလုံးမလားနဲ့ အနိုင်ကျင့်နေတာ ရန်ပွဲတိုင်းမှာ သူနိုင်လာတာ သမီးနဲ့တွေ့တော့ ဘယ်ရမလဲ ဒီတ်ထိုက်ပစ်တာ အသားတစ်ပါပြုတ်ထွက်မတတ်ပဲ … ”

“စောမေက အလျော်လိုချင်လို့ ဆေးဖိုးလာတောင်းရင် ဘယ်နှယ့်လုပ်မလဲ”

“ပေးစရာမလိုဘူး … မိန်းမချင်းရန်ဖြစ်တာ ကြုံကြိုက်တဲ့နေရာတိုင် လိုက်ရှင်းလို့ရတယ် … ဘေးဆိုင်က ကြီးဒေါ်သန်းတို့ မိပြည့်တို့ မိဝါတို့ ဒေါ်ခင်စန်းတို့ သက်သေရှိတယ် … သူချလို့ ကိုယ်ပြန်ဆော်တာ … ”

နှုတ်ခမ်းဒီတာလန် ပန်းတလန်နှင့်ပြန်ပြောနေသော ဒီဒီကို ဒေါ်မြရွှေကြည့်ရင်း ပင့်သက်ရှိုက်ချ၏။ သူတစ်ပါးအနိုင်ကျင့်စော်ကားတာ မခံရအောင်လည်း ဒေါ်မြရွှေကိုယ်တိုင် သွန်သင်ပြီး သတ္တိတွေမွေးပေးခဲ့၏။ ဒီဒီက မဟုတ်တာမှန်သမျှ လုံးဝမခံတဲ့ အဆင့်ဖြစ်လာ၏။ မှန်တယ်ထင်လျှင်လည်း တုတ်ထိုးအိုးပေါက်ပြောတော့၏။ မှန်တိုင်းပြောလျှင် ရွာပြင်ထုတ်ခံရမည်ဆိုတာကို သမီးဖြစ်သူ မမြင်သေး … ပြောလျှင်လည်း ဒီဘက်နားဝင် ဟိုဘက်နားက ပြန်ထွက်သွား၏။ မခက်ပေဘူးလား။

ဆိုင်သိမ်းပြီး ကင်းမကြီးရဲ့ ဆိုဗ္ဗားနဲ့ဆင်းရဲသားရပ်ကွက်ထဲကို ပြန်လာလိုက်၏။ ဒေါ်မြရွှေတို့က သားအမိနှစ်ယောက်ထဲ သိပ်တော့လည်း ပူစရာမလို။ မြို့သစ်ဆင်ခြေဖုံးလေးမှာ သစ်သား၊ ထရံကာ၊ သွပ်မိုး ပေနှစ်ဆယ် အိမ်လေးပိုင်ဆိုင်ထား၏။ ဒေါ်မြရွှေ၊ ခင်ပွန်း ကိုထွန်းမောင်က ဆိုဗ္ဗားဆရာ။ ဆုံးသွားတာ ငါးနှစ်ကျော်







www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဒီဒီက ဆယ်တန်းတစ်နှစ်ကျတာနှင့် ကျောင်းထွက်ပြီး မိဘနဲ့ ကူလုပ်ပေးနေ၏။ ကျောင်းဆက်နေလည်း ဘွဲ့ရတဲ့အထိမှ မထားနိုင်တော့ပဲလေ။

ညနေစာစားပြီးသည်နှင့် ဒေါ်မြရွှေဘုရားဝတ်ပြု၏။ ရေချိုးထမင်းစားပြီးသွားသော ဒီဒီက အခန်းထဲဝင်နှပ်နေ၏။ ယခင်ကဆိုလျှင် မိခင်ကိုလာနှိပ်ပေးနေကျ။ ဒေါ်မြရွှေက ညသန်းခေါင်ကျော်လျှင် ဈေးသည်အဖွဲ့တွေနှင့် စုငှားထားသော BM ကားဖြင့် ကုန်စိမ်းဈေးသွားဝယ်ရမည်လေ။ မနက်ဝေလီဝေလင်းပြန်ရောက် ဈေးခင်းပြီးချိန်မှာ အိပ်ယာထ၊ မျက်နှာသစ်၊ သနပ်ခါးလိမ်း၊ မနက်စာစားပြီးထွက်လာသော ဒီဒီက ဆိုင်လာထိုင်ပေးရ၏။ ဒေါ်မြရွှေက ဟင်းချက်စရာတွေဝယ်ပြီး အိမ်ပြန်ချက်။ ညနေပိုင်းပဲ နားရ၏။ အိပ်ရေးဝအောင် ပြန်အိပ်ရ၏။ ဈေးပေါပေါနှင့်ဝယ် ထားသော TV လေးပင်မကြည့်နိုင်။

"သမီးရေ ... "

" ... "

"ဟဲ့ ... သမီး ဒီဒီ"

" ... "

"စွာတေးမရေ ... ဟဲ့ စွာတေးမ ... "



"ရှင် ... "

"အခန်းထဲဝင်ပြီး ဘာလုပ်နေတာလဲ"

"ခဏလှဲနေတာပေါ့ အမေရဲ့ ... "

"အမေ့ကိုလာ မနှိပ်ပေးတော့ဘူးလား"

"နှိပ်ပေးပါ့မယ် ... ခဏလေး ... လာပြီ ... လာပြီ"

အခန်းထဲက မလှုံမလဲထွက်လာသော ဒီဒီ့ကို တွေ့လိုက်ရ၏။

"အင်း ... ငါ့သမီးလည်း အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီဆိုတော့ စိတ်ကူးယဉ်တတ်နေပြီပေါ့ ... "

"အမေကလဲ ... သမီးက ဘာကိုစိတ်ကူးယဉ်ရမှာလဲလို့"

"ငါ့သမီးက ရုပ်ကလေးလည်းရှိ ... ပြင်လိုက်ရင် အသန့်ကလေးလည်းဖြစ်တော့ လင်ကောင်းသားကောင်း ရနိုင်ပါတယ်လေ အပေါက်ဆိုးနေရင်တော့ ရမှာမဟုတ်ဘူးနော်"

"မရတော့ ပိုကောင်းတာပေါ့ ... အပျိုကြီးလုပ်ပြီး အမေ့ကိုလုပ်ကျွေးမှာပေါ့လို့"

"အမေမရှိတော့ရင် ဘယ်လိုလုပ်မလဲ"

"သီလရှင်ဝတ်သွားမှာပေါ့ ... "

"သမီးရယ် ... အိမ်ထောင်ဘက်ရွေးရင် ... "



www.burmeseclassic.com

www.burmeseclassic.com



"အမေမပြောပါနဲ့ သမီးစိတ်မဝင်စားသေးဘူး ... အမေ့ကို နှိပ်ပေးမယ် ... ခြေထောက်နှစ်ဘက်ဆန့်လိုက်"

ဒေါ်မြရွှေ အနှိပ်ခံနေ၏။ ဒီဒီနှိပ်ပေးနေသော်လည်း စိတ်တွေက ရဲစွမ်းသတ္တိဆိုသော ကိုလူချောထံရောက်ရောက်နေမိ၏။

အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ မျက်ခုံးကောင်းကောင်း၊ မျက်ဝန်းတောက်တောက်၊ နှာတံပေါ်ပေါ် စင်းစင်း၊ ပိရိသေသပ်သော လေးကိုင်းပုံစံနှုတ်ခမ်းလေးနဲ့ ချောမောတဲ့ စွမ်းဆိုတာ ဒီဒီရဲ့ဘဝထဲက စိတ်ကူးယဉ်မင်းသားလေးပါပဲ။ စိတ်ကူးထဲကနေလက်တွေ့ဘဝထဲမှာ မြင်လိုက်ရတော့ ...

"ဟဲ့ ... သမီး"

"စွမ်း ... အဲ ... အမေ"

"ဘယ်ကစွမ်းလဲ ... စွမ်းဇာနည်က ရုပ်ရှင်နဲ့ဇာတ်မင်းသား လေးလား"

"မဟုတ်ပါဘူး အမေရယ် ... ယောင်ပြီး ထွက်သွားတာပါ"

"ငါ့သမီးမရိုးတော့ဘူး ... အမေလည်း ငယ်ရာက ကြီးလာတာပါ ... သမီးတို့အရွယ်မှာ စိတ်ကစားခဲ့ဖူးတာပဲ"

"နေ့ခင်းက ကားနဲ့တိုက်ခဲ့တဲ့လူအကြောင်း တွေးမိလို့ပါ"

"ကောင်လေးက လူချောလူခန့်လေးဆို သေးဆိုင်တွေက





ပြောနေကြတာ ... အမေက ရဲစခန်းခေါ်သွားပြီမှတ်နေတာ"

"ဘယ်ခေါ်လို့ရမလဲ ... သမီးက မညာပြန်ပေးလိုက်တာပေါ့"

သားအမိနှစ်ယောက် ပြောဆိုနေကြစဉ် ဆိုက္ကားပြန်သိမ်းလာသော တစ်အိမ်ကျော်မှ အောင်ဘုက လှမ်းပြီးစနောက်၏။

"စွာတေးမရေ ... နင် နေ့ခင်းက ထိပေါက်လို့ဆို"

"ဘာဖြစ်လဲ ... အကောင်စုတ်ရဲ့ နင်သာ ဘီးမပေါက်အောင်ကြည့်နင်း ... သတင်းကလဲ သူတို့ဆိုက္ကားဂိတ်တောင်ရောက်တယ်"

"လူသတင်း လူချင်းဆောင်တာပဲ ရောက်တာပေါ့ဟ ... နင်က ကားအကောင်းစားကြီး စီးဖူးသွားတာပေါ့ ... နင့်အတွက်ပူလိုက်ရတာ ... နောက်ဆို နင်ဆင်ခြင်တော့ စွာတေးမ နင်အဲလိုပဲ ဆက်ဖြစ်နေရင် နင့်အမေက သဘောတူနေပေမယ့် ငါကစဉ်းစားရဦးမယ်"

"သေနာကောင် အသားယူပြီး လာပြောနေသေးတယ် နင့်လို ကောင်မျိုးကို ငါကလည်း တိုင်မှတ်လို့ နှပ်မသုတ်ဘူး မှတ်ထား"

"မသုတ်တော့ သန့်ရှင်းတာပေါ့ဟ ဟဲ ဟဲ ဖဲ"

"နင်လာမပြောင်နဲ့နော် ... ပြောင်တာ စတီးလ်ပဲကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ် ... နောက်လဲ မနောက်နဲ့ နောက်တာက ချောင်းရေ မြစ်ရေ ပဲကောင်းတယ် ... နောက်ပြောင်တာကလဲ ထိပ်ပြောင်တာမဟုတ် လို့မဲ ... နင်အေးဆေးငုပ်နေ ... နှုတ်ခမ်းပွဲချင်း မီးမှုတ်တဲ့အထဲမှာ ငါမပါဘူး ... ဟိုက်ဘော့စ်က လိုက်ချော့ပြီး အဖြေတောင်းတာ တောင် စိတ်မဝင်စားသေးဘူး ... ပေါက်ထား"

"တော်ကီကတော့ ဂေါ်လီပဲ ... အော်ဒီ တစ်စီးလောက်နဲ့ လာတင်တောင်းရင်တော့ နင် ... ဖုတ်ဖက်ခါပြီး ထလိုက်မှာပါ"

အောင်ဘုကို လေးခွနှင့် ခြောက်လှန့်ပစ်တော့မှ အောင်ဘု လစ်သွားတော့၏။ ဒီရပ်ကွက်ထဲမှာတော့ ခေါင်းရွက်ဗျက်ထိုး ဈေး သည်၊ ထီသည်၊ တွန်းလှည်းသည်၊ ဆိုက္ကားသမား၊ ဂါလီနင်းသမား ကားစပယ်ရာ၊ ငါးစိမ်းသည်တွေသာ အနေများကြ၏။ ညနေ အရက် မူးလာလျှင် သူ့ထက်ငါ ဗိုလ်ကျပြီး ဆဲဆိုသောကြောင့် ဗိုလ် တထောင်ရပ်ကွက်ဟုလည်း ခေါ်၏။ မိန်းမတွေ ရန်ဖြစ်ကြပြီဆို လျှင် ယောကျ်ားတွေရော၊ ကလေးတွေ၊ ဆွေမျိုးမိတ်ဖွဲ့ထားတဲ့ သူတွေပါ အကုန်ပါကြသဖြင့် မင်းမနိုင် ရပ်ကွက်ဟုလည်း ပြောင် လှောင်ခေါ်တတ်ကြ၏။

အမှန်တော့ အောင်ဘုက ဒီဒီကို အသေရရ အရှင်ရရ လိုချင် နေသော ငနဲပေါ့။ ဗလဖုထစ်တွေနှင့် ယောကျ်ားပီသသော သူ့





ရုပ်ရည်က ဆွဲဆောင်မှုတစ်မျိုးရှိနေ၏။ အရပ်ကတော့ သာမန်၊ အသားအရည်က နေလောင်၊ လက်ဖဝါးကြမ်းကြမ်းကြီးတွေနှင့်။

ဒေါ်မြရွှေက အောင်ဘုနှင့် သဘောတူနေ၏။ အောင်ဘုက လည်း နောက်သလို၊ ပြောင်သလိုနှင့် ယောက္ခမကြီးဟု ဒေါ်မြရွှေ ကို နောက်ပြောင်ခေါ်တတ်၏။ ဒီဒီက ထထ,ပြောပြီး တုတ်ပစ် လိုက်မှ မခေါ်ရဲတော့။ ဒီဒီ အပေါက်ကြမ်းလွန်းသဖြင့် ဒီဒီ့ကို လိုက် ကြည့်၊ လိုက်ကြိုက်နေသော ငနဲသားတွေ အနားမကပ်ရဲကြခြင်း ဝင်။

သမာမိပိုးပိုးနေသော လူကြီးတစ်ဦးဆိုလျှင် ဒီဒီ့အနားကို ချဉ်းကပ်နေ၏။

"ညီ ... ညီမလေး"

"ဘာတုန်း ... "

"အောင်မလေး ... ဖြည်းဖြည်းအော်ပါ အစ်ကိုကြီးလန့်သွား တာပဲ ... နှလုံးရောဂါအခံရှိလို့ပါ"

"ရှင့်အသက်အရွယ်နဲ့ အစ်ကိုကြီးလာလုပ်နေသေးတယ် ကျွန်မကိုခေါ်တာ ... ဘာပြောချင်လို့လဲ"

"ပြောမယ့်စကားတွေတောင် ညီမလေးကို လန့်ပြီးမေ့ကုန် ပြီ ... ဘာမှ မဟုတ်တော့ပါဘူးကွယ် ... စိတ်မရှိပါနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့် ... လူကို ဘာမှတ်နေသလဲ မသိဘူး ... အသက်ကြီးလို့ ကြည့်နေတာ ... ကျန်တဲ့ကောင်ဆို ပါးရှစ်စိပ်ကွဲသွားပြီ"

အဲဒီလူကြီးတစ်ချိုးထဲ လစ်သွားတာ ပြန်ပေါ်မလာတော့။ ငွေကြေးတတ်နိုင်သည့် မုဆိုးဖို၊ တစ်ခုလပ်ကြီးတွေရန်က တစ်မျိုး။ ငွေရှင်နေသူတွေက မယားငယ်ထားချင်သည်က တစ်မျိုး၊ နှာဘူးအမျိုးမျိုးကို ဒီဒီရှောင်ရှားနိုင်ခဲ့၏။ အောင်ဘုကတော့ အမေ့ကို ဘာမဆို ကူလုပ်ပေးနေလို့ ချွင်းချက်ပေါ့ ... နို့မို့ကတော့ အော်လိုက်လို့ လွင့်သွားမယ်မှတ်။

* * *

အခန်း (၃)

"တီ ... တီ"

ဟွန်းသံကြား၍ လမ်းဘေးကပ်လျှောက်ပေးလိုက်၏။ ကားက ကျော်မတက်ဘဲနှင့် ...

"တီ ... တီ တီ ... တီ တီ"

လမ်းဘေးက မိန်းကလေးကို အပျော်ရမလားလို့ လာကြံပုံရသည့်ကြားကို ဒီဒီလှည့်ကြည့်လိုက်၏။ နဂါးမျက်စောင်းနှင့် ...

ကားမောင်းသူကို မြင်လိုက်ရသောအခါ ဒီဒီရဲ့မျက်စောင်းတွေဘဲ အရည်ပျော်သွားရတော့၏။ ကားမောင်းလာသူက ရဲရွှမ်းသတ္တိ ကားပေါ်ကလက်ပြပြီး ကားရပ်ကာဆင်းလာ၏။ တကယ့်ရွှေမင်းသားလေးပါပဲ ... ရှင်းသန့်မွေးပျံ့ချောမောနေ၏။

"လှူလည် ပန်ကာမ ... ခင်ဗျားလေးနဲ့ ကျွန်တော်မျိုး ဆွေး



www.burmeseclassic.com

www.burmeseclassic.com



နွေးပြောဆိုစရာရှိလို့ ကားပေါ်ခဏတက်ပါ ... နားအေးပါးအေး စားသောက်ဆိုင်မှာ စကားသွားပြောကြမယ်လေ"

"ရှင်ကဘာလဲ ... လူကို 'တုံးအေမျှး ထင်နေသလား ဒီဒို့ကို အမြင်ကပ်တဲ့ပုဒ်မနဲ့ ကားပေါ်တင်ပြေးမလို့ မဟုတ်လား သွားစမ်းပါ အကြံယုတ်တွေ သံငှတ်နဲ့ သမိုင်းဆိုးမှာ ရိုက်ချွန်ထားခဲ့ လိုက် ... "

"အောင်မာမာ ... မင်းကို ကားတင်ခိုးပြေးပြီး ငါက ဘာလုပ်ရမှာလဲ ... ကဲ ပြောစမ်းပါဦး ... လန့်ထွက်နေတဲ့ဟာမ လေးရဲ့"

"ပြောလို့ရမလား ... လူကုန်ကူးပြီး တစ်ဖက်နိုင်ငံတွေကို ရောင်းစားချင်စားမှာပေါ့ ... ရှင်တို့က ဘယ်နည်းလမ်းတွေနဲ့ တော နေမှန်းမှ မသိတာ"

"မင်းက ငါ့စီးပွားရေးကိုပါ ထိခိုက်ပြောလာပြီ ... ငါ့မျက်နှာ ကို သေချာကြည့်ထား ... ဒါ လူကုန်ကူးတဲ့ ရုပ်မျိုးလား ... မင်း မျက်လုံး မမွဲသေးပါဘူးနော်"

"ပြောလို့ရမလားဗျ ... လူဆိုးလူမိုက်ဆိုတာ ချိုပါတာမှ မဟုတ်တာ ... ခင်ဗျားက ဘလိုင်းကြီး ကားပေါ်ခေါ်တင်နေတာ ဒီက ဘယ်လိုနားလည်ပေးရမှာလဲ"





"ကောင်းပြီ ... ကြံဖန်ပြီး မာန်တက်နေတဲ့ဟာမလေး ... ဟိုရှေ့က အအေးဆိုင်မှာ ခဏထိုင်မယ် ... စကားပြောကြမယ် မင်းခေါင်းပေါ်ရွက်ထားတဲ့ အထုပ်ကြီးခဏချနားလို့ရတယ် ဘာတွေ ရွက်လာတာလဲ"

"ပန်းဂေါ်ဖီထုပ် ... မနက်ရောင်းဖို့ ကားပေါ်မှားပါသွားလို့ ယုဇနဥယျာဉ်မြို့တော်အထိ လိုင်းကားအဆင့်ဆင့်စီးပြီး လိုက်ယူ လာတာ ... အခု ရပ်ကွက်ထိပ်ရောက်ပြီ ... အထဲကို တော်တော် လျှောက်ဝင်ရဦးမှာ ... ရှင်က အအေးတိုက်မလို့လား ဒီမှာ မောလာ တာ"

"တိုက်မှာပေါ့ ... ကြိုက်တဲ့အအေးသောက်"

"ဒါဆိုလဲ ... ထိုင်ကြတာပေါ့ ယီးတီးယားတားစကားတော့ ပြောဖို့မစဉ်းစားနဲ့နော် ... ပန်းဂေါ်ဖီထုပ်နဲ့ လိုက်ထုမှာ အထုခံရဖန် များရင် အတိတ်ပါမေ့သွားနိုင်တယ် ... ပေါက်တယ်နော် ... သဘောကိုပြောတာ"

"ပေါက်တယ် ... မင်းသွားနှင့် ငါနောက်ကလိုက်လာမယ် ကားပေါ်အထုပ်တင်မလား"

"အလကားနေရင်း ကျေးဇူးတင်နေရဦးမယ် ... ကိုယ့်ဘာ သာ ကိုယ်လျှောက်မယ် ... အအေးသောက်တာတောင် ရှင်ဒကာခံ



www.burmeseclassic.com

www.burmeseclassic.com



ချင်နေလွန်းလို့ ... ဒါနလေး မြောက်သွားအောင် သောက်ပေးရတာ”

ရဲစွမ်းသတ္တိ သူနဖူးသူ ဖိတ်ရိုက်ပြီး မယ်မင်းကြီးမလေးကို ဆလံအခါခါ သလိုက်မိတော့၏။

✲✲✲

လိမ္မော်ဖျော်ရည်ကို ဒီဒီသောက်၏ စွမ်းက ကိုကာကိုလာမှာသောက်သည်။ အအေးတစ်ဝက်ခန့် ကုန်သွားသောအခါ ...

“ကိုယ့်မှာ အဖေနဲ့အမေရှိတယ် ... ကိုယ့်အဖေက စီးပွားရေးလုပ်ငန်းရှင် ဦးအောင်မြင့်ချမ်းသာလို့ခေါ်တယ် ... ချမ်းသာတယ် ကိုယ်နဲ့အမေက မိုနိုပေါ့ ... ကိုယ့်အဖေက နောက်မိန်းမယူပြီး အိမ်ထဲမှာ နှစ်ယောက်ပေါင်းတယ် ... ကိုယ်မွေးပြီးစ အချိန်ကပေါ့”

“ဟင်း ... ရှင့် အဖေကလည်း မမိုက်ပါဘူး ... မြန်မာ့ထုံးတမ်းလေ့ကို ရိုက်ချိုးတာပဲ တစ်အိမ်ထဲမှာ အတူထားတာတော့ လွန်လွန်းအားကြီးတယ် ... ရှင့်အမေကိုက ညံ့တာ လက်မခံဘူး ဝုန်းဒိုင်းကျဲပစ်ရမှာ ... ဒီဒီနဲ့ နေရာချင်းလဲပစ်လိုက်ချင်တယ်”

“ငါ့အမေက အနေအေးတယ် ... မင်းလို မစွာဘူး ... သည်းခံနေတယ် ... မယားငယ်က ရောင့်တက်တယ် ... အိမ်မှာဆို





သူဗိုလ်ပဲ ... အဖေ့မျက်နှာကြောင့် အမေက ဘာမှမပြောဘူး ... အလိုက်အထိုက်ပဲ ဆက်ဆံတယ် ... မယားငယ်မက သမီးတစ်ယောက် သားတစ်ယောက် ... တစ်နှစ်ပဲခြားပြီးမွေးတယ် ... ကိုယ်နဲ့ဆို ဖအေတူ မအေကွဲ ညီမ၊ ညီတွေပေါ့ ...”

“ရှင့်အဖေက မယားကြီးနဲ့ သူ့သားဖြစ်တဲ့ ရှင့်ကိုရောချစ်ရဲ့လား”

“ချစ်ပါတယ် ... အဖေက အကုန်ချစ်တယ် ပလီပလာကတ်ပြီး ချွဲတတ်တဲ့ မယားငယ်မကိုတော့ အချစ်ပိုတာပေါ့ ... သူ့သမီးနဲ့ သားကလည်း သူ့အမေအတိုင်းပဲလေ ... ကိုယ့်တို့သားအမိကတော့ ဖာသိဖာသာပဲ ... ပြဿနာ မဖြစ်အောင် ရှောင်တိမ်းနေလာခဲ့တာ ... ဒီနေ့အထိပဲ ...”

“ရှင်တို့ဇာတ်လမ်းကလည်း စိတ်ဝင်စားဖို့ကောင်းသားပဲ ဆက်ပြောပါဦး”

“ကိုယ်က ဖအေတူ မအေကွဲညီမထက် (၂)နှစ်ကြီးတယ်၊ သူတို့လည်း အရွယ်ရောက်လာကြပြီ ... မောင်နှမချင်း ချစ်ခင်နေပြီဆိုရင် သူ့အမေက သွေးထိုးပြီးခွဲတော့တာပဲ ... အဲဒါဆို ညီမရော ညီရော ကိုယ့်ကိုမကြည်မလင်ဖြစ်ပြီး မုန်းမုန်းသွားကြတယ် ... မကြာခဏပဲ အဲလိုနဲ့နေလာခဲ့ကြတာ ... လွန်ခဲ့တဲ့ (၆)လလောက်



www.burmeseclassic.com

www.burmeseclassic.com



က ကိုယ့်အဖေ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်တယ် ... 'ကိုမာ'ရောဂါဖြစ်ပြီး အိပ်ရာထဲလဲနေတယ် ... စကားမပြောနိုင် မဟုနိုင်ဘူး ... စပါယ်ရှယ်နပ်(စ်) နေ့ရောညရောငှားပြီး ပြုစုကြရတယ် ... ကိုယ့်အမေက တစ်လှည့် ကိုယ့်မိထွေးကတစ်လှည့် စောင့်ကြည့် ပြုစုပေးခဲ့ကြတယ် ... အဲဒါ လွန်ခဲ့တဲ့ သုံးလလောက်ကစပြီး ကိုယ့်မိထွေးက ကိုယ်တို့သားအမိကို နည်းမျိုးစုံနဲ့ ပြဿနာရှာတော့တယ်"

"နောက်မှ ရောက်တဲ့သူက အဲဒါ တမင်လှုပ်ါးဝတာဝဲ ... ရှင်က ဘာလို့ငြိမ်ခံနေတာလဲ ... "

"အဖေနဲ့ အမေ စိတ်ဆင်းရဲမှာစိုးလို့"

"သူတို့ကရော အဲ့လိုငဲ့ကွက်လို့လား"

"သူတို့က အတုသိုလ်မကြောက်တဲ့ သူတွေလေ ... ကိုယ်တို့ အိမ်မှာ ခန့်ထားတဲ့ အိမ်ဖော် ... ဒါရိုင်ဘာ ခြံစောင့်ကအစ သူတို့က စည်းရုံးသိမ်းသွင်းထားတာ ... ကိုယ်တို့သားအမိဆိုရင် အလုပ်သမားတွေက ဘာမှကို မလုပ်ပေးဘူး ... ဂရုလည်းမစိုက်ဘူး ... သူတို့ကိုတောင် ပြန်ကြောက်ရမလို ဟိန်းလားဟောက်လားနဲ့ လုပ်သေးတယ် ... အတော်ခံရခက်တယ် ... ကိုယ်နဲ့ရန်ဖြစ်ရတာပေါ့ ... အဲလိုဖြစ်တော့ မိသားစု အမွေထိန်းရှေ့နေကြီးကို မိထွေးနဲ့





သားသမီးတွေက ဝိုင်းတိုက်ကြတယ် ... ကိုယ်ကမကောင်းဘူး ဖခင်ကြီးဒီလောက် အသဲအသန်ဖြစ်နေတာကို နားမလည်ဘူး ... အလုပ်သမားတွေနဲ့ ရန်ဖြစ်တယ်ပေါ့ ... လုပ်ကြံတိုင်တန်းကြတာလေ ... ရှေ့နေကြီးကလည်း အစကတော့ မယုံဘူး ... နောက်တော့ တိုက်ပါများတော့ သစ်ငုတ်တိုတောင် နဲ့သေးဆိုသလို တစ်မျိုးဖြစ်သွားတယ် ... "

"ရှင်တို့သားအမိကလည်း အတော်ကံဆိုးတာပဲ ... ဒီဒီနဲ့ နေရာချင်းလဲပစ်လိုက်ချင်တယ် ... အသည်းယားရင် ကုတ်ခွဲကုန်းကိုက်ဝစ်မယ် ... ဟွန့် ... "

"အဲဒါတွေကြောင့် အခု ... ဒီဒီ့ကို စစ်ကူလာတောင်းရတာပေါ့ ... "

"ဘာရယ် ... "

"စစ်ကူလေ ... တစ်လကို နှစ်သိန်းခွဲပေးမယ် ... အိမ်မှာ လာနေပေး ... ကိုယ်အပြင်သွားတဲ့အခါ အမေနဲ့နေပေး ... ကိုယ်တို့ မိသားစုကို စောင့်ရှောက်ကာကွယ်ပေး ... ဒီဒီက အမေရဲ့တူမ ကိုယ့်ရဲ့ညီမဝမ်းကွဲ မုတ္တမသူပေါ့ ... အမေ့ရဲ့အမျိုးတွေက အဲဒီဘက်မှာ ရှိတယ်လေ ... "

"ဪ ... ရှင်ကလဲ ဘာအလုပ်ကြီးမှန်းမသိဘူး ... ရှင်ပြော



www.burmeseclassic.com

www.burmeseclassic.com



တဲ့ လစာကမကိလောက်ပါတယ် ... ကျွန်မက လူမိုက်လုပ်ပြီး သူတို့ကို ရန်တွေ့ပေးရမှာပေါ့ ... အဲဒါမျိုးကြီးလား"

"လူမိုက်အလုပ် မလုပ်ပါဘူး ... လူမိုက်ဆိုတာ သူများကို သွားစော်ကားတာ ... ဒီဒီက သွားစော်ကားစရာမလိုဘူး ... သူတို့ကစော်ကားလာရင် ကာကွယ်ပေးဖို့ပါ ... အမှန်တရားဖက်က ရပ်တည်ပေးဖို့ပါ ... "

"ကြိုက်သွားပြီ ... ဒီဒီတို့ကလည်း မဟုတ်ရင် မခံဘူး ... အဲ့လို လူပါးဝပြီး လူပေါ်လူဇော်လုပ် ... အနိုင်ကျင့် ဗိုလ်ကျတဲ့ဟာမျိုးတွေကိုမှ အလဲဖြိုချင်တာ ... နောက်ကသာပိုက်ဆံထုတ်ပိုက်ပြီး လိုက်ရှင်းပေး ... အပြတ်ကစ်ဆော်ပြမယ် ... မေဒီမိုတဲ့ စစ်မှန်တဲ့ လူသားအခွင့်အရေးကို မစော်ကားနဲ့ ... နားကားပြီး ဒုက္ခတွေ ပွားများသွားမယ်မှတ် ... "

"ကျေးဇူးတင်ပါတယ် ဒီဒီ ... စရံငွေတစ်သိန်းချခဲ့မယ် ... ဖြစ်နိုင်ရင် မနက်ဖြန်အလုပ်ဆင်းပါလား ... လိပ်စာကဒ်ယူထား"

"လိပ်စာကဒ်နဲ့ မလာတတ်ပါဘူး ... ရှင်ကိုယ်တိုင်လာကြို မနက် (၁၀)နာရီ အမေနဲ့တိုင်ပင်ပြီး လိုက်ဖို့ အဆင်သင့်ပြင်ထားမယ်"

စွမ်းမျက်နှာလေး ဝင်းပကြည်လင်သွား၏။ ဒီဒီကို အားကိုး





တကြီး လာခေါ်မှတော့ ... လိုက်ပြီးသား။ ငွေကိုလက်ခံယူထားလိုက်၏။ ငွေတစ်သိန်းဆိုတာ နည်းတာမှတ်လို့ ဒီဒီတို့ တစ်လလုံးဈေးရောင်းတာတောင် တစ်သိန်းမစုမိဘူး ... ကော်ပေါက်ပွပေါက်တော့ တိုးပြီ ... တစ်လနှစ်သိန်းခွဲ ဆယ်လလောက်လုပ်ရင် နှစ်ဆယ့်ငါးသိန်းကြီးတောင် ... အမေ့ကို ရွှေဆွဲကြိုးကြီးဆင်ပစ်လိုက်ဦးမယ် ရဲစွမ်းအအေးဗိုးရှင်းပြီး နှုတ်ဆက်ပြန်သွားသည်အထိ ဒီဒီ ပီတိဝေဖြာပြီး လှပသော ရှေ့ရေးအတွေးတွေနှင့် သာယာမျှောနစ်ကျန်ရစ်ခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

"ဟဲ့ ... သမီး စဉ်းစားဦးနော် ... နင့်ဟာက ဗိုက်အငှားနဲ့ စားထိုးခံနိုင်းတာမျိုးကြီးပဲ"

"အမေကလဲ ... တစ်ဖက်ကလည်း လုပ်ရဲမလား"

"တစ်ဖက်က အိမ်ဖော်တွေ ခြံစောင့်တွေ ဒရိုင်ဘာတွေဆိုတော့ အုပ်စုတောင့်တာပေါ့ ... "

"မကြောက်ပေါင် ... သမီးဖြစ်ရဲတယ် ... ကိုယ့်ဖက်က မှန်နေဖို့ပဲ အရေးကြီးတယ် ... တရားဥပဒေက မှန်တဲ့ဘက်အနိုင်ပေးတာ သမီးကြည့်လုပ်တတ်ပါတယ် ... အခိက က ငွေရှိပဲ ဆယ်လဆို နှစ်ဆယ့်ငါးသိန်းရမှာ ... သမီးတို့ ဆယ်နှစ်စုလို့တောင် မရနိုင်တဲ့ ပိုက်ဆံ လုံးလည်ချာလည်လိုက်နေတဲ့ဘဝကို စိတ်ကုန်ပြီ ... သူများတွေလို ဝတ်ချင်စားချင်တယ် ... အမေ့ကိုလည်း ရွှေခွဲကြိုးကြီးနဲ့





မြင်ချင်တယ်"

"ကွယ် ... အမေက မဝတ်ရလည်းအကြောင်းမဟုတ်ပါဘူး သမီးဝတ်ဖို့အရေးကြီးပါတယ် ... အေးလေ ... ငါ့သမီး စိတ်အားထက်သန်နေမှတော့ အမေ မတားတော့ပါဘူး ... အမေ့အတွက်မပူနဲ့ ဘေးအိမ်က ခင်မာချိုကို နေ့စားနဲ့ခေါ်ထားလို့ရတယ် ... သမီးကို လူတွေက မေးရင် ဘယ်လိုဖြေရမလဲ"

"ရွာတေးမ အလုပ်ရသွားပြီလို့ ... ဘာအလုပ်လဲဆိုတော့ သူဌေးမကြီးရဲ့ လူယုံတော် ... အကြံပေးကိုယ်ရံတော် အဲလိုသာ ပြောလိုက် ... "

"အေးပါ ... ဒီတစ်သိန်းက ဘာလုပ်ခဲ့မှာလဲ"

"အမေသုံးချင်တာ သုံးဖို့ ယူထားလိုက် ... "

သားအမိနှစ်ယောက် ဝမ်းသာလွန်း၍ အိပ်မပျော်နိုင်။ တစ်လတစ်ခါ ဆက်သွယ်ဖို့မှာကြား၏။ နောက်တစ်နေ့ မိုးလင်းသောအခါ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ သုံးခေါက်ရွတ်ဆိုပြီး မျက်နှာသစ်လိုက်၏။ ဒီဒီ မနက်မျက်နှာသစ်တိုင်း၊ အိပ်ယာဝင်တိုင်း သရဏဂုံတင်ထားတတ်၏။

မနက်စာချက်ပြုတ် စားပစ်၏။ မိခင်ကြီးကို တစ်ရက်တာ စျေးမထွက်နိုင်း။ မနက်ဆယ်နာရီထိုးသောအခါ ဒီဒီလမ်းညွှန်ပြာ



www.burmeseclassic.com

www.burmeseclassic.com



ထားသည့်အတိုင်း စွမ်းရဲ့ကားကြီး လမ်းထဲဝင်လာ၏။ ဟိုမေး ဒီမေးနဲ့ပေါ့ ... ဒီဒီက အဝတ်အိတ်နှင့် အိမ်ရှေ့မှာ ခါးထောက်ရပ်နေလိုက်၏။ ဒီတော့မှ ကိုယ်တော်ချော မြင်တော်မူ၏။

ဒီဒီအမေနှင့်ဝင်ရောက်ပြီး စကားအနည်းငယ်ပြောဖြစ်ကြ၏။ ဒေါ်မြရွှေက ...

"မင်း ညီမလေးလို စောင့်ရှောက်ပါကွယ် ... သမီးလေးက စိတ်ရင်းကောင်းပေမယ့် အပေါက်ဆိုးတယ် ... "

"စိတ်ချပါ အန်တီ ... မဲ့တစ်ပေါက် မစွန်းစေရပါဘူး"

လူကြီးကို ခွင့်ပန်ပြီးခေါ်လာလိုက်၏။ ဒီဒီကတော့ ပျော်ပွဲစားထွက်သလို သဘောတွေကျလို့ စွမ်းကတော့ ခပ်မဆိတ်ပင်။

"ရှင် ဘာဖြစ်လာတာလဲ ... မျက်နှာလည်းမကောင်းဘူး"

"ဒီမနက်က ကိုယ့်အမေ ခြံထဲဆင်းပြီး နှင်းဆီပန်းခူးတာ ဘုရားကပ်မလို့ ... အဲဒါ မိထွေးက အိမ်ဖော်လွှတ်ပြီး ပြောဆိုခိုင်းတာ အိမ်ဖော်ပြောနေတာက စော်ကားတာတွေပါတယ် အမေက ပြန်ရှင်းပြီး တော်ကြဖို့ပြောတယ် ... မရဘူး ... ကိုယ်ဝင်ပြောတော့ အိပ်ဖော် ဒေါ်ရင်မေကြီးက ပိုဆိုးပြီး ကိုယ့်ကိုတောင် လက်ပါချင်လာတယ် ... ကိုယ်လည်း ဆောင့်တွန်းပစ်ခဲ့တယ် ... အဲဒါ ရဲစခန်းသွားတိုင်မယ် သူ့ကို ဗလက္ကာရ လုပ်ပါတယ်ဆိုပြီး ကလိန်စွေညာတ်





ဆင်တိုင်မယ်တဲ့ ... မိထွေးကိုယ်တိုင် ဒေါ်ရင်မေကြီးကို ကားနဲ့တင်ပြီး ရဲစခန်းမောင်းသွားကြတယ် ... ကိုယ်တော့ သူတို့ထောင်ချောက်ထဲ ပိတ်မိပြီနဲ့တူတယ် ... "

"ဒါများ ဘာမှမစိုးရိမ်နဲ့ ဒီဒီရှင်းပေးမယ် ... စွမ်းတို့ အိမ်ရောက်အောင်သာ အမြန်မောင်း တရားဥပဒေကို လက်တစ်လုံးခြားလှည့်ရင် ဒီဒီကလည်း ဂျင်လိုလှည့်ပစ်လိုက်မယ် ... တွေ့ကြသေးတာပေါ့"

စွမ်း မျက်နှာလေး ပြန်ကြည်လာ၏။ ကားကို အရှိန်တင်မောင်းလိုက်၏။ ဒီဒီ စဉ်းစားခန်းဝင်သွား၏။ မိန်းမညာဏ်တွေထုတ်သုံးပြီလေ။ မာယာမူယာ များသူတွေကို ဒီဒီ ဘယ်လိုပြန်တိုက်မလဲ။

စွမ်းက ရင်တုန်ပန်းတုန် စောင့်ကြည့်နေမိ၏။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

ဆိတ်ငြိမ်ရပ်ကွက်ကြီးအတွင်း အနည်းငယ်ဝင်လိုက်ရုံနှင့် စွမ်းတို့ခြံဝန်းကျယ်ကြီးထဲ ရောက်သွား၏။

ခေါက်ထားသော အိမ်ပုံစံမှာ အနောက်တိုင်းဆန်လှ၏။

နှစ်ထပ်အိမ်ကြီးက ခေတ်မီသားနား ထည်ဝါခန့်ငြားလှ၏။

အတော်လေးကို ချမ်းသာကြွယ်ဝကြမှန်း သိသာသည်။

အိမ်ဘေးဘက်က ကားဂိုဒေါင်ထဲမှာပင် ဇိမ်ခံကားကောင်းကားသန့် ခြောက်စီးခန့်ရှိ၏။

အိမ်ရှေ့မှာ ပန်းခြံ၊ ရေကူးကန်၊ ဂေါက်လေ့ကျင့်ကွင်း၊ စကိတ်လေ့ကျင့်ကွင်း၊ ဂျပန်မြက်ခင်းပြင်၊ အလှမွေးငါးကန်တွေ ပါဝင်၏။

အိမ်ရဲ့ပေါ်တီကိုပုံစံက အပေါ်ကိုလွင့်ပျံနေသလို ဒီဇိုင်းဆင်





ထား၏။

ခြံတံခါးဖွင့်ထားချိန်မို့ ဝင်ရတာလွယ်ကူသွား၏။

စွမ်းက ...

"ဒေါ်မီးမီးထွက်မှာမို့ ခြံတံခါးအဆင်သင့်ဖွင့်ထားတာ ... ကိုယ်သာဆို ကိုယ့်ဘာသာခြံတံခါးဆင်းဖွင့်ရမှာ ဒေါ်မီးမီးဆိုတာ ကိုယ့်ဖေဖေရဲ့ နောက်မယားလေ"

"ဪ ... "

စွမ်းရဲ့ကားပေါ်က အဆင်း ကားဂိုဒေါင်ထဲက မာစီဒီးကား နက်ကြီးထွက်လာ၏။

စတေကာမှန်နက်တွေကာရံထား၏။

အထဲကို လှမ်းမမြင်ရ။

အထဲကတော့ စွမ်းနဲ့ ဒီဒီကို မျက်လုံးကျွတ်ကျမတတ် ရှိုးသွားမှာပင်။

ဒီဒီကလည်း ကားနက်ကြီးဘေးမှအဖြတ် သူမရဲ့ ဆံပင်တွေကို ဝဲခါပြီး ဂရုမစိုက်သည့် အိုက်တင်ဖမ်းလိုက်၏။

ကားထဲက လူလှမ်းကြည့်နေလျှင်လည်း တွေ့သွားအောင် ဖြူးပြပစ်လိုက်၏။

သူတို့ထက် ပိုပြောင်နိုင်မှလေ။



www.burmeseclassic.com

www.burmeseclassic.com



ကားထွက်သွား၏။

အိမ်ထဲက ထွက်လာသော ရှယ်တူကောင်လေးနှင့် ကောင်မလေး နှစ်ယောက်လုံးက အပျိုစားတွေဝတ်စားထားကြ၏။

အနောက်တိုင်းဝတ်စုံ ဒေါက်ချွန် ပင်ဆဲလ်ဟီးဖိနပ်နှင့် ကောင်လေးကလည်း ရက်(ပ်)ပါစတိုင်လ်နှင့် အရမ်းလန်းနေ၏။

ဒီဒီကလည်း သူမတို့ကို ရှိုးသလို သူမတို့ကလည်း ဒီဒီကို အသေအချာ စူးစိုက်ကြည့်လာ၏။

အေးချင်းယှဉ်ဖြတ်သွားတော့ နှစ်ယောက်လုံး သရော်ပြုံးတွေနှင့် နှာခေါင်းရှုံ့သွား၏။

ဒီဒီ အဝတ်အစားက သူတို့လောက် တန်ကြေးမများ။

ရေမွှေးအကောင်းစားလည်း မဆွတ်နိုင်။

ဒီဒီကို အနိမ့်စားဆိုပြီး လုပ်သွားကြတာလေ။

စွမ်းကတော့ မသိမသာလှမ်းကြည့်နေ၏။

ကောင်လေးနှင့်ကောင်မလေးက တင်းနစ်သွားရိုက်မလို့ ပုံစံတွေနှင့်။

ဝတ်စုံပါ၏။

ဘတ်တံအိတ်ကိုယ်စီလွယ်ထားကြ၏။

ကားဂိုဒေါင်ရှေ့မှာ အသင့်စောင့်နေသော ကားပေါ်တက်တဲ့ အထိ လှမ်းကြည့်နေကြသေး၏။



ဒီဒီက သူတို့ကို စေ့စေ့ပြန်ကြည့်ပြီး ...

"ဟား ဟား ဟား"

ခပ်ဟားဟားလေး လှောင်ရယ်ပစ်လိုက်၏။

သူတို့မျက်နှာတွေ ချက်ချင်း စူပုပ်သွားကြ၏။

ဒီဒီက နှာခေါင်းပွတ်ပြီး မေးဆောင့်တိုးကာ မျက်စောင်းပစ်ထိုးပြီး မျက်နှာလွှဲနေလိုက်၏။

သူတို့ကား မောင်းထွက်သွားသောအခါ ...

"အဲဒါ ... ဒေါ်မီးမီးရဲ့သမီး ရွှေပုလဲသွယ်နဲ့ သားနေဗလ မောင်ဆိုတာပေါ့ ... "

"ထင်သားပဲ ... သူတို့ဆိုတာ ... "

"ဒီဒီကို ကြိုမှာချင်တယ် ... ဒီဒီက လိုက်ရန်စသလိုဖြစ်နေရင် နှစ်ဖက်ဖောင်းဖြစ်ပြီး ရှင်းရပိုခက်တယ်နော် ... ခွင်ကျော်မှ တမင်ဆော်လို့ကောင်းတာ ... ဒီဒီ နပ်ပါတယ်"

"နပ်ပါတယ် အေးဆေးပါ ... အဲဒီအဆင့်နဲ့ တက်မလာနဲ့ ကောက်ထုပစ်လိုက်မယ်"

"ကဲ ... အိမ်ထဲမှာ ကိုယ်မေမေရှိလိမ့်မယ် ... သူကားပြန်ရောက်နေပြီ ... ဆေးရုံကပြန်လာတာလေ ... ဖေဖေ့ အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ်ကို ထပ်မေးကြည့်ကြတာပေါ့"

စွမ်းက ဟိုကြည့်၊ ဒီကြည့်နှင့် လိပ်ပြာမလုံဖြစ်ရ၏။

အိမ်ထဲဝင်လာစဉ် မျက်နှာပေါက်ဆိုးဆိုးနှင့် အဒေါ်ကြီးတစ်ယောက် ...

"ငါ့ကိုလုပ်တဲ့ကောင်ကို ရုံးတိုင်ထားတယ် စခန်းမှာတစ်ခါထဲ အမှုဖွင့်ချင်တာ ... ရုံးကျော်လုပ်လို့ မရဘူးဆိုတာနဲ့ ဟင်း ဟင်း"

စွမ်း ဘာမှမပြော ... ဒီဒီက ငုံ့ကြည့်ရင်း ...

"မတော်မတရား စော်ကားတဲ့အမှုဆိုရင် ရဲစခန်းမှာအမှုဖွင့်လို့ရတယ် ... ဒေါ်ကြီး အသက်အရွယ် ခြောက်ဆယ်လောက်ရှိပြီ စွမ်းက လူရှေ့မှာ အဲလိုလုပ်ပါ့မလား ... စဉ်းစဉ်းစားစားလဲပြောယုတ္တိရှိရှိလည်း တိုင်ဦး ... စွမ်းက အသရေဖျက်တဲ့ပုဒ်မနဲ့ ပြန်တိုင်ရင် စွမ်းလိုဂုဏ်သိက္ခာရှိတဲ့လူကို အသရေဖျက်တာ ရှင့်အတွက်ဘယ်လောက် အမှုကြီးတယ် မှတ်နေသလဲ စွမ်းက မကျေအေးရင် ရှင်ထောင်ထဲမှာ သွားနေရမှာနော်"

ဒေါ်ရင်မေကြီး မျက်လုံးပြူးကျယ်၊ ပါးစပ်ကြီးဟောင်းလောင်းဖြစ်သွား၏။

ပြီးမှ ဒေါ်သမျက်နှာနီကြီးနှင့် ...

"အမလေး နှုတ်သီးကောင်းလှချည်လား ဘယ်လိုအတန်းစားမျိုး





အိမ်ထဲခေါ်ခဲ့သလဲ မသိပါဘူး ... ပုံစံက ညစ်နွမ်း အပြောကလည်းကြမ်းပါ့"

"ဒီမှာ အဒေါ်ကြီး အဆင့်အတန်း စကားမပြောနဲ့ ဒေါ်ကြီးကရောဘာလဲ ... "

"ငါက အိမ်တော်ထိန်းလေ"

"အိမ်ဖော်ကိုများ စကားလှအောင်ပြောနေသေးတယ်"

"ဘာအိမ်ဖော်လဲ ... နင် ငါ့ကိုလာစော်ကားနေတာလားကောင်မစုတ်လေး"

"ကိုယ့်အသက်အရွယ်လည်း ကိုယ်အားနာဦး ... ဘာလို့ကျွန်မ အစ်ကိုဝမ်းကွဲကို မတရားတိုင်ချင်ရတာလဲ ... ကျွန်မအဒေါ်ကို အိမ်ရှင်အဆင့်က ဘာလို့စော်ကားရတာလဲ ... အဒေါ်နဲ့ အစ်ကိုက မပြောပေမယ့် ဒီနေ့ ကျွန်မရောက်လာပြီ ... ကျွန်မပြောမယ်သတ်လည်းသတ်ရဲတယ် သေလည်းသေရဲတယ် ... လုပ်ရဲရင် ခံရဲရတယ် ... စမ်းကြည့်လိုက်"

ဒေါ်ရင်မေကြီး တွန့်သွား၏။

ဒီဒီက ရှူးရှူးရှိုက်ရှိုက် တုန့်ပြန်ကြည့်ရင်း ကျလိကျလိနှင့်အံကြိတ်ပစ်၏။

စွမ်းက ဒီဒီလက်ကို အသာဆွဲခေါ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထက်မှာရှိသော မေမေ့အခန်းဆီ တက်လာလိုက်၏။

ဒေါ်မီးမီးတို့ သားအမိတွေက အောက်မှာနေကြ၏။

စွမ်းတို့ သားအမိတွေက အိမ်ဝေါ်မှာ ... နယ်စည်းခြားထားသလိုပင် ဖခင်ကြီးကောင်းနေတုန်းက အဲလိုမနေရဲကြ ... မချစ်သော်လည်း အောင့်ကာနမ်းဆိုသလိုခေါ်ပြောနေကြရ၏။

မိခင်ဖြစ်သူက ဘုရားခန်းထဲမှာသာ အနေများ၏။

ခန္တီစ သည်းခံခြင်းသည် မြတ်၏ဟူသော ဘုရားအဆုံးအမကို လိုက်နာကျင့်သုံးနေတတ်သူ။

ဝိန်ဝိန်ပါးပါး အရပ်ရှည်ရှည်နှင့် ခန္ဓာကိုယ်သေးသွယ်ပြီး တစ်ခေတ်တစ်ခါက လှပခဲ့မည်ထင်ရသော ဥပမိရုပ်ကောင်းသည့် အမျိုးသမီးကြီးကိုတွေ့လိုက်ရ၏။

အသက်အားဖြင့် လေးဆယ့်ငါးနှစ်ခန့်သာရှိဦးမည်။

တည်ငြိမ်အေးဆေးသော မျက်နှာနှင့်။

"မေမေ ... ဒါ ဒီဒီ မေဒီမိုလို့ခေါ်တယ်"

"ဪ ... မင်္ဂလာပါ သမီးရယ်"

"ဟုတ် ... မင်္ဂလာပါ ဒေါ်ဒေါ်"

"ဒီဒီ ဒါ ... ကိုယ့်မေမေ ဒေါ်သန္တာကြည် ... "

"မင်္ဂလာပါ ဒေါ်ဒေါ် ... ဒေါ်ဒေါ်ကိုတွေ့ရတာ သိပ်အေး





ချမ်းတာပဲ"

အားနွဲ့နွဲ့ကလေး ပြုံးပြရှာ၏။

အပေါ်ထပ် ဧည့်ခန်းဆောင်မှာ ထွက်ထိုင်ပြီး စကားပြောဖြစ်ကြ၏။

"ဒေါ်ဒေါ် သဘောကတော့ ရန်ကိုရန်ချင်း မတုန့်နှင်းချင်ပါဘူး ... သားကမရဘူး ကိုယ့်ဘက်က မမှားဘဲ ... ကိုယ့်ကို နောက်နောင် မစော်ကားရဲအောင် သမီးက စောင့်ရှောက်နိုင်တယ်ဆိုလို့ ဒေါ်ဒေါ်လည်း ခွင့်ပြုလိုက်ရတာ ... "

"ဘာမှ မယူပါနဲ့ ဒေါ်ဒေါ် ... ဒီဒီ တာဝန်ထားပါ ... ဒီနေ့ကစပြီး ဒီဒီက ဒေါ်ဒေါ့်တူမ အရင်းခေါက်ခေါက်ဖြစ်သွားပြီနော်"

"ကိုယ် တစ်ခုတောင်းဆိုချင်တယ်"

"ဘာလဲပြော ... "

"မီးဖိုခန်းပါ သူတို့က မောင်ပိုင်စီးထားတာ ကိုယ်တို့သားအမိ အပြင်မှာထွက်စားနေရတယ် ... နောက်နေ့ကစပြီး မင်းကိုယ်တိုင်ဈေးသွားပြီး ချက်ပြုတ်ပေးပါလား ... အဲလိုလုပ်ပေးလို့ ငါ အိမ်ဖော်လို့ မသတ်မှတ်ပါဘူးနော် ... ကူညီပေးတယ်လို့ပဲ ယူဆတယ်"

"ရပါတယ် ... ကျွန်မက ဆင်းရဲသူဆိုတော့ ကျွန်မကို ချက်



www.burmeseclassic.com

www.burmeseclassic.com



တတ်သလို ရှင်စားတတ်လို့လား"

"စားကြည့်သေးတာပေါ့ ... ဟုတ်တယ်နော် မေမေ"

"ဒါပေါ့ကွယ် ... ဒေါ်ဒေါ်လည်း ဝင်ကူပြီး ချက်နည်းပြုတ်နည်းတွေ ပြသပေးမှာပေါ့"

"ပို့အဆင်ပြေသွားတာပေါ့ ... စိတ်ချ မနက်ဖြန်ကစပြီး မီးဖိုခန်းကို ကျွန်မတို့ စ,သိမ်းပိုက်မယ် ... ခဏလေးနော်"

ဒီဒီက ကြက်မွေးဖြင့် လှေကားနားကိုဆင်းသွား၏။

လှေကားနားမှာ ချောင်းနားထောင်နေသော ဒေါ်ရှင်မကြီး တဘုန်းဘုန်း ဆင်းပြေး၏။

သူ့အပြစ်နှင့်သူမို့ ကြောက်အားလန့်အားနှင့် အသည်းအသန် ဆင်းပြေးရာ အရှိန်မထိန်းနိုင်ဘဲ ခြေချော်လဲကျသွား၏။

"အောင်မလေးတော် ... "

ဒီဒီပင် မကြည့်ရက်၍ မျက်နှာလွှဲနေလိုက်ရလေသည်။

* * *



အခန်း (၆)

ဒေါ်ရှင်မကြီး လက်ကျိုးပြီး နံရိုးတွေအက်ကုန်၏။ အိမ်ဖော်မလေး မဝင့်ဝါက လာပြေးထူ၏။

"အမလေး လက်နာတယ် ... အီးဟီဒ မထနိုင်တော့ဘူး ဟိုစုန်းမလေး ငါ့ကိုပြုစားလိုက်တာ ခြစောင့်ထူးနဲ့ မာလီမြမောင်ကိုသွားခေါ်ပေး ... ဆရာမမီးမီးဆီ ဖုန်းဆက်ပေး ... ငါ့ကို အထူးကုဆေးရုံသာ အမြန်ပို့ပေးတော့ လူနာတင်ကားလည်းခေါ်ပေး အား ကျွတ် ... ကျွတ်"

အိမ်ပေါ်က ဆင်းလာသော ဒီဒီက ...

"ကျွန်မကို ဘာလို့ စုန်းမလို့ပြောရတာလဲ ... ကျွန်မသာ စုန်းမအစစ်သာဆိုရင် အဒေါ်ကြီးလင်းတဖြစ်အောင်လုပ်ပစ်လိုက်တာကြာပြီ ... ကျွန်မတို့ စကားပြောနေတာကို လှေကားထိပ်နား



www.burmeseclassic.com

www.burmeseclassic.com



က ခိုးနားထောင်နေတာ ကျွန်မသက်ာလို့ လာကြည့်တော့ အလန့်တကြားနဲ့ ဆင်းပြေးရင်း ကိုယ့်ဘာသာ ခြေချော်ကျတာ ... ကျွန်မနဲ့ဘာဆိုင်လဲ ... အဒေါ်ကြီးရဲ့ မကောင်းတဲ့စိတ်ထား အဒေါ်ကြီးကို ဒဏ်ပြန်ခတ်လိုက်တာပဲ"

"အမလေး နာရတဲ့အထဲ ပြောတတ်ပ မတတ်ပလေးရယ် ရှင်နဲ့တုမပြောရဲပါဘူး ... အရှုံးပေးပါတယ် တော်ပါတော့"

ဒီဒီပြုံးပြီး လှေကားပေါ် ကြော့ကြော့လေး ပြန်တက်မည်ပြုစဉ် အသံကျယ်ကျယ်ကြီးနှင့် မဲမဲလုံးလုံး ကတုံးထောင်ကြီး အိမ်ထဲ ပြေးဝင်လာ၏။

"မမကြီး ... မမကြီး ဘာဖြစ်လို့လဲ ဘယ်သူလုပ်တာလဲ ပြောစမ်း ... ကျုပ်ကို"

ကျောက်ပေါက်မာသဲ့သို့နှင့် ကျောက်ရှူးကတုံးမဲတုံးတုံး ကောင်ကြီးက ဒီဒီ့ကို ရင်လိုစွာဖြင့် လှမ်းကြည့်ပြီး ဒေါ်ရင်မကြီးကို ဆွဲထူပေးနေ၏။ ခြစောင့်ငထူးဆိုသော ကောင်ပါဝင်လာ၏။ ရုပ်က ကြာကူလီရုပ်နှင့်။ အပေါ်ပိုင်းက လေဖောင်းရှမ်းလေမှုတ်ထားသလို ဗလဖောင်းကားကြီးနှင့် အောက်ပိုင်းက ရှုံးတွက်နေ၏။

"ဒေါ်ကြီးရင်မေ ဘာဖြစ်ဘာလဲ ... ကျုပ်လာပြီ ... ဒေါ်ကြီး





ကို ဘယ်သူဘာလုပ်ရဲသလဲ ... ကျုပ်တို့ရှိတယ်"

ဒေါ်ရင်မေက ဒီဒီတုန့်ပြန်ကြည့်နေ၍ ပြောရခက်နေ၏။

"လှေကားပေါ်က ပြုတ်ကျတာ" ဝင့်ဝါဆိုသော နှာခေါင်းအပေါ်လန်နေသည့် ညစ်ပတ်ပေစုတ်ကောင်မလေးက ဝင်ပြောလာ၏။

"ကျွန်မကတော့ တွန်းချခံရတာပဲထင်တယ် ... ဒေါ်ကြီးနဲ့ သူနဲ့နှစ်ယောက်ထဲရှိနေတာကိုး ..."

ဝင့်ဝါဆိုသော မိန်းမမှာ အတို့အထောင်ကလည်း တတ်သေး၏။ ရုပ်လည်း စုတ်ပြတ်သလို စိတ်လည်း စုတ်ပြတ်သပ်နေသည့် မိန်းမမျိုး။

"ဟဲ့ကောင်မ ... ငါတွန်းချတာ နင့်မျက်စိနဲ့ တပ်အပ်မြင်သလား"

"မမြင်လို့ပေါ့ ... မြင်ရင် ဆွဲလုပ်ပစ်ပြီ"

"လုပ်ရဲရင်လာလုပ်ကြည့်လေ ... နင်လိုဟာမမျိုးကို ကိုင်ဖြဲပြီး တစ်စစီဆုတ်ပစ်မယ် ... ကျက်သရေမရှိတဲ့ ရုပ်နဲ့ ... အတို့အထောင်လုပ်တတ်တဲ့ကောင်မ"

"အမလေး ... ဦးမြအောင် ကိုစော ... သမီးကိုပြောနေလိုက်တာ ရစရာမရှိဘူး ... သမီးတော့ တိုင်တော့မယ် ... ရှင်တို့က



www.burmeseclassic.com

www.burmeseclassic.com



ဘာပြုံးကြောင်ကြည့်နေတာလဲ"

"ခြော် ... အေး ပျော့ကောင်မလေး နင်မရှိင်းနဲ့ နင်ရောက်လာထဲက မုန်တိုင်းလုပ်နေတာ ... ငါတို့ကို ချဲလင်းမတောင်းနဲ့ဗျ အကုန်ရှုပ်ကုန်မယ် ဟင်း"

"ဒီမှာ ဦးကျောက်ရှူး"

"ဘာ ... ငါ့နာမည် မြင့်အောင် မှတ်ထား ... နာဘူး မြင့်အောင်ဆိုတာ ငါပဲ ..."

"ဘာမြင့်အောင်ပဲဖြစ်ဖြစ် စိတ်မဝင်စားဘူး ... အဖက်မလုပ်ချင်ဘူး ... မိန်းမနဲ့ ယောကျ်ား ရှင်ဝင်ပြောရင် ထောင်ထဲရောက်သွားမယ်"

"ဟ ... ရင့်လှချည်လား"

"ခပ်ရင့်ရင့်ပဲ ..."

မြအောင်ကြီး တိတ်သွား၏။ ထူးဆိုသော ကောင်က သူ့ကိုယ်သူ အိုက်တင်ပေးသော မျက်နှာကြော အကြည့်နှင့် ...

"အစွာလေးကိုမှ စောကြီးက အထာလေးနဲ့တွေ့ချင်တာ ဟဲ ဟဲ ဟဲ ဟဲ"

"ခွေးကောင် နင်ဘာစကားပြောတာလဲ ... နင့်လိုကောင်မျိုးကို ခြေဖဝါးအောက်တောင် မညှပ်ဘူး ... ထွီ ... နင့်လို အဆင့်တူ





ကောင်မတွေပဲ နင်ပြောလို့ရမယ် ငါ့ကိုလာမပြောနဲ့ နင့်ဆက်ပြောရင် ပြောကြည့် ... ထိကပါး ရိုက်ပါး ကာယအိန္ဒြေပျက်အောင် ပြောတယ်ဆိုပြီး ရဲစခန်းကို ဖုန်းဆက်လိုက်မယ်"

စောကြီး တွန့်သွား၏။ ဒေါ်ရင်မေကြီးကို ဆေးရုံပို့ဖို့ ပြင်ဆင်ကြလေသည်။ အနိုင်ရပြီး ပြန်တက်လာသော ဒီဒီကို စွမ်းက လက်မထောင်ပြ၏။ ဒီဒီကလည်း လက်မထောင်ပြလိုက်၏။ မိခင်ကြီးကတော့ ဘာမှ မပြော။ မပါချင်သည့် ပုံစံနှင့် ဘုရားခန်းထဲပြန်ဝင်သွား၏။ စွမ်းနှင့် ဒီဒီတို့အောင်ပွဲရနေမှု အပေါ်မှာ သဘောကျပြီး အားရပါးရ လက်ဆွဲနှုတ်ဆက်လိုက်မိကြလေသည်။

* * *

ဒေါ်မီးမီး ပြန်ရောက်လာသည်နှင့် သူတပည့်တပန်းတွေခံလိုက်ရသည့် အဖြစ်ကြောင့် ဒေါသအမျက် ချောင်းချောင်းထွက်ပြီး အိမ်ပေါ်ထပ်အထိ တက်လာကာ ရန်တွေ့တော့၏။ နောက်လိုက်အဖြစ် မိဝါ၊ မြအောင်၊ စောတို့နှင့်ပေါ့ ...

"ဘာကောင်မဖြစ်ဖြစ် ... ငါ့အိမ်ပေါ်မှာလာကြမ်းလို့ မရဘူး ထောင်ထဲဆွဲထည့်ပစ်လိုက်မယ် ... ဘာအောက်မေ့နေလဲ မသိဘူး"

ဒီဒီ ဧည့်ခန်းဆောင်ထလာပြီး ဒေါ်မီးမီးကို ရင်ဆိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အရပ် ငါးပေ မရှိသော ဒေါ်မီးမီးထက် ဒီဒီက လက်လေးလုံးခ
ပိုမြင့်နေ၏။ ဒီဒီကပိုလည်း တောင့်တင်း၏။ မီးမီးက မပိန့်တပိ
ရုပ်ရည်က အသက်လေးဆယ်ကျော်ကို အသက်သုံးဆယ်လော
ထင်အောင် အတင်းဆွဲချထား၏။

ပေါင်းတင်ရဖန်များလွန်း၍ မျက်နှာကြီးက ဖြူဖွေးပြီး မှ
ကြီးဖြစ်နေပြီး မျက်တောင်တုကြီးတွေနှင့် ဒေါ်သမျက်နှာဖြင့် မျ
လုံးကြီးပြူးကာ ...

"နင်လား ... သောင်းကျန်းနေတာ"

"ဟုတ်တယ် ... ဒေါ်ဘဲဥကြီး ဖြူဖြူဖွေးဖွေး လုံးလုံးမို့ ဘဲဥ
ခေါ်လိုက်တာ ... စိတ်ဆိုးရင်လဲသေလိုက် ... ရှင်းတယ် ပေါ
တယ်နော်"

"အမလေးလေး ... ငါ့ကိုများ ရာရာစစ ပုံစံက ဒုံးပျံ သော
ခွက်က လောက်တက်၊ အသေအချာကြည့်ရင် နေကြာစေ့လော
တောင် တန်ဖိုးမရှိတဲ့ ဟာမလေးကများ လာသေးတယ် ဟွန့်"

"ဂေါ်လီ တော်ကီနဲ့ အော်ဝီကျယ်တတ်ပြီး လာပွားမနေ
ရှင့်စကားလေထဲရောက်သွားရင် ပျောက်သွားရော ... လာမနိ
မယားငယ်ဘဝနဲ့ စိမ်ခံရတာထက်စာရင် လမ်းဘေးမှာ ပန်းဈေ
ရောင်းပြီး သမုဒ္ဒရာ ဝမ်းတစ်ထွာကို ရင်ဆိုင်ဖြေရှင်းနေတဲ့ မိန်းက





လေးဘဝက ပိုပြီးမြတ်တယ် ... ကျွန်မတို့က ရှင်ကြီးလို အမေပေး
တဲ့ ယာတစ်ကွက်ကို ထွန်ယက်စိုက်ပျိုးမစားဘူး ... မာန အလဲတင်
ပြီး ဝဋ်သီကွာတွေ မတ်မတ် စိုက်ထူထားတယ် ... ရှင် သဘော
ပေါက်"

ဒီဒီ့စကားကြောင့် ဒေါ်မီးမီး မခံမရပ်နိုင်အောင်ဖြစ်သွား၏။

"သန္တာကြည် ... ဟော့ သန္တာကြည် ..."

ဘုရားခန်းထဲက ဒေါ်သန္တာကြည်ကို မာရေကြောရေလှမ်း
ခေါ်လိုက်၏။ စွမ်းက

"ကိုယ့်ထက် လေးနှစ်လောက်ကြီးတဲ့သူကို အဲလိုမခေါ်သင့်
ဘူး ဒေါ်မီးမီး ..."

"အံမယ် ခေါ်တော့ဘာဖြစ်လဲ"

စွမ်းကို ပြန်ဟောက်နေ၏။ ဒီဒီက ...

"ပြောပစေ ... သူ့အကုသိုလ်နဲ့သူသွားလိမ့်မယ် ...
မှတ်ထား အမိယုတ်တော့ နွားကြမ်းတယ်၊ အဖယုတ်တော့ ရုပ်
ကြမ်းတယ်တဲ့ ... သူ့မိဖရိုက် သူဖော်ပြနေတာလေ"

"အောင်မာ ကောင်မစုတ်လေး ငါ့ကိုများ စော်စော်ကား
ဟဲ့ ... မြအောင်နဲ့ ငစော ... ဒီကောင်မလေးအပေါက်ကို ပိတ်ပေ
လိုက်စမ်း ... မိဝါ နင်ပါဝင်လုပ် ... ဖြစ်လာသမျှ ငါရှင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီဒီက စားပွဲပေါ်က ကတ်ကြေးကို တွေ့၍ ဆတ်ခနဲ ကောက်ယူလိုက်၏။ အနားတိုးလာမည့် မြအောင်နှင့်ငစောတို့ တွန့်ခနဲဖြစ်ကုန်ကြ၏။ စွမ်းက

"ကျွန်တော် ရဲစခန်းဖုန်းဆက်လိုက်မှာနော်"

"နင့်ကောင်မ စော်ကားနေတာ နင်ဘာလို့မတားတာလဲ ဟင် ငါ့သမီးအရွယ်လောက်က ငါ့ကိုစော်ကားနေတာ ... နင် ရပ်ကြည့်နေတယ် ... အဲဒါကျတော့ ကောင်သလား ပြောစမ်းပါဦး"

"ရှင်တို့ သူတိုသားအမိကို စော်ကားနေတုန်းကရော အဲဒီ ပြစ်ချက်တွေ စွဲချက်တင်လို့ရအောင် မှတ်တမ်းတင်ထားတယ် ... ဥပမာ ကျွန်မက ကြိမ်ဒဏ်တစ်ချက်ပြစ်ဒဏ်သင့်ရင် ရှင်တို့က ကြိမ်ဒဏ် အချက်တစ်ရာမက ပြစ်ဒဏ်သင့်လိမ့်မယ် သဘောပေါက်"

"နင်မပြောနဲ့ နင်နဲ့မဆိုင်ဘူး"

"ဆိုင်တယ် ... ဒေါ်သန္တာကြည်ဆိုတာ ကျွန်မအဒေါ် စွမ်းက ကျွန်မအစ်ကိုဝမ်းကွဲ သူတို့သားအမိကို စောင့်ရှောက်ပြုစုကျွေးမွေးဖို့ ကျွန်မရောက်လာတာ ... ဒီနေ့ကစပြီး ကိုယ့်စည်းကမ်းနဲ့ ကိုယ်နေ ... ကျူံမလာနဲ့ ... ဖောင်းဖြစ်အောင်လုပ်လို့ကတော့ ရှင်တို့ ဒုက္ခပေါင်း သောင်းခြောက်ထောင် ရောက်သွားစေရမယ်"

"တောက် ... ဟင်း ဟဲ့ကောင်တွေ ဝင်လုံးကြစမ်း ... မိဝါ



မသာမ အချွန်အတွန်း အတို့အထောင်ကျတော့ တတ်တယ် ... ရန်ဖြစ်ရင် ဘာမှ မလုပ်ရဲဘူး ... ကြောက်မ သွား မိန်းမချင်းဝင် လုံး"

"အို ... သူ့လက်ထဲမှာ ကတ်ကြေးကြီးနဲ့ ... အန်တီမီး ဝင်လုံးရင် လုံးမယ် နှစ်ယောက်တစ်ယောက်လေ"

"အမလေး ... ငါ့အဆင့်နဲ့ ဒီလိုဟာမမျိုးကို ဝင်လုံးစရာ လားဟဲ့ ... နင့် ဘာသာချပါလား ... သူက ကတ်ကြေးကိုင်ရင် နင်က ဓားကိုင်ပေါ့"

ဒေါ်မီးမီးက မြှောက်ပေးနေ၏။ ဒီဒီက ...

"ဓားသွားယူလိုက်လေ ... ပိုတိုင်လို့ကောင်းသွားတာပေါ့ လက်နက်ကိုင်ဆောင်တာ ပုဒ်မတပ်ပြီး တရားစွဲလို့ရတယ် ... စွမ်း သူတို့ရန်လိုနေတာတွေကို ဖုန်းနဲ့ရိုက်ထား"

စွမ်းကလည်း ဖုန်းထုတ်ပြီး ရိုက်ကူးနေ၏။ ဒေါ်မီးမီး ဘာလုပ်ရမှန်း မသိဖြစ်သွား၏။ မိဝါက ခေါင်းတွေကုတ်နေ၏။ မြအောင်နဲ့ ငစောတို့လည်း နောက်ပြန်ဆုတ်သွား၏။

"ဒီမှာ ဒေါ်မီးမီး ... လူတစ်ဖက်သားကို အနိုင်ကျင့်ချင်တိုင်း ကျင့်လို့မရဘူး ... ဒီနေ့ကစပြီး ရှင်တို့အကျင့်ဆိုးတွေ ပြင်ရင်ပြင် မပြင်ရင် ရှင်နာမယ်မှတ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မစုတ်ကများ ငါ့ကိုပြောရဲသေးတယ် ... နင့်အဆင့်က ဘာလဲ ... ငါက သူဌေးကတော်ဟဲ့ ... မယားငယ်ပေမယ့် တရားဝင် မယားဟဲ့"

"ရှင့်ဘာသာ ဘာကတော်ပဲဖြစ်ဖြစ် အိမ်သာထဲရောက်ရင် ဖင်လှန်ပြီး အလေးသွားရတာချည့်ပဲ"

"ငါတို့က ဘိုထိုင်အိမ်သာတက်တာ ... "

"ဘိုထိုင်အိမ်သာလဲ လှန်ရတာပဲ ... တစ်နေ့သေကြရမယ့် လူတွေချည်းပဲ ကြဲဖန်မာန်မတက်နဲ့ မာန်တက်ပြီး သူများကိုနှိမ်တဲ့ သူဟာ နောက်ဘဝ ကံကြွင်းကျန်လေးရှိလို့ လူဖြစ်ရင်တောင် ကုန်းကောက်စရာမရှိအောင် ဆင်းရဲတတ်တယ် ... အမျိုးယုတ်တဲ့ဝမ်းမှာ ဝင်စားတတ်တယ် ... ရှင် တရားသဘောတွေလည်း သိမှာမဟုတ်ပါဘူး ... မသိလို့လဲ ဒီလောက်မိုက်လုံးကြီးနေတာပေါ့"

ဒေါ်မီးမီးဆွေ့ဆွေ့ခုန်သွား၏။ နီးရာ ကြွေရုပ်ဆွဲပြီး လှမ်းပေါက်၏။

"ကဲဟယ် ... "

"ခွမ်း"

ဒီဒီ ရှောင်ပေးလိုက်၏။ ဒီဒီက လက်ထဲကကတ်ကြေးဖြင့် တုန့်ပြန်ပေါက်မည်ပြုလိုက်ရာ အော်ဟစ်ဆင်းပြေးသွား၏။ အဝိုလူ





တွေပါ ဝရန်းသုန်းကားဆင်းလိုက်သွားကုန်၏။

"ကယ်ကြပါဦး ... ဒီမှာ ကျွန်မကို ကတ်ကြေးကြီးနဲ့ပေါက်သတ်နေပါတယ် ... လုပ်ကြပါဦး အရပ်ကတို့ရဲ့"

"မိပိုမကြီး ... ကတ်ကြေးကလက်ထဲမှာပဲ ရှိသေးတယ် မပေါက်ရသေးဘူး ... ကြောက်လန့်တာလည်း ချေးချမ်းနေတာပဲ ဟွန့်"

⁂

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

နောက်တစ်ပွဲမှာလည်း ဒီဒီအနိုင်ရလိုက်၏။ ညစာစားချိန် အထိ နှစ်ဖက်မျက်နှာချင်း မဆိုင်သေး၍ ပြဿနာမတက်။ ညစာ စားချိန်ရောက်သောအခါ ဒီဒီနှင့်စွမ်းတို့ တိုင်ပင်ပြီး အောက်ထပ် ဆင်းလာကြ၏။ ထမင်းစားခန်းထဲမှာ ဒေါ်မီးမီး၊ ရွှေပုလဲသွယ်၊ နေဗလမောင်၊ ဒေါ်ရင်မေ၊ မြအောင်၊ ငထူး၊ မိဝါတို့ ခေါင်းချင်းဆိုင်ပြီး တိုင်ပင်အကြံထုတ်နေတာ ဘွားခနဲတွေ့လိုက်ရ၏။

ဒီဒီကိုမြင်တော့ လန့်ရှုံ့ကုန်၏။ နေဗလမောင်နှင့် ရွှေပုလဲသွယ်တို့က မိုက်ကြည့်လှမ်းကြည့်နေ၏။ ဒေါ်မီးမီးကတော့ မျက်နှာကြီးကို အပြတ်တင်းမာထား၏။ ကျန်တဲ့သူတွေကလည်း သူတို့ဆရာမကြီးမျက်နှာပေးမျိုးတွေနဲ့ပေါ့။

စွမ်းက မီးဖိုခန်းထဲဝင်လိုက်၏။ ရေခဲသေတ္တာထဲက အသား





ဗူး၊ အသီးအရွက်လိုအပ်တာတွေ ထုတ်လာပေး၏။ ဂတ်(စ်)မီးဖိုဖြင့် တည်၏။ အပေါ်ထပ်မှာ ပေါင်းအိုးနှင့် ချက်ထားသော ထမင်းရှိ၏။

“ငရုတ်သီးပွနဲ့ ငါးသေတ္တာချက်မယ်၊ ကြက်အူချောင်းနဲ့ နို့ခဲပြားကြော်မယ် ... ဒီဒီချက်တတ်တယ် မဟုတ်လား”

“သူဌေးစာတွေ ... ကျွန်မ ချက်နေကျတော့ မဟုတ်ဘူး”

“အဲဒါဆို ကိုယ်ပဲ ချက်လိုက်မယ်”

“ငပိမရှိဘူးလား”

“ဒီအိမ်မှာ ငပိမစားဘူး”

“မြန်မာတွေဖြစ်ပြီး ငပိမကြိုက်ဘူးလား”

“မျှင်ငပိလောက်တော့ စားပါတယ်”

“ရှိလား ... ”

“အထုပ်ရှိတယ်လေ”

“သံယောင်းမှာ ငပိကိုကပ်ပြီး မီးကင်မယ် ... ပြီးတော့ ငရုတ်သီးနဲ့ထောင်း ဆီဆမ်းပြီး စားလိုက်ရင် အမိုက်ပဲ ... သံပုရာသီးလည်း ရှိတယ် ... သံပုရာရည်လေးညှစ်လိုက်ရင် ရှယ်မိုက်တယ်”

ဒီဒီက ပြောရင်းဆိုရင်း ငပိကင်ဖို့လုပ်နေ၏။ သီတံလေးတွေ၍ ငရုတ်သီးပါ မီးကင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"စွမ်း … ရေပ်သီးညှော်နဲ့မတိုက်နဲ့လေကွာ အဲဒီကောင်မကို ခေါ်လာပြီး မင်းသက်သက်အရွဲ့တိုက်နေတာလား"

နေဗလမောင် လေသံမာမာဖြင့် လှမ်းအော်ပြော၏။ စွမ်းက ပြန်ပြောမည်ပြင်သောအခါ ဒီဒီကတားလိုက်ပြီး နေဗလမောင်ဘက်လှည့်ကာ …

"မိုက်ရိုင်းလှချည်လား … စွမ်းက နင့်ထက်အကြီး ငါ့ကိုလည်း ကောင်မလေး ဘာလေးနဲ့ … အေးလေ မအေမိုက်ရိုင်းမှတော့ သားမိုက်ရိုင်းတာ ဘာဆန်းသလဲ"

"ဟဲ့ကောင်မ နင် ငါ့အမေကို မထိနဲ့"

ရွှေပုလဲသွယ် အသံလေး ညှောင်ညှောင်နှင့် ထအော်ပြီး စားပွဲပေါ်က ကြွေပန်းကန်နှင့် လှမ်းပေါက်၏။

"ခွမ်း …"

ဒီဒီ ရှောင်စရာပင်မလို။ ကြွေပန်းကန်က ဒီဒီ့အနားကိုပင် မရောက်။ ပစ်ပေါက်အားမပါ။ ဒီဒီကလည်း ကြွေပန်းကန်စင်နားသွားလိုက်ပြီး ပန်းကန်တွေကို တစ်ချပ်ချင်းဆွဲထုတ်ကာစီထပ်လိုက်၏။

"နင်က မိုက်ရိုင်းတဲ့အပြင် လက်ပါတော့ ငါကလည်းပြန်ပါရသေးတာပေါ့ … စွမ်း ကျွန်မတို့ရန်ဖြစ်တာကို ဖုန်းနဲ့ရိုက်ပြီး မှတ်





တမ်းတင်ထား စွမ်းဝင်မပါနဲ့ … သူတို့ဘက်က ယောကျ်ားတွေပါလာရင် မိန်းမနဲ့ယောကျ်ား ဝိုင်းလုပ်တယ်ဆိုပြီး အကုန်ထောင်ထဲထည့်ပစ်မယ် … ကဲ လာပြီး သောက်ပုလဲမရေ"

ဒီဒီက ပုလဲသွယ်ဆီ ပန်းကန်ဖြင့် ဒေါင်လိုက်လှမ်းပေါက်၏။ အကွာအဝေးက ခြေဆယ့်ငါးလှမ်းစာမို့ ပစ်အားကောင်းသည် အကုန်လုံး လွှင့်ရှဲကာ ရှောင်လိုက်ရ၏။

"ခွမ်း …"

"နောက်တစ်ချက် …"

"ဟဲ့ ဟဲ့ … ငါ့ကိုထိမယ်နော်"

"ခွမ်း …"

"ဟဲ့ကောင်မ … နင်က ငါ့သမီးနဲ့သားကိုများ ရာရာစစအေး … ငါနဲ့တွေ့မယ် … အမလေး"

"ခွမ်း …"

"မြအောင်နဲ့ ငစော ဝင်ချလေကွာ …"

"မလုပ်နဲ့ ဖုန်းနဲ့ရိုက်ထားတာ မိန်းမချင်းဖြစ်တာ ယောကျ်ားဝင်ပါလို့ ရဘူးဗျ … ကျုပ်တို့တော့ ပါရဲဘူး … လစ်ပြီ"

မြအောင်နဲ့စောကြီး လစ်ပြေးကုန်၏။ နေဗလက ဒေါသဖြင့် ရှေ့ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါင် ..."

"အား ..."

"အမလေး ငှါသားလေး သေပါပြီ"

"အစ်ကို ... ငါ့အစ်ကိုကိုလုပ်တဲ့ကောင်မ နင် ငါနဲ့တွေ့မယ်"

ရွှေပုလဲ အခန်းထဲပြေးဝင်ပြီး ဂေါက်ရိုက်တံကြီးနှင့် မာန်သွင်း အော်ဟစ်ပြေးလာ၏။ ဒီဒီက ကြွေပန်းကန်နဲ့ပစ်လိုက်ရာ ရွှေပုလဲ သွယ်နဖူးကို ဒါရိုက်ထိသွား၏။

"ခွပ် ..."

"အွမ် ..."

ရွှေပုလဲ မှေ့လဲကျသွား၏။ ဂေါက်တံတခြား လူတခြား ဒေါ်မီးမီး ဟိုပြေးရ ဒီပြေးရနှင့် ရင်ဘတ်စည်တီးပြီး အော်ဟစ်ငိုယို နေ၏။ ဒီဒီကလည်း ဟင်းရည်သောက် ပန်းကန်လုံးကြီးယူသွားပြီး ဒေါ်မီးမီးကို ခေါင်းပေါ်အုပ်ရိုက်ချလိုက်၏။

"ဂလုတ်"

"အွတ် ..."

ဒေါ်မီးမီးပါ ခွေလဲမေ့မျောသွား၏။ ဒီဒီရဲ့လက်သံပြောင် ပုံတွေကို စွမ်းတအံ့တသြကြည့်နေမိ၏။ ဒေါ်မီးမီးတို့သားအမိ မလှုပ်နိုင်တော့။ ဒေါ်ရင်မေကြီး ပြေးတိုင်၍ ထိုကိစ္စကို ရပ်ကွက်ရုံး





မှာ သွားပြီး ဖြေရှင်းကြရ၏။

ဒီဒီကပြောတတ်ဆိုတတ်ပြီး စွမ်းရိုက်ထားသော ဖုန်းVEDIO ရိုက်ကွက်တွေက သက်သေဖြစ်နေ၍ လူကြီးတွေလည်း ဖြေရှင်းရ ခက်ကုန်၏။

"ကျွန်မတို့မှာ ဒဏ်ရာတွေချည်ပဲ ... ဒီကောင်မကို ကျွန်မ တို့ အိမ်ထဲက နှင်ပေးပါ"

"ကျွန်တော့် ညီမဝမ်းကွဲလေ နှင်လို့ဘယ်ရမလဲ"

"နင်တို့သားအမိ ငါတို့ကို တမင်တုံ့ပြန်လက်စားချေတာ ငါသိတယ် ... ရဲစွမ်းသတ္တိ နင့်ကိုနင် လည်တယ်ပါးတယ် ထင်မနေ နဲ့ အပါးလယ်ရင် အပါယ်လားတတ်တယ်နော်"

စွမ်း ဘာမှ မပြောဘဲပြုံးနေ၏။ ဒီဒီက ...

"အပါယ်ကိုတော့ သိသေးသားပဲ ... သိရဲ့သားနဲ့ မိုက်လုံး ကြီးနေတယ် ... အုပ်ချုပ်ရေးမှူးကြီးရယ်"

"သူတို့က အုပ်စုလိုက် ... ယောက်ျားတွေရော မိန်းမတွေ ရော ကျွန်မက တစ်ယောက်ထဲ ဘယ်သူလွန်သလဲဆိုတာ လယ်ပြင် မှာ ဆင်သွားသလို ထင်ရှားနေတာပဲရှင်"

"တော်တော် ပြောတတ်တဲ့ ဟာမလေး ... နင် ... တစ် ယောက်ထဲကိုက သူပုန်ထနေတဲ့ အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးမှူးလည်း ခေါင်းကုတ်ပြီး ...

"ကဲ ... အကျယ်အကျယ်ဖြစ်ကုန်ကြလိမ့်မယ် ... သူ့ဖက်က နည်းနည်းလျှော့ ... ကိုယ့်ဖက်က နည်းနည်းလျှော့ အဲဒါမှ အဆင်ပြေပြီး နေလို့ရသွားမှာ ... အဲလိုမှ မဟုတ်ရင် ... "

အုပ်ချုပ်ရေးမှူး ဆုံးမလိုက်၍ ဒီဒီတို့ ပြန်လာကြ၏။ ဒေါ်မီးမီးတို့အဖွဲ့ ဒဏ်ရာအနာတရတွေနှင့် အောင့်သက်သက်ဖြစ်ကာ ပြန်လာခဲ့ကြရ၏။

⁂

နောက်နေ့မှာတော့ ဘီလူးစည်း၊ လူ့စည်းသဘောကို ဒေါ်မီးမီးတို့တတွေ နားလည်သွားကုန်ကြ၏။ မဟုတ်မခံ ပြန်လှန်ဆော်တတ်သော ဒီဒီရှိနေ၍ ဘာမှ ရန်မစဝံ့ရဲ။ ဒီဒီလက်သံပြောင်တာကို လန့်ကြောက်ရှိန်နေကြ၏။ ဒီဒီကို ထိပ်တိုက်ဆုံလျှင် ဥပေက္ခာပြုနေကြ၏။ ဒီဒီမျက်နှာလွှဲသွားသည်နှင့် ဒေါသမျက်စောင်းတွေနှင့် ဝိုင်းထိုးကြ၏။ စိမ်းစိမ်းစူးစူးကြီးတွေနှင့် အစိမ်းလိုက်ဝါးစားချင် စိတ်ပေါက်ဟန်မျိုးတွေနှင့် ကြည့်ကုန်ကြ၏။ ဒီဒီကလည်း လုံးဝဂရုမစိုက်။ လေလာတင်ပေးအေးဆေး။

စွမ်းမေမေကတော့ ဘုရား၊ တရားပဲ အလေးထားပြီး ဘာဝနာပွားနေ၏။ စွမ်းက ဒီဒီကို ဂုဏ်ပြုပြီး ညစာလိုက်ကျွေး၏။ စူပါမတ်ကက်ကြီးတွေမှာ လိုအပ်သောအဝတ်အစား အသုံးအဆောင်တွေလိုက်ဝယ်ပေး၏။

ည (၁၀)နာရီလောက် အိမ်ပြန်ရောက်သောအခါ ခြံစောင့်က ခြံတံခါးမဖွင့်ပေး။ စွမ်းဘာသာ ဆင်းဖွင့်ရသည်။ ခြံစောင့်မြအောင်က ခြံဝင်းထဲမှာ ဆေးပေါ့လိပ်ကြီးခဲပြီး ခပ်တည်တည်ထိုင်နေ၏။ ဒီဒီက ...

"ဟေ့လူကြီး ခင်ဗျားတာဝန်ကဘာလဲ ... အဲဒါ ဘာလုပ်နေတာလဲ"

မြအောင်က ဘုကြည့်လှမ်းကြည့်ပြီး ...

"ငါ့ကိုခန့်ထားတာ ဒေါ်မီးမီး ... သူတို့ မိသားစုအရေးပဲ ငါလုပ်ပေးဖို့လိုတယ် ... ကျန်တာ ငါနဲ့မဆိုင်ဘူး"

"ဒေါ်မီးမီးတစ်ယောက်ထဲ အသက်ရှိတာ မဟုတ်ဘူး ... ဒေါ်မီးမီးက ဒီအိမ်ပိုင်ရှင်သူဌေးရဲ့ နောက်မိန်းမ မယားငယ် ... စွမ်းတို့အမေက မူလပထမ မယားကြီး ... သူဌေးရှိတုန်းက အားလုံးကို လုပ်ပေးရတာပဲ ... သူဌေးကိုမာရောဂါ ဖြစ်ပြီး အိပ်ယာထဲလဲမှ ထမပြောနိုင်တော့မှ ဒေါ်မီးမီး စည်းရုံးရာဝါပြီး သခင်အားရ ကျွန်ပါးဝ လုပ်မနေနဲ့ ... တံခါးမဖွင့်ပေးရင် ရှင်အလုပ်ပြုတ်ပြီ မှတ်လိုက်"





www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ငါကိုဖြုတ်လို့ရမယ်များထင်နေသလား မနေ့တနေ့ကမှ ရောက်လာတဲ့ ကောင်မလေးကများ လာသေးတယ် ... ဟင်း ဟင်း ဟင်း"

ဒီဒီက စွမ်းကိုတီးတိုးပြောလိုက်၏။ ရှင်ပျော့တော့တော့လုပ်ခဲ့လို့ အဲဒီလူကြီး ရောင့်တက်နေတာ ရှင်မာမာပြောလိုက် အလုပ်ဖြုတ်တယ် ... ခုထွက်သွားလို့ မာမာတင်းတင်းပြောလိုက် မထွက်ရင် ကျွန်မကိုယ်တိုင် လိုက်ရိုက်ထုတ်မယ် ... သုံးလစာ ပိုက်ဆံပါပေးလိုက်"

"ကောင်းပါ့မလား ဒီဒီရယ် ..."

"ကျွန်မပြောသလို လုပ်စမ်းပါ"

စွမ်းလည်း ဟန်ကိုယ်ဖို့ မာန်သူဖို့ဆိုသလိုမျိုးဖြင့် ...

"ဟေ့လူ မြအောင်ကြီး ... ခင်ဗျားအလုပ်က တံခါးဖွင့် ပိတ်ပေးရမယ့်အလုပ် ... အဲဒါကို မလုပ်ချင်ရင် ခုချက်ချင်း ခင်ဗျားထွက်သွား ... သုံးလခ ပေးလိုက်မယ် ... ခင်ဗျား ထွက်မသွားရင် အကြောင်းသိစေရမယ်"

"ဟား ဟား ဟား ... မင်းကပါ အသံထွက်လာသေးတယ် အေးပေါ့ ... အားကိုးရှိလာပြီကိုး ... မသွားဘူးကွာ ... မထွက်ဘူး ဘာလုပ်ချင်သေးလဲ ... ချလင်းတောင်းတာလား လာလေ ...



ချမယ်"

မြအောင်ကြီးက ဂိတ်တဲပေါ်ကနေ ပုဆိုးတိုတိုဝတ်ပြီး ထွက်လာ၏။ စွမ်းကို လက်သီးလက်မောင်းတန်းပြီး စိန်ခေါ်နေ၌ ဒီဒီကဘက်နေသွားဆွဲလာမှန်း မသိသော သစ်သားတုတ်ကြီးဖြင့် သုတ်ခနဲပြေးသွားပြီး မြအောင်ကြီးရဲ့ ခြေသလုံးတွေကို အတင်းဖြတ်ရိုက်နေ၏။

"ကဲဟယ် ..."

"ဒုတ် ..."

"အား လာ လာ ..."

"ကဲဟာ ..."

"ဒုတ် ..."

"အောင်မလေး သေပါပြီ"

"ကဲ ... မိုက်ဦး"

"ဒုတ် ..."

"အို အမလေး ... ဟဲ့ ကောင်မလေး နင်လွန်နေပြီနော် မိန်းမနဲ့ယောကျ်ားမို့ ကြည့်နေတာ ... ယောကျ်ားချင်းဆို ဆွဲထိုးခံလိုက်ပြီကွ ... အား နာ ... နာ"

ဒီဒီက အားပြင်းပြင်းရိုက်ချလိုက်၏။ မြအောင်လက်နှင်း

www.burmeseclassic.com

www.burmeseclassic.com



ကာသော်လည်း အချိန်မမီလိုက်။ ညို့သကျိုးတည်တည့် ရိုက်
လိုက်၏။ မြေပြင်ပေါ်ကို မှောက်ခုံကြီးပစ်လဲကျသွား၏။

"ဟိတ် ... ဒါဘာလုပ်တာလဲ ဦးမြကို ဘာလို့အတင်းမှိ
နေတာလဲ ... နင် လွန်လွန်းအားကြီးနေပြီ"

ငစောက သစ်ရွက်၊ သစ်ကိုင်းခက်ညှပ်သော ကတ်ကြေး
ကိုင်ပြီး ပြေးလာအော်၏။ ဒီဒီ ဘာမှပြောမနေတော့။ ငစော အနာ
မသိမသာ ကပ်သွားပြီး ခေါင်းရိုက်ဟန်ပြကာ ဆတ်ခနဲခြေသလုံ
ကို ရိုက်လှဲပစ်လိုက်၏။

ငစောက ခေါင်းရိုက်မယ်ထင်ပြီး ရှောင်နေစဉ် တုတ်ရိုက်
ချက်အောက်ရောက်သွားကာ အလစ်ဒိုက်မို့ ရှောင်ချိန် မရလိုက်

ဂေါက်ရိုက်သလို ပင့်ရိုက်လိုက်၍ ငစောရဲ့ငယ်ပါကိုပါ ရှုပ်
သွား၏။

"အူး ..."

တစ်လုံးထဲသာအော်နိုင်ပြီး ငစောခွေကျသွား၏။ လက်ထဲ
ကတ်ကြေးပါ လွတ်ကျသွား၏။ လက်သံပြောင်လှသော ဒီဒီ့ကို
ကြည့်ပြီး စွမ်းပင် လန့်ဖျားချင်လာ၏။

မြအောင်နှင့် စောထူးတို့ မချိမဆန့်ခံစားအော်ဟစ်နေ
ဒေါ်မီးမီး၊ ရွှေပုလဲ၊ နေဗလမောင်၊ ဒေါ်ရင်မေ၊ မိဝါတို့ ပြေးထွက်လာ





ကြ၏။ တုတ်ကြီးကိုင်ထားသော ဒီဒီ့ကိုတွေ့တော့ လန့်ပြီး ကိုယ်ရှိန်
သတ်ကုန်၏။ စောထူးတို့ ခံနေရတာမြင်ရတော့ ဘာပြောလို့ ပြော
ရမှန်းမသိ။ ဘာကိုင်လို့ ကိုင်ရမယ်မှန်း မသိတွေဖြစ်ကုန်၏။

"ခြံစောင့်က ခြံတံခါးဖွင့်မပေးတဲ့အပြင် မိုက်စကားပြောပြီး
စိန်ခေါ်လို့ ရိုက်တာ ... မာလီက ကတ်ကြေးကိုင်ပြီး ရန်မူမလို
ပြေးလာလို့ ရိုက်တာ ဘယ်သူဘာပြောချင်သေးလဲ ... ပြော"

ဒီဒီက ဒေါ်မီးမီးတို့ကို စေ့စေ့ကြည့်ပြီး လှမ်းပြောလိုက်၏။
ဒေါ်မီးမီးက မျက်နှာအိုကြီးနှင့် နေဗလမောင်တာ ...

"မာမီ ရဲစခန်းတိုင်လိုက်တော့ ... သိပ်လွန်နေပြီ ... ကြာရင်
ဒီအိမ်မှာ မှုခင်းတွေဖြစ်ကုန်လိမ့်မယ်"

"တိုင်လိုက်လေ ... လိုက်ရှင်းဖို့ အသင့်ပဲ ... မိန်းကလေး
နဲ့ ယောကျ်ားလေးဖြစ်တာ နင်ပါ ပါချင်သေးလား လာခဲ့လေ ...
ပိန်ညှောင်ရိုး ဖြူဖတ်ဖြူရော်နဲ့ ဂန်ဒူးရုပ်ပေါက်နေတဲ့ ကောင်က
များ"

"မင်း ... မင်း ငါ့ကိုပါ ဟာကွာ ... တောက်"

နေဗက နီးရာပန်းအိုးကို ဆောင့်ကန်ပစ်လိုက်၏။ သူ့ခြေ
ထောက်ပဲနာပြီး အိမ်ထဲကိုထော့နင်း ထော့နင်းနှင့် ပြန်ဝင်သွား၏။
ဒီဒီက ကားကို မောင်းဝင်ခိုင်းလိုက်၏။ တုတ်ကို တိုက်နံရံမှာ



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထားလိုက်၏။

"ရဲစခန်းမှာဖြေရှင်းရင် ... ဒီတုတ်နဲ့ရိုက်တာလို့ သက်သေပြရအောင် ဒီမှာထောင်ထားတယ် ..."

မကျေမချမ်းကြည့်နေသော ဒေါ်မီးမီးတို့အဖွဲ့ကို လှမ်းအော်ပြောပြီး ဒီဒီအိမ်ထဲဝင်လာလိုက်၏။ အဲဒီညက ဘာဖြစ်မလဲဆိုတာ ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်မိ၏။

ရဲစခန်းလည်း သွားမတိုင်ရဲ ... မိန်းမနဲ့ယောကျ်ားဖြစ်တာဆိုတော့ အောင့်သက်သက်ကြီး ခံလိုက်ရှာ၏။ မိခင်အတွက် ဝယ်လာသော ကိုရီးယားပဲခေါက်ဆွဲ၊ ကြက်သားကြော်နှင့် ကိုကာကိုလာ တွေကို အပေါ်ထပ်မှာတည်ခင်းကျွေးလိုက်၏။

ဒီဒီက အပေါ် ထပ်မှာ အခန်းတစ်ခန်းရ၏။ အခန်းထဲမှာ TV ၊ ရေခဲသေတ္တာ၊ အဲယားကွန်း အစုံပါ၏။ အပေါ်ထပ်မှာ သီးသန့်အိမ်သာ၊ ရေချိုးခန်းတွေပါသေး၏။ အောက်ထပ်ဆင်းသွားစရာမလို။ အပေါ်ထပ်တက်သော သံတံခါးကို ပိတ်ထားလိုက်လျှင် ပွဲပြီးပြီ ...

အောက်ထပ်က မကျေမချမ်း ပြောဆိုသံတွေ သဲ့သဲ့ကြားလိုက်ရသေး၏။ တစ်ခါတစ်ရံ ဆူပွက်ညံလာ၏။

"ဟော့ ... ဘာဖြစ်နေတာလဲ ... မကျေနပ်ရင် ပေါ်တင်ပြော



ကွယ်ရာမှာ အတင်းမပြောနဲ့ ... သတ္တိရှိရင် စိန်ခေါ်ရင် တစ်ယောက်ချင်းလည်းဆွဲတယ် ... အုပ်စုလိုက်လည်း ဂရုမစိုက်ဘူး ... ပေါက်တယ်နော် ... မေဒီမိုတို့က အချိန်မရွေး နေရာမရွေးပဲ"

ဒီဒီ အော်ပြောလိုက်သည်နှင့် ငြိမ်ကျသွား၏။ မီးကို ရေနှင့်ငြိမ်းသတ်လိုက်သလိုပင်။ ဒီဒီကို သူတို့အတော်ကြောက်သွားကြလေပြီ။ စွမ်းတို့သားအမိကို အနိုင်ကျင့်ချင်တိုင်း ကျင့်လာကြသူတွေ၊ တဖန်ဝင့်လည်တဲ့အခါ ချောင်းဟန့်သံလေးပင် မပြုရဲကြ။

✽✽✽

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

နောက်တစ်နေ့မှာ မေဒီမိုဈေးကိုလိုက်သွားရ၏။ ဒေါ်သန္တာကြည်ရဲ့ဈေးခြင်းကို ကိုင်ဆွဲလို့ပေါ့။ ဒေါ်သန္တာကြည်က သက်သတ်လွတ်စားဖို့ ဝယ်၏။ မေဒီမိုကိုလည်း ...

"သမီးတို့စားဖို့ဝယ်လေ ... ကြိုက်တာဝယ်"

"စွမ်းက ဘာကြိုက်လဲ အန်တီ"

"သားက ကြက်သားကြော် ... မန်းကျည်းရွက်အချဉ်ဟင်း၊ ငရုပ်သီးစပ်စပ်နဲ့ ငပိထောင်းဆို သိပ်ကြိုက်တာ"

မေဒီမို ဝယ်ပြီပေါ့။ ဒီဈေးက သူဌေးတွေဝယ်တဲ့ဈေးဆိုတော့ ဘာမဆိုဈေးကြီး၏။ မေဒီမိုက ဈေးဆစ်၍ ကြက်သားသည်နှင့် ပြဿနာတက်မလိုဖြစ်သေး၏။ ဒေါ်သန္တာကြည်က ပိုက်ဆံရှင်းပေးပြီး အသာဆွဲခေါ်လာရ၏။





"နေရာတကာ ပြဿနာ မဖြစ်ချင်ပါနဲ့ကွယ်"

"သူတို့က အမြတ်ကြီးစားနေတာ အန်တီရဲ့"

"စားပါစေ သူတို့ပြုတဲ့ကံ သူတို့ထံပြန်လိမ့်မယ်လေ ... သမီးက သူ့ကံဆိုးကို သွားခွဲယူသလိုဖြစ်နေမှာပေါ့"

"သမီးတို့ဆီက အမြတ်ကြီးစားလို့ပြောမိတာပါ ... "

ဒေါ်သန္တာကြည် ပြုံးသွား၏။ ဈေးကပြန်လာသောအခါ စွမ်းရှိတော့။ အလုပ်သွားလေပြီ။ မီးဖိုခန်းထဲမှာ ဒေါ်ရင်မေ၊ မိဝါတို့ချက်ပြုတ်နေကြ၏။ ဆုံလည် စားပွဲပေါ်မှာ မီးမီးက စီးကရက်ဖွာ၊ ထပ်ချိုတ်ပြီး ညှန်ကြားချက်တွေထုတ်ပြန်နေ၏။

"ပုဇွန်ထုပ်ဆီပြန်ချက်၊ ပြီးရင် ဆိတ်သားနှပ်မယ် ... ဟင်းချိုတာ ဆယ့်နှစ်မျိုးဟင်းချိုနော် ... "

မီးဖိုလေးဖိုရှိတာကို သူတို့အိုးတွေချည်သိမ်းပိုက်ထား၏။ မေဒီမိုက ...

"ဒီဖက်က မီးဖိုနှစ်ဖိုပေါ်ကဟာတွေကို ဟိုဘက်ရွှေ့ ဒီမှာလည်း တည်စရာရှိသေးတယ်"

"ဟော့ ... ငါတို့ပြီးမှတည် ဖယ်မပေးနိုင်ဘူး"

ဒေါ်မီးမီးက ဒေါသသံဖြင့် လှမ်းအော်ပြောလိုက်ခြင်းပင်။ မေဒီမိုက ဒေါ်သန္တာကြည်ကို ...



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ အိမ်ပေါ်မှာ ခဏသွားနေနော် ... သမီး အမှိုက်တွေရှင်းလိုက်ဦးမယ် ... အန်တီ့အတွက် သက်သတ်လွတ် အာလူးကြော်နဲ့ ခရမ်းချဉ်သီးချက်ကို 'သမီးချက်ပေးမယ်"

"ဩော် ... အေး ... အေး"

ဒေါ်သန္တာကြည် မျက်နှာနွမ်းလေးနှင့် အိမ်ပေါ်တက်သွား၏။ ဒေါ်မီးမီးတို့အဖွဲ့တွေမှာ သူတို့စကားအောင်မြင်ပြီအမှတ်နှင့် ခေါင်းမော့ရင်ကော့နေကြ၏။ မေဒီမိုက အဝတ်စုတ်ယူပြီး မီးဖိုပေါ်က အိုးကို သားဆွဲချထားလိုက်၏။

"ဟဲ့ကောင်မ အဲဒါ ဘာလုပ်တာလဲ ညည်းတမင်ရန်စပြီး စော်ကားတာတွေ များနေပြီနော် ... ဟင်း ဟင်း"

"မယားငယ်ဆိုတာ မီးဖိုနှစ်ဖိုပဲချက်ခွင့်ရမယ်၊ မယားကြီးက မီးဖိုနှစ်ဖိုချက်တယ် ... တရားမျှတစွာလုပ်တာကို မကျေနပ်ရင် လေဖြတ်သေလိုက်"

"အောင်မာ ... ကောင်မ ငါ့ကိုများ မယားငယ်မလေး ဘာလေးနဲ့ နင်ကမှ အိမ်ဖော်မ၊ ကျွန်မ ကပ်ပါးကူလီမ ... အနုတ်စုတ် ဂုတ်စုတ်မ"

မေဒီမိုက ဟင်းအိုးတစ်အိုးကို ဒေါ်မီးမီးခြေထောက်နားသို့ လှမ်းပစ်ချလိုက်၏။





"ဒုန်း ... ဂလွမ်း"

"အောင်မလေး ပူတယ်တော့ ... အမလေး အပူလော်င်ကုန်ပါပြီ ... အား"

ရေနွေးတွေ တည်ထားတာဖြစ်၏။ ရေက နွေးရုံသာရှိသေး၏။ သိပ်မပူသေး။ ဒေါ်မီးမီးက မိုင်ပိုနေပြီ။

ဒေါ်ရင်မေနှင့် မိဝါတို့က အပိုးကျိုးနေ၏။ ဘာမှ ဝင်မပြောရဲ။ ဒေါ်မီးမီး ရေနွေးပူလောင်၍ မိဝါက ဆားဘူးကိုင်၊ ဒေါ်ရင်မေက သွားတိုက်ဆေးဗူးကိုင်ပြီး ဒေါ်မီးမီးအနားမှာ ပြာယာခတ်ကုန်၏။

"ဒီကောင်မကို သွားတိုင်မယ် ... ငါ့ကို ရေနွေးပူနဲ့ပက်တယ် ဟင်း ... တောက်"

"မိုင်မပိုနဲ့ ရေနွေးနွေးလေး ဆရာဝန်နဲ့စစ်ဆေးလိုက်လို့ ရေနွေးပူမလောင်ဘူးဆိုရင် ... လိမ်လည်မှုနဲ့ တရားပြန်စွဲပစ်မယ် မယားငယ်ပီပီ ... သူများမေတ္တာရှိအောင်နေ ... မေတ္တာမဲ့အောင် လုပ်ရင် ... နောက်ဆို ဒါထက်ဆိုးမယ်"

မေဒီမိုသားလိုးမားကိုင်ပြီး ဒေါ်မီးမီးနားတိုးကပ်သွား၏။ ဒေါ်ရင်မေနှင့် မိဝါတို့ လန့်ဖျတ်ပြီး နောက်ဆုတ်ကုန်ကြ၏။ ဒေါ်မီးမီးလည်း ကြောက်စိတ်ဝင်ပြီး မျက်နှာလေးနှင့် လေသံပါ အချိုးပြောင်းသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နင် ... နင် ငါ့ကို ဘာလုပ်မလို့လဲ ... နင်နော် ... ဓားကြီးနဲ့ ... ငါ့ကို ငါအော်လိုက်မှာနော်"

"စိတ်တိုအောင်မလုပ်နဲ့ အိမ်မှာ စိတ်တိုရင် ကြောင်တွေ ခွေးတွေတောင် ဓားနဲ့ထိုးသတ်ပြီး အရေခွံဆုတ်ပစ်တာ ဘာမှတ်နေသလဲ ... ဘာလဲ ရှင်က ဆရာမကြီးလား ပြော ... ပြောစမ်း ဘာအခုမှ ကြောက်ပါပြီလဲ ... လူသတ်မှုနဲ့ ထောင်ကထွက်လာတာ မကြာသေးဘူး ... မေဒီမိုတဲ့ သတ်ရဲ သေရဲ လုပ်ရဲ ကိုင်ရဲတယ် သဘောပေါက် ... မပေါက်ရင် ကျောပေါက်သွားမယ် ... ဘာမှတ်နေသလဲ"

ဒေါ်မီးမီး အနားမှာ မုဆိုးဒူးထောက်ထိုင်ပြီး လက်ထဲကဓားကို ဆ,ကာ ဆ,ကာနှင့် ပြောလိုက်ခြင်းပင်။ ဒေါ်ရင်မေနှင့် မိဝါတို့က အခန်းပေါက်ဝရောက်ပြီး ထွက်ပြေးဖို့ အသင့်ပြင်ထားသည့်ပုံ။ ဒေါ်မီးမီးရဲ့ ညောင်နာနာ အသံလေးထွက်ပေါ်လာ၏။

"မသိလို့ ပြောမိတာပါ သမီးရယ် ... အန်တီ့ကို နားလည်ခွင့်လွှတ်ပေးပါ ... လက်ထဲက ဓားကြီးချထားလိုက်နော် အန်တီက နှလုံးရောဂါ အခံရှိတယ် ... တစ်ချက်မေ့မျောသွားရင် သမီးကို အချောင်အမှုပတ်နေမှာစိုးလို့ပါကွယ်"

"မျက်နှာခုနှစ်ခေါက်ချိုး ရှစ်ခေါက်ချိုးတင်မကဘူး ... ဆယ့်





ရှစ်ခေါက်းချိုးတောင် လုပ်ပြတတ်တဲ့ ဒေါ်မီးမီး ဒါပထမဆုံးနဲ့ နောက်ဆုံးအကြိမ် သတ်မှတ်လိုက်မယ် ... နောက်နောင် စွမ်းတို့ သားအမိကို ထိရဲထိကြည့် ပညာပြရဲပြကြည့် ... ရှင်တို့ မိသားစုနဲ့ နောက်လိုက်တွေကို အကုန်တန်းစီပြီး အစဉ်လိုက် ရှင်းပစ်လိုက်မယ် ... မိုက်ရဲ တိုက်ရဲ သေရဲ လုပ်ရဲတယ် ... မေဒီမိုတဲ့ မှတ်ထား"

ဒေါ်မီးမီး ပြူးလန့်ကြည့်ပြီး နှုတ်ဆွံ့နေရာက နှုတ်တွန့်ခနဲဖြစ်သွားပြီး ...

"အန်တီ မှတ်ထားပါမယ်ကွယ် ... အဟင့် ဟင့် ... အန်တီတို့က တစ်ပင်ထဲ အတူနေရတဲ့ ဘဝတူတွေပဲဟာ ... "

"လူနာကို စွမ်းတို့သားအမိလာကြည့်တာ ပြုစုတာကို လက်မခံချင်လို့ ပညာမျိုးစုံပြပြီး တားမြစ်နေတာတွေလည်း ဖျောက်ပစ်လိုက်တော့ ... "

"အဲ ... အင်း ... အင်း အေးပါကွယ်"

မေဒီမို ဓားကိုကိုင်ပြီး ထရပ်လိုက်၏။ ဒေါ်မီးမီးလည်း ခံရမှာစိုးလန့်နေသော မျက်နှာငယ်လေးနှင့် မေဒီမိုကို မျက်လုံးလှန်ကြည့်နေ၏။

"ရှင်တို့ ချက်ပြုတ်စရာမရှိရင် အခန်းထဲကထွက်သွား ... ကျွန်မတို့ ဆက်လုပ်စရာ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ် ... ဟဲ့ မရင်မေနဲ့ မိဝါ ဘာလုပ်နေတာလဲ ဂဲန်းနာမတွေ ဘာမှ အားမကိုးရတဲ့ မြောက်ထိုးပင့်ကော်မတွေ သောက်တင်းတုပ်ဖို့သာ တတ်တဲ့ဟာမတွေ ... သွား ငါတို့ပစ္စည်းတွေ အမြန်သိမ်းကြတော့ ... ငါနော် နင်တို့ကို ချက်ချင်း အလုပ်ဖြုတ်ပစ်ချင်နေပြီ ... အလကား ဟာမတွေ ... "

ဒေါ်ရင်မေနှင့် မိဝါတို့ပြာလောင်ခပ်ပြီး အိုးခွက်တွေ သိမ်းဆည်းကုန်၏။ မေဒီမိုက သူတို့လုပ်ကိုင်နေသမျှကို လက်ပိုက်ကြည့်နေလိုက်၏။

❀.❀.❀

ညစာစားပွဲမှာ စွမ်းတို့သားအမိ မြိန်ယှက်စွာစားသောက်နေကြတာကိုကြည့်ပြီး မေဒီမို ပီတိဖြစ်နေမိ၏။ ဒေါ်မီးမီးတို့ သားအမိတွေ ဆေးရုံသွားကုန်ကြ၏။ ဒေါ်မီးမီးက စွမ်းတို့သားအမိကို ဆေးရုံခဏခဏမလာအောင် ပြဿနာရှာထား၏။

"ဖေဖေ့ကိုသွားပြီး ပြုစုချင်တယ် ... ဒီဒီကိုကြောက်လို့ ဒေါ်မီးတို့ သားအမိတွေ ပြဿနာရှာရဲတော့မှာ မဟုတ်ပါဘူး ... မေမေ မနက်ဖြန်ကျရင် ဖေဖေ့ကို သွားတွေ့ရအောင်နော်"

"ဖြစ်ပါ့မလား သားရယ် ... ဆေးရုံပေါ်မှာ အရှက်မရှိ





ပြဿနာ ထရှာနေမှ အရှက်တကွဲ အကျိုးနည်းတွေ ဖြစ်ကုန်ပါဦးမယ် ... မင်းအဖေဆီ မေမေလည်းသွားတွေ့ချင်တာပေါ့ ... ဒါပေသိ အကျယ်အကျယ် မငြိမ်းဖွယ်တွေဖြစ်မှာ စိုးလို့ပါ"

"အဲဒီအတွက် မပူပန်ပါနဲ့ အန်တီ ... ကျွန်မ ကြည့်ရှင်းပါ့မယ် သူတို့ ကိုင်ရှာရင် အန်တီတို့သားအမိ အသာဘေးဖယ်နေ ကျွန်မ ကြည့်ရှင်းလိုက်မယ်"

"ကြားလား မေမေ ... ဒီဒီက ဒေါ်မီးမီးကို ပိပိပြင်ပြင် နှိပ်ကွပ်ထားတာ စိုးရိမ်စရာမရှိပါဘူး ... နက်ဖြန် မနက်သွားကြမယ်နော် ... ဖေဖေ့အတွက် စွပ်ပြုတ်ကောင်းကောင်းလုပ်သွားကြမယ် ဒီဒီလည်း အတူလိုက်မှာပဲ ... "

ဒေါ်သန္တာကြည် ပင့်သက်ရှိုက်ဖိုလေးချပြီး ခေါင်းလေးသာ ညိတ်ပြလိုက်ရတော့၏။ စွမ်းပျော်ပြီး ဒီဒီကို မျက်စိတစ်ဖက်မှိတ်ကာ လက်မထောင်ပြ၏။ ဒီဒီ ရင်ထဲပျော်ရွှင်ချမ်းမြေ့သွား၏။

❀.❀.❀

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

မယားနှစ်ယောက်ယူထားသော သူဌေးကြီးဆေးရုံခုတင်ပေါ်မှာ အသက်ရှင်နေသော်လည်း သေနေသကဲ့သို့ပင် လဲလျောင်းနေရ၏။ မျက်လုံးက တစ်နေရာထဲကိုသာ စိုက်ကြည့်နေ၏။ စကားလည်း မပြောနိုင်၊ လှုပ်ရှား သွားလာနိုင်ဖို့ဆိုတာ ဝေလာဝေး။

ဒေါ်သန္တာကြည်က ခင်ပွန်းဖြစ်သူရဲ့ လက်ကလေးကို ညင်သာဖွဖွဆုပ်ကိုင်ပြီး နားအပါးကပ်ကာ တတွတ်တွတ်တီးတိုးပြောနေ၏။ မျက်ရည်တွေလည်း ဝဲနေ၏။ ငယ်လင်ငယ်မယား။ တရားဝင်ယူထားကြသူတွေကိုး မီးမီးက နောက်မယားအဖြစ်တရားဝင်ယူထားသော်လည်း မယားကြီးနှင့် မယားငယ်တို့ရဲ့ သံယောဇဉ်ချင်းက မတူပါလား။

လှနှာအပါးက တစ်ဖဝါးမခွာ စောင့်ရှောက်မယ်ဆိုသော





မီးမီးတစ်ယောက်၊ ဒေါ်သန္တာကြည်တို့ ရောက်လာသောအခါ ဆေးရုံမှာမရှိ။ နေ့ချူတီဝင်သော နာပ်(စ)မလေးသာ အခန်းပြင်မှာ ရှိနေ၏။ လှနှာကတော့ အခန်းထဲမှာ တစ်ယောက်ထဲ ... ။

စွမ်းက ဖခင်ဖြစ်သူကို ကန်တော့လိုက်ပြီး ... ဆရာဝန်ကြီးအခန်းကိုသွားကာ မေးမြန်းဆွေးနွေးနေ၏။ ဒီဒီလည်း ဒေါ်သန္တာကြည် အပါးမှာရပ်ပြီး လှနှာကို စိတ်မသက်မသာသလိုငေးကြည့်နေမိ၏။ ဥပမိရုပ်ကောင်းပြီး ဆံပင်ဖြူတွေ ဖွေးဖွေးလှုပ်နေသော သူဌေးကြီးကတော့ ဘာမှမသိရှာ။ ဒေါ်သန္တာကြည်ပြောဆို၍ ပြီးသွားစဉ် ... ဒေါ်မီးမီးတို့ မိသားစုတွေ ပြန်ရောက်လာ၏။ လက်ထဲမှာလည်း စားသောက်စရာမျိုးစုံနှင့် လှနှာစောင့်သီးသန့်အခန်းက ကျယ်ဝန်းလှ၏။ ညှိခန်းဖိမ်ခံ ပစ္စည်းမျိုးစုံနှင့် အိမ်မှာနေပြီး လှနှာပြုစုနေရသယောင် ဖန်းတီးထား၏။ အခန်းငှားခကလည်း မနည်းမနော။

ဒေါ်မီးမီးတို့ မိသားစုအပြင် ဒေါ်မီးမီးရဲ့မိတ်ဆွေဘော်ဒါကြီးနှစ်ယောက်လည်းပါလာ၏။ ကြက်ကြော်၊ စပါဂတ်တီ၊ ဒိုးနတ်၊ ပီဇာ၊ ဆင်းဒဝစ်တွေ ဝယ်လာကြ၏။ ပျော်ပွဲစားထွက်လာသလိုပင် လာရောက်စားသောက်ပြီး လှနှာလာစောင့်နေကြပုံပေါ်၏။

ဝင်လာခါစက သူတို့အာရုံနှင့်သူတို့မို့ ဒီဒီတို့ကိုမမြင်သေး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဗစ္စည်းတွေနေရာချရင်း နောက်ပြောင်ရယ်မောပြောဆိုနေလိုက်ကြတာ လက်ပံပင်ဇရက်ကျနေသလိုလို။

သေကောင်ပေါင်းလဲ လူနာက စောင့်နေရတယ်ဆိုတာ သတိမေ့နေပုံရ၏။ နေဗလမောင်က အရင်လှမ်းတွေ့သွားပြီး ကျန်တဲ့လူတွေကို လက်ကုပ်ကာ မျက်ရိပ်ဖျတ်ခနဲပြလိုက်၏။ အားလုံးထဲမှာ ဒေါ်မီးမီး အံ့ဩမဆုံးပင် ... ဒီဒီတို့ကို တွေ့လိုက်သည်နှင့် ဟန်မဆောင်နိုင်အောင် အံ့ဩသွား၏။

"နင် ... နင် ... နင်တို့ ဘာလို့ဒီကိုရောက်လာကြတာလဲ သန္တာကြည် ... နင် ဘာလို့"

ဒေါ်သန္တာကြည် ပြန်မပြောခင် ဒီဒီကဝင်၍

"အန်တီကြည်က သူခင်ပွန်းဆီလာတွေ့တာပဲ ဘာဖြစ်လို့လဲ မယားကြီးက တွေ့ခွင့်မရှိဘူး ... မယားငယ်ကပဲ တွေ့ခွင့်ရှိတယ် ပြုစုရမယ်လို့ ဘယ်သူကပြောထား မှာထားလို့လဲ ဒေါ်မီး"

ဒေါ်မီးမီး ဒေါသလဲထွက်၊ ပြန်ပြောရလည်း ခက်ဖြစ်နေစဉ် ဒေါ်မီးမီးနှင့် သက်တူရွယ်တူဒေါ်ကြီးတစ်ယောက်က မျက်စောင်းတုကြီး တဖျပ်ဖျပ်ခတ်ကာ ...

"မီးရေ ... ဒီကလေးမပြောဆိုတာ ရင့်လှချည်လား ... ယူ့ကို ပမာမခန့်နဲ့ သူက ဘာလဲ"



ဒေါ်မီးမီးက စစ်ကူရှိ၍ အားရှိသွားဟန်ဖြင့် ...

"သူက သန္တာကြည်တို့ခေါ်ထားတာ ဘာမှန်းကိုမသိဘူး ငါ့ကို တိုက်ခိုက်ပြီး ဒုက္ခမျိုးစုံပေးနေတာ ... သူပေါ့ အေမီရယ်"

"အိုး ... မိုင်ဂေါ့ ဒီဟာမလေးက မနေ့တစ်နေ့ကမှ လူဖြစ်လာပြီး ဒီလိုစော်ကားရဲတယ် ... အံ့ရော ... ဒီမှာဟေ့ မင်းအဆင့်နဲ့ မီးအဆင့်က အများကြီးကွာတယ် ... အသက်အရွယ်ရော"

"ရှင့်ပါးစပ်ပိတ်လိုက် ... ရှင်က ကျွန်မကိုလာပြောခွင့် မရှိဘူး ... ဒေါ်မီး အဆင့်က မယားငယ် ... မယားငယ်နဲ့ပေါင်းတဲ့ ရှင်တို့လို အန်းဒီတ်ကြီးတွေလည်း အဆင့်မရှိဘူး ... မြှောက်ထိုးဝင့်ကော် သာပေါင်းညာစား အလကားအဆင့် ... ရှင်ဆက်ပြောရင် ဒီအခန်းထဲမှာတင် ပွဲဖြစ်သွားမယ်"

"အိုး ... သိပ်မိုက်ရိုင်း ... အု ... အူး ... မီး ... ဘာလို့ တို့ပါးစပ်ကို ပိတ် ... အူး ... အူး"

ဒေါ်မီးမီးက ဒေါ်အေမီရဲ့ပါးစပ်ကို လက်နှင့်အတင်းပိတ်ပြီး အခန်းအပြင်ကို ဆွဲခေါ်သွား၏။ နေဗလမောင်နှင့် ရွှေပုလဲသွယ်တို့လည်း မကြည်မလင်နှင့် လိုက်သွားကြ၏။

စွမ်းပြန်ရောက်လာ၏။

"ဟိုဟာတွေ ဘာဖြစ်သွားကြတာလဲ ဒီဒီ"

www.burmeseclassic.com

www.burmeseclassic.com



"ဘုလာပြောလို့ ဘုတောလွှတ်လိုက်တာလေ … ခေါင်းထဲ
ထည့်မနေပါနဲ့ … ခေါက်ထားလိုက် စွမ်းရဲ့ဖေဖေကိုသာဂရုစိုက်
ဒီဒီမှာ အဖေမရှိတော့ဘူး … အဖေမေတ္တာငတ်ခဲ့ရတာမို့ ဖခင်ရှိတဲ့
သူတွေကိုတွေ့ရင် သိပ်အားကျတာပဲ"

ဒီဒီပြောရင်း မျက်ရည်သီသီဝေသွား၏။

ဒေါ်သန္တာကြည်က ခင်ပွန်းဖြစ်သူကို (၂)နာရီနီးပါးပြုစုပြီး
သည်နှင့် စပါယ်ရှယ်နပ်(စ်)ထံအပ်နှင်းပြီး ပြန်လာဖြစ်ကြ၏။ ဆေး
ထဲမှာ ဒေါ်မီးမီးတို့အဖွဲ့ကို မတွေ့ရ။ တစ်နေရာရာသွားပြီး အတင်း
တုပ်နေကြသလားမသိ။

အိမ်ပြန်ရောက်လာကြသည်။ နေ့ခင်းပိုင်းမှာ စွမ်းတို့သာ
အမိထံ ခွင့်ပန်ပြီး အိမ်ခဏပြန်ဖြစ်၏။ စွမ်းက အငှားကား ငှားခေ
လိုက်၏။ လမ်းထဲကို အငှားကားနှင့်ဝင်လာပြီး လန်းဆန်းသပ်ရ
နေသော မေဒီမိုကို ရပ်ကွက်ထဲက စပ်စုစိန်တွေက လှမ်းကြည့်ပြ
တီးတိုးပြောကာ အတင်းတုပ်ကုန်ကြ၏။ မေဒီမိုက ဂရုမစိုက်။ အိ
ထဲမှာမိခင်ဖြစ်သူ ဒေါ်မြရွှေနှင့် အောင်ဘုတို့ စကားပြောနေကြ
ဒေါ်မြရွှေက အနွေးထည်ဝတ်ထား၏။

"အမေ … အမေ နေမကောင်းဘူးလား"

"သမီးပြန်လာပြီ … ကောင်းပါတယ် … ခေါင်းနည်းနည်





အုံနေလို့ပါ … ဈေးစောစောသိမ်းပြီး အောင်ဘုကိုလိုက်ပို့ခိုင်းတာ
အစောလေးကတင် ပြန်ရောက်တယ်"

"အမေရယ် သိပ်ပင်ပန်းရင်လည်း နားလိုက်ပါလား"

"ဖောက်သည်ပျက်သွားမှာပေါ့ သမီးရယ် … ဒီခေတ်ကြီးမှာ
လူတိုင်းလိုလို ဈေးသည်တွေချည်းဖြစ်နေတာ"

"နှင့်အမေကတော့ ပြောလို့မရပါဘူး … နှင့်အမေ မနေ့က
ထဲက ဖျားနေတာ … ညက နှင့်ကိုတောင် ငါလာခေါ်မလို့ …
မခေါ်နဲ့တဲ့ … သူ့ဘာသာ မြန်မာဆေးနဲ့ ကုလိုက်တာ ချွေးတွေ
ထွက်ပြီး သက်သာသွားတယ် … သက်သာတာနဲ့ မနက်ကထဲက
အတင်းဈေးထွက်တာပဲ … ငါလည်း တားမရဘူး"

"ခင်မာချိုကိုခေါ်ထားမယ်ဆို …"

"ခင်မာချိုက လင်နောက်လိုက်သွားပြီ … နှင့်အမေကို ငါပဲ
စောင့်ရှောက်နေရတာ … ရွာတေးမရဲ့ ကျေးဇူးတင်ချင်ရင် ငါ့ကို
သာတင် … ကျေးဇူးဆပ်ချင်ရင် ငါ့ကိုသာယူလိုက် ဟုတ်တယ်နော်
ကြီးဒေါ်မြရွှေ …"

ဒီဒီက အောင်ဘုကို အမှတ်မထင်လက်သီးနှင့် ပိတ်ထိုးချ
လိုက်၏။

"ခွပ် …"



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

"ဟဲ့ ... ဟဲ့ ... သမီး ဘယ်နှယ့်လုပ်လိုက်တာလဲ"

"အဲလိုစကားမျိုး နောက်ပြောင်ပြီးတော့လည်း မပြော
ဒါမကြိုက်ဘူး ... ကျေးဇူးတင်တာ တခြားနည်းနဲ့ကျေးဇူးဆပ်လို့
ရတာယ်"

အောင်ဘုက ပေခံရှာ၏ နှာခေါင်းကို ထိုးမိ၍ နှာနုကိုလက်
နှင့် ပွတ်ရင်း အပြုံးမပျက်မျက်နှာဖြင့် ...

"နင်ချစ်လို့ ကျီစားတာ ခါခံနိုင်ပါတယ် ဗွာကျယ်မရယ်"

ဒီဒီ ဝုန်းခနဲထရပ်ပြီး လေးခွထည့်ထားသည့် ပလိုင်းကို အိမ်
တိုင်ချိတ်ထားတာ ပြေးယူတော့ အောင်ဘုလည်း တစ်ချိုးတည်
လစ်ပြီပေါ့ ... ဒေါ်မြရွှေက ...

"ဟောဒီ နှစ်ယောက်ဟာလေ ... ဘယ်ခါဝရေစက်လည်
မသိဘူး ... ခွေးနဲ့ကြောင်၊ ကြောင်နဲ့ကြွက်ကျနေတာပဲ တည့်လို
မတည့်ဘူး ဟင်း ..."

"အမေကလည်း သူက ပိုင်စိုးပိုင်နင်းကြီး လိုက်စ,နေတာ
သမီးအလုပ်ရှင် စွမ်းရွှေ့မှာ အဲလိုပြောလာရင် စွမ်းဘယ်လိုထင်သွား
မလဲ ..."

"အရင်ကလည်း နောက်ပြောင်နေကျပဲ သမီးရယ်"



"အခု မနောက်နဲ့ မကြိုက်ဘူး"

"အင်း ... ငါ့သမီးတော့ ရိုးမှရိုးရဲ့လားမသိဘူး၊ သူဌေးစွမ်း
ကို စိတ်ကူးနဲ့တောင် မမှန်းနဲ့သမီး အလှမ်းကျယ်ရင် အလယ်လပ်
တတ်တယ် ... ငါ့သမီးလေး ခံစားနေရမှာ စိုးလို့ပါကွယ်"

"အမေကလဲ ... အညွန့်ချိုးတဲ့စကား သိပ်ပြောတာပဲ ...
သူ့ဘာသာ ရှင်ဘုရင့်သား အိမ်ရှေ့မင်းသားပဲဖြစ်ဖြစ် ... ဆင်းရဲသူ
လေးက ချစ်ခွင့်ရှိမယ်ဆိုလည်း ချစ်လို့ရတာပါပဲ အမေရယ် ...
အဲပါ ဒါတွေ ဆွေးနွေးနေရင်ပြီးမှာ မဟုတ်တော့ဘူး ... အမေ့ကို
ဆေးခန်းလိုက်ပြမယ် ..."

"မပြနဲ့တော့ ... ပိုက်ဆံပိုကုန်တယ် ... အမေနေကောင်းသွား
ပြီ ... ဆေးခန်းပြမယ့်အစား ကြေးအိုးဆီချက်လေး အဝသောက်ပစ်
လိုက်ချင်တယ် ... သူများဝယ်ကျွေးလို့ သုံးလေးခါပဲစားဖူးတာ လျှာ
က အရသာပျက်နေတော့ အဲဒီဓာတ်စာလေးကို သွေးတောင်းနေ
တယ် သမီးရယ်"

"လိုက်ကျွေးမယ် ... အမေ အဝတ်အစားလဲ ... ဟိုဘက်
ရပ်ကွက်လမ်းထိပ်မှာ ကြေးအိုးဆိုင် အသစ်ဖွင့်ထားတယ် ... အဲဒီ
ကိုသွားသောက်ကြမယ် ... အငှားကားနဲ့သွားမလား"

"လမ်းလျှောက်မှာပေါ့ ... မသကာ မလျှောက်နိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုက္ကားစီးသွားမယ် ... ပိုက်ဆံဆိုတာ လွယ်လွယ်ရတိုင်း လွယ်လွယ်သုံးလို့ဖြစ်တာ မဟုတ်ဘူး ... ငါ့သမီးတော့ သူဌေးတွေနဲ့ ပေါင်းမိပြီး သူဌေးအကျင့်တွေ စ,စွဲနေပြီနဲ့တူတယ် ... ကိုယ့်ဘဝကိုယ် မမေ့ရဘူး"

"လုပ်ပြန်ပြီ လူညွန့်ချိုးတဲ့စကား သိပ်ပြောတာပဲ ... အငှားကားလေးစီးမိတာနဲ့ ရှိတဲ့ငွေအကုန်သုံးပစ်တာ ကျနေတာပဲ ... တော်ပြီ အမေ့ရှေ့မှာ ချွေတာပြမယ် ... ဆိုက္ကားလည်း မစီးတော့ဘူး လမ်းပဲလျှောက်မယ်"

"ဩော် ... အေးအေး ... ဒါမှ အမေ့သမီးစွာကျယ်မ အစစ်ပဲပေါ့ ... " တဲ့ ကောင်းရော။

* * *

အခန်း (၁၀)

ဂျပန်ရိုးရာစားသောက်ဆိုင်လေးထဲမှာ ဒီဒီနှင့်စွမ်းတို့ရောက်ရှိစားသောက်နေကြ၏။ ဆူရှီခေါ် ဂျပန်ထမင်းဆုပ်၊ ငါးအသားပြား၊ ဆာကေး ကောက်တေး(လ်)နှင့် ဂျပန်ရိုးရာစားဖွယ်စုံကို စားသောက်နေဖြစ်ကြ၏။

"စားလို့ကောင်းရဲ့လား ဒီဒီ"

"တစ်ခါတလေမှ စားကောင်းပါတယ် ... ဒီဒီက မြန်မာထမင်းဟင်းပဲကြိုက်တာ ... ကိုရီးယားအစားအစာလည်း မကြိုက်ဘူး ... ချစ်တီး ထမင်းဟင်းလည်း မကြိုက်ဘူး၊ ထိုင်းအစားအစာ၊ မလေး၊ အင်ဒို ... ဥရောပ အစားအစာ ဘာမှမကြိုက်ဘူး"

"မြန်မာထမင်းဆိုင်ကြီးကို ခေါ်သွားရကောင်းသား"

"အခုလည်း အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စွမ်းက စပို့ရှပ်အင်္ကျီ၊ စတိုင်ဘောင်းဘီနှင့် အလွန်ကြည့်ကောင်းနေ၏။ ပင်ကိုယ် လူရည်သန့်မို့ သားနားသပ်ရပ်နေ၏။ ဒီဒီအတွက် စူပါမားကက်ကြီးထဲမှာ,အဝတ်အစားနှင့် အလှပြင်ပစ္စည်းမျိုးစုံကို နှစ်သိန်းရှစ်သောင်းကျော်ဖိုး ဝယ်လာပေး၏။ ဒီဒီမှာတော့ အဖိုးတန်တွေ သုံးစွဲရမှာ နှမြောတွန့်တိုပြီး ရင်တမမ ... ငွေရှင်းရသော စွမ်းအဖို့တော့ လမ်းဘေးကွမ်းယာဆိုင်မှာ ကွမ်းယာဖိုးပေးလိုက်ရသလိုပင် ပေါ့ပါးလွယ်ကူလွန်းလှ၏။

ချမ်းသာသူတွေအတွက် ငွေနှစ်သိန်းသုံးသိန်းဆိုတာ မုန့်ပဲသရေစာဖိုးလောက်သာရှိမည်။ ဆင်းရဲသော ဒီဒီတို့အတွက်မူ တစ်လခွဲ၊ နှစ်လလောက် စားသောက်နိုင်သော အဖိုးအခဖြစ်နေ၏။

ဝန်ဆောင်မှုတွေ ဒင်းကြမ်းပေးနေသော ဆိုင်မို့ ...

“ရှင်တော်တော် အကုန်အကျများနေပြီ”

“အမေရိက ကပါ ဖြစ်နိုင်ရင် ကိုယ်တို့သားအမိကို ကာကွယ်ပေးတဲ့မင်းကို ရွှေနဲ့ချိန်စက်ပြီး ဝယ်စားရတဲ့ ဆာဗီးယားငါးဥတွေ ဝယ်ကျွေးချင်တယ်”

“ဆာဗီးယားငါးဥ အဲလောက်တောင်ဈေးကြီးတယ်”

“ဟုတ်တယ် ... ရုရှားရဲ့ ဗော်ကာအရက်နဲ့ဆို သိပ်လိုက်တာ”





“ဒီဒီသာဆို No ပဲ လုံးဝ မစားဘူး နှမြောလို့”

“ကိုယ့်အဖေက ပြောဖူးတယ် ... လူ့ဘဝမှာ စားတာရယ် အိပ်တာရယ် ကာမဂုဏ်ခံစားတာရယ် ဒါပဲရှိတာ ... ကောင်းကောင်းရှာ ... ကောင်းကောင်းစား ... ကောင်းကောင်းနေရမယ်တဲ့ ... ”

“အိပ်၊ စား၊ ကာ၊ မ ဤသုံးဝဆိုတာပဲရှိရင် လူနဲ့တိရစ္ဆာန်ဘာမှ မကွာခြားတော့ဘူး ... လူဆိုတာ လွတ်မြောက်လမ်းအတွက် ဉာဏ်ပညာဦးစီးပြီး ရှာဖွေရမယ်လေ ... အဲဒါတွေ သုံးလောကထွဋ်ထား မြတ်ဗုဒ္ဓဘုရားရှင်ရဲ့ တရားတော်တွေထဲမှာပဲ ရှိတယ်လေ”

စွမ်း မျက်ခုံးနှစ်ဖက် မြှောက်တက်သွား၏။

“ဒီဒီက ဘာသာတရားအသိလည်း အတော်များများရှိနေတာပဲ”

“ဘာလဲ ... ဒီဒီကို နလပိန်းတုံးများ မှတ်နေလား”

“မထင်ရဲပါဘူး”

“ဒီဒီက ဘဝပြေးအခြေအနေအရ ရိုင်းပြခက်ထန်နေရတာပါ မှဆိုးမသားအမိဆိုတော့ လူတွေက အနိုင်ကျင့်ချင်ကြတယ် ... ကြောရှုံ့ ကြံချင်ကြတယ် ... ဆွေမျိုးတွေနဲ့လည်း ကင်းကင်းပြတ်ပြတ်နေတော့ ဆွေပြတ်မျိုးပြတ်လို ဖြစ်နေတာလေ ... ပိုက်ဆံရှိ



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးတော်ချင်ကြတာလေ ... ဒီတော့ သူတို့ထက်ပိုကြမ်းပြလိုက်တယ် ... လူတွေရှိန်လန့်သွားတာပေါ့ ... အဲဒါကြောင့် ကြမ်းရမ်းပြနေရတာပါ ... တစ်နေ့တစ်ချိန်တော့ ဒီအကျင့်ဆိုးတွေကို ပြန်ပြင်မှာပါ ... "

စွမ်း သဘောတွေ့သယောင်နှင့် ခပ်ငွေ့ငွေ့ပြုံးလိုက်ပြီး

"ဒီဒီ ပြောထည့်လိုက်တာ ကိုယ့်ဖေဖေရဲ့ အယူအဆမျိုးတိရစ္ဆာန်နဲ့ နှိုင်းခံလိုက်ရသလို ဖြစ်သွားတော့တာပဲ"

"အို ... ဒီဒီ အဲလို မဆိုလိုပါဘူးနော် ... အပြောမတတ်တော့ ဆဲသလိုဖြစ်သွားရင် တောင်းပန်ပါတယ်ရှင်"

"ကိုယ် နားလည်ခွင့်လွှတ်ပါတယ် ဒီဒီ ... "

စွမ်းရဲ့အကြည့်တွေက အရောင်တဖိတ်ဖိတ်လက်နေ၏။ အဲဒီအကြည့်ထဲမှာ ဆွဲဆောင်မှုအားတွေ တောက်ပနေ၏။ ဒီဒီ ရင်ထဲအထိ စိုက်ဝင်သွားသော စွမ်းရဲ့အကြည့်ကြောင့် ဒီဒီရဲ့ ထိမ်းချုပ်ထားသော ရင်ခုန်သံတွေ လှုပ်လှုပ်နိုးထလာ၏။

နှစ်ဦးသား အကြည့်ချင်းဆုံ တိုက်နေမိကြ၏။

ဆံပင်ကုတ်ဝဲနှင့် လည်တိုင်ကျော့နေဖြင့် ချစ်စရာကောင်းလှသော မေဒီမိုမှာ တစိမ့်စိမ့်ကြည့်လေ ပိုချောလှလေဆိုသော အလှမျိုး။ အဆင်းသာရှိမည်ထင်သော ပန်းလှလှလေးမှာ ရနံ့နှင့်တူသော





အရည်အချင်းလည်းရှိသေး၏။ အဆင်းရနံ့ပြည့်စုံသော ပန်းကိုလူတိုင်းတန်ဖိုးထားတတ်ကြစမြဲ။

တချို့မိန်းကလေးတွေက ပြုံးလျှင် ပိုလှ၏။

တချို့က ရယ်မှ လှ၏။

တချို့က ရှားရှားပါးပါး ငိုမှလှသည့် မိန်းကလေးမျိုး၊ မင်းသမီး အိန္ဒြာကျော်ဇင်လိုမျိုးပေါ့။

တချို့ မိန်းကလေးက အလွန်တရာရှားရှားပါးပါး ဒေါသထွက်မှ ပိုလှနေတတ်ပြန်၏။ မင်းသမီး ဝတ်မှုံရွှေရည်လိုမျိုးပေါ့။ မေဒီမိုက ဒေါသထွက်လေ ပိုလှလေပင်။

ဒေါသထွက်လျှင် ဘယ်လောက်ပဲ ချောမောလှပသူ ဖြစ်ပါစေ အရုပ်ဆိုး အကျည်းတန်သွားတတ်၏။

မေဒီမို ချွင်းချက် အမျက်ထွက်လေ အလှတက်လေ။ မေဒီမိုက မိန်းကလေးပီပီ အကြည့်လွှဲဖယ်သွားရင်း ...

"ရှင် ... ဘာလို့ အဲလိုကြီး စိုက်ကြည့်နေရတာလဲ"

"မင်း သိပ်လှနေလို့ပါ"

"ဘုရားရေ ... ဒီဒီဘာသာ အဲလိုတစ်ခါမှ မတွေးမိပါဘူး၊ ရှင် သက်သက်မဲ့မြှောက်ပင့်ပြောနေတာပါ"

"မှန်တာပြောရင် သစ္စာပါ ... မင်းကသာ ဟန်ဆောင်မှုသား



www.burmeseclassic.com

www.burmeseclassic.com



ဆိုနေတာ … မင်းက ရွှေဖြစ်မယ့် နွံ … နှံ့နစ်နေတဲ့ ပတ္တမြား … ရွက်ပုန်းသီး … မိုးကျနတ်မယ် …”

ဒီဒီ မျက်လုံးလေးတွေ စိုင်းပြူးသွားပြီး …

“ရှင်ပြောတာနဲ့ ကျွန်မ မိုးပေါ်မြောက်တက်သွားတော့မယ်၊ အမှန်တော့ ရှင်က ခန့်ချောကြီးချောတာပါ … သိပ်စမတ်ကျတယ် ဘရိုက်ဖြစ်တယ် … ရှင့်မှာ ရည်းစားတွေ အများကြီးရှိမှာပဲနော်”

စွမ်း ဟက်ခနဲရယ်လိုက်ပြီး ဒီဒီကို မထီတရီလေးပြန်ကြည့်ကာ လေသံချိုနူးအေးလေးဖြင့်ပြောလိုက်၏။

“ရည်းစားမရှိ … လူပျိုစစ်စစ်လေးပါ … ဘဝပေးအခြေအနေအရ ရည်းစားထားချိန် သိပ်မရခဲ့ဘူး … ကိုယ်လူပျိုပေါက်တဲ့ အချိန်မှာ ကိုယ့်ဖေဖေက စီးပွားရေးလောကထဲ သွတ်သွင်းလိုက်တယ် … နောက်မယားနဲ့ နောက်သားသမီးတွေ ယူထားတဲ့ဖေဖေက ကိုယ်တို့သားအမိကို သူဖြစ်စေလိုတာပဲဖြစ်ခိုင်းတယ် … သူဖြစ်ချင်တာကို ဆန့်ကျင်ရင် ကိုယ်တို့သားအမိကို လမ်းခွဲပစ်တော့မှာလေ … ဖေဖေ မလုပ်နိုင်တော့တဲ့ အလုပ်တွေမှန်သမျှ ကိုယ်ပဲ ဒိုင်ခံလုပ်ခဲ့ရတယ် … အလုပ်ထဲမှာ စိတ်နှစ်ပြီး ကိုယ်တို့သားအမိဘဝ ကိုယ်တို့မိသားစုဘဝလေး အိုးစားမကွဲသွားဖို့ပဲ ကိုယ်အရေးစိုက်ကြိုးစားခဲ့ရတယ် … ကိုယ့်ကို သဘောကျတဲ့ မိန်းကလေးတွေ



အများကြီး ရှေ့လာမြောင်းပေးလုပ်တဲ့ သူတွေလည်းအများကြီး ကြုံဖူးပါတယ် … ရင်ခုန်မိချင်တာတွေလည်း ရှိခဲ့ဖူးတယ် … ဇွေဇွေစပ်စပ် ခံစားကြည့်တော့ စိတ်လှုပ်ရှားမိတာတွေပဲ ဖြစ်နေတယ် တရားဝင်ရည်းစားဖြစ်ခဲ့တာမရှိဘူး … အရိုးသားဆုံးပြောတာပါ ဒီဒီ”

မေဒီမို ဂရုဏာသက်ဝင်မိသွား၏။ စွမ်း အမှန်ပြောတာဟုလည်း စိတ်ထဲက ယုံကြည်မိ၏။ လေးနက်တည်ကြည်သော စွမ်းရဲ့ မျက်နှာပေါ်မှာ ချစ်ခြင်းတွေ ပွင့်လင်းဝေဆာဖို့ အဆင်သင့်ဖြစ်နေတာကို တွေ့လိုက်ရ၏။

“ကိုယ်ပြောတာ ယုံရဲ့လား ဒီဒီ …”

“အင်း … ယုံပါတယ်”

“ဒီဒီ့မှာကော ချစ်ရတဲ့ချစ်သူရှိနေပြီလား”

“ဘဝကကြမ်းတော့ လူကလည်းကြမ်းနေတာနဲ့ ဘယ်ယောကျ်ားလေးမှ အနားမကပ်ရဲကြဘူး … သမာဓိပိုး၊ အောင်သွယ်နဲ့ပိုးတာတွေ ရှိပေမယ့် ခါချခဲ့တယ် … ပြောင်စပ်စပ် ပိုးတာတွေကို အမြင်ကပ်ပြီး ပွဲကြမ်းလိုက်လို့ စွာကျယ်မ ဂျမ်းဒေါ်မဆိုပြီး ရှောင်ရှားကုန်ကြတယ် … ခုအချိန်ထိ ရည်းစားမရှိ ပကတိ အပျိုစင် ဒေါင်ဒေါင်မြည်တဲ့ အသည်းနဲ့လေ”

ဒီဒီပြောပြီး အချိုရည်တစ်ငုံသောက်လိုက်၏။ ဒီဒီပြောဆို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်သမျှကို စွမ်းက အလေးအနက် စိုက်ကြည့်နေ၏။

"ရှင် ... အဲလိုကြီးကြည့်နေရင် ကျွန်မ မနေတတ်တော့ဘူး"

စွမ်း ပြုံးသွား၏။ အကြည့်ကို လွှဲဖယ်ပြီး ...

"ကိုယ်တော့ ဒီတစ်သက် လူပျိုကြီးဖြစ်ပြီထင်ပါတယ်"

"ဘာဖြစ်လို့လဲ ... "

"ကိုယ်ချစ်ချင်တဲ့သူမျိုးကို ကြည့်ခွင့်လေးတောင် မရတဲ့အထိ ချစ်ကံခေနေရတယ်လေ ... "

"ရှင် ... "

စွမ်းရဲ့စကားကြောင့် ဒီဒီမမျှော်လင့်ထားသော ဝမ်းသာလှိုက်လှဲခြင်းတွေ ရင်ကိုဝင်တိုက်ပတ် မွှေသွား၏။ မျက်နှာပေါ်မှာ လိုလားမှုတွေ အပျော်ရိပ်တွေပေါ်လွင်သွားမှာစိုး၍ ခေါင်းငုံ့ပြီး ဆံပင်တွေနှင့် ကွယ်ကာလိုက်၏။

"ဒီဒီ စိတ်ဆိုးသွားပြီလားဟင်"

"ရှင် ... ဟို ... အဲ"

"ကိုယ် ... ဒီဒီ့ကို ချစ်နေပြီ"

ဒီဒီဆတ်ခနဲလှန်ကြည့်လိုက်၏။ စွမ်း အလေးအနက်ပြောနေသည်။ ဒီဒီ့နှုတ်ဖျားက လွှတ်ခနဲထွက်သွား၏။





"သေချာရဲ့လား စွမ်းရယ် ... "

"သိပ်သေချာတာပေါ့ ... ဒီဒီ ဒီဒီကို စ,တွေ့ကတည်းက ကိုယ့်ရင်တွေ လှုပ်ရှားခဲ့တယ် ... ဒီဒီနဲ့ ပတ်သက်ကြည့်တော့ မဟုတ်မခံ ဆတ်ဆတ်ကျဲမလေး သူ့အပေါ်အပြစ်ပုံကျလာတာကို ပြန်လှန်ရုန်းထွက်နိုင်တယ် ... ဂျလယ်မလေးဆိုပြီး စိတ်ဝင်စားခဲ့တယ် နောက်တော့ ကိုယ့်အနားမှာ ဒီဒီရှိနေစေချင်တာရယ် ... ကိုယ်တို့သားအမိအတွက် ဒေါ်မီးမီးတို့ မိသားစုရန်က ကာကွယ်ပေးစေလိုတာရယ်ကြောင့် ဒီဒီ့ကို ခေါ်ထားလိုက်ရတာပဲ"

"စွမ်းက ဆင်ကြံကြံတာပဲ"

ဒီဒီက ချစ်မျက်စောင်းလေးထိုးပြီး ပြောလိုက်၏။ စွမ်းက ပြုံးချိုချိုမျက်နှာထားဖြင့် ...

"အတည်ကြံတာပါ ဒီဒီ ... "

"စွမ်းတို့နဲ့ ဒီဒီတို့ရဲ့ အခြေအနေက မိုးနဲ့မြေလိုကွာခြားတယ် ဖြစ်ပါ့မလား စွမ်းရယ် ... "

"ဒီဒီရဲ့ တုန့်ပြန်အချစ်သာ စစ်မှန်ပါစေ ... ဘာမဆိုရင်ဆိုင်ပြီး ကိုယ့်ချစ်ရဲတယ် ... ကိုယ့် မေမေနဲ့တိုင်ပင်ပြီးပြီ သဘောတူတယ်တဲ့ ... ကိုယ်တို့သားအမိပဲရှိတာ ဘယ်သူ့သဘော[illegible]စရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးလို့လဲ ဒီဒီရယ် ...”

“ဟုတ်တော့ ဟုတ်ပါတယ် ... ဒါပေမယ့် စွမ်းရဲ့ဖေဖေ ပြန်ကောင်းလာပြီး သဘောမတူဘူး ... ဘာညာတွေ ဖြစ်လာရင် ဘယ့်နှယ့်လုပ်မလဲ”

“မိုးပြိုမှာကိုတွေးပြီး ကြောက်နေပြန်ပြီ ... ကိုယ့် ဖေဖေ ပြန်ကောင်းလာဖို့က ဆယ်ရေးမှာ တစ်ရေးပဲမျှော်လင့်စရာရှိတယ် ပြန်ကောင်းလာရင်တောင် ဖေဖေက လူတစ်ယောက်ရဲ့ အဆင့်အတန်းကို ငွေကြေးနဲ့ တိုင်းတာဆုံးဖြတ်တဲ့သူမဟုတ်ဘူး ... ကိုယ်ကျင့်တရားနဲ့ပဲ ဆုံးဖြတ်တဲ့လူစားမျိုး ပူမနေပါနဲ့ ဒီဒီဘက်ကသာ ကိုယ့်ရဲ့ အချစ်ရထားကြီးမောင်းဝင်လာဖို့ မီးစိမ်းပြပြီး အလံချိုးပြလိုက် အချစ်နဲ့အားလုံး အိုကေသွားမယ် ...”

စွမ်းက အားတက်သရောပြောပြနေ၏။ ဒီဒီမရဲ့တရဲလေး တုန့်ပြန်ကြည့်ပြီး ရင်ဖိုလှိုက်ခါ နားထောင်နေရှာ၏။ နှုတ်ဆိတ်နေသော ဒီဒီကိုကြည့်ပြီး စွမ်းအားမလိုအားမရဖြစ်သွားဟန်တူ၏။

“ဒီဒီ ...”

“ရှင် ...”

“ကိုယ့်ကိုချစ်တယ်မဟုတ်လားဟင်”



“ဒီ ... ဒီဒီ စဉ်းစားပါရစေဦးရှင်ရယ်”

စွမ်း မျက်နှာလေးချိုနေရာက အရောင်တစ်မျိုးပြောင်းလဲသွား၏။ ဘယ်လိုသဘောထားအရောင်လည်း ဆိုတာ ပြောပြရခက်ခဲ၏။

“ကိုယ့်အချစ်ကို မယုံလို့လား ဒီဒီ”

“အို ... စွမ်းရယ် ... တလွဲမထင်ပါနဲ့ ယုံပါတယ် ...”

“အချစ်တိုင်းပြည်ကြီးကို ကိုယ့်ဘက်က အားကြိုးမာန်တက် တည်ထောင်ပြီးပြီ ... ဒီဒီဘက်က အဲဒါက အချစ်တိုင်းပြည်ပါလို့ အသိ အမှတ်ပြုပြီး ကြေငြာလိုက်ရုံပါပဲ ... ဒါ စဉ်းစားရလောက်အောင် ခက်ခဲတဲ့ကိစ္စဖြစ်နေလို့လား”

“ဒီဒီက မိန်းမသားလေ ... အညာလွယ်ရင်လည်း တန်ဖိုးမဲ့လိမ့်မယ် ... အညာခိုင်ရင်လည်း တန်ဖိုးယိုင်လိမ့်မယ် ... အညာဆိုတာ အထာလေးတော့ရှိထားမှ ဖြစ်မှာပေါ့ ... ဆင်းရဲသားချင်း လက်ထပ်ရတာ အကြောင်းမဟုတ်ပေမယ့် ... သူဌေးနဲ့လက်ထပ်ရမယ့် အရေးကတော့ ဆင်းရဲသားတဲ့ မိန်းကလေး ဝီဝီ အများကြီး စဉ်းစားရဦးမယ်လေ ...”

ဒီဒီကြိုးစားပြီး ရှင်းပြသော်လည်း စွမ်းပုံစံက စိတ်ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



မှမရ၊ ဒီဒီကို စိတ်ရှုပ်ထွေးဟန်ဖြင့် တုန့်ပြန်ကြည့်နေ၏။ ဒီဒီအနေ ရခက်လှပါတော့သည်။ မြန်မြန်သွားသွား နှေးနှေးသွားသွား အချိန် ကန့်သတ်မထားတဲ့ အချစ်ခရီးမှာ ပန်းတိုင်က ဘယ်ထွက်ပြေးမှာ လိုက်လို့။ စွမ်းဘက်ကတော့ ဒီဒီ မူယာမာယာများပြီး အထာကိုင် လိုက်တာဟု ထင်သွား၏။ ကောက်ညှင်းက မစီးရဘဲ ဆန်ကြမ်းက စီးပြနေသလိုဖြစ်နေ၍ ရင်ခံသွား၏။ စိတ်အစာအကြေတော့။

ဒီဒီကို ကိုယ်နားမလည်ဘူးဟု စွမ်းစိတ်ထဲကပြောလိုက်၏။ အဲသလိုဆိုလျှင် ဒီဒီကပေ့လည်ကြောင်ပတ် စကားတွေနှင့် ဆက် လှည့်ပတ် ကစားနေဦးမှာပင်။ ဒါကြောင့် စွမ်းပါးစပ်က လွှတ်ခနဲ ထွက်သွားသည့်စကားက ...

"ပြန်ကြရအောင် ... "

ကျေးမွေးချည်ခံသူက ပြန်မည်ဆိုမှတော့ လိုက်စားသော ရသူက ဘယ်လိုဆက်နေလို့ ရတော့မှာလဲ။

စွမ်းရဲ့ သဘောတော်မြတ်အတိုင်းသာပေါ့။

နှစ်ယောက်သား တိတ်ဆိတ်စွာ ထပြန်လာလိုက်ကြ၏ ရင်ခုန်သံတွေ အစောပိုင်းက လိုက်ဖိုနွေးထွေးခဲ့သလောက် နောက် ပိုင်းမှာ အေးစက်တင်းခဲနေ၏။ စွမ်း အထင်လွဲနေပြီဆိုတာကို ဒီ





ရိပ်စားမိ၏။ စွမ်းနားလည်အောင် ခွဲဖိုးရှင်းပြလိုက်လျှင် ဒီဒီဘက်က မိန်းကလေးတန်ဖိုး၊ အချစ်တန်ဖိုးတွေ လျှော့နည်းဈေးကျသွား တော့မှာ သေချာ၏။ ဒါကြောင့် မသိမသာ အကြည့်နှင့် အပြောတွေ ပါ ထိန်းချုပ်တည်ငြိမ်ပစ်လိုက်တော့သည်။

ဋ ဋ ဋ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

နောက်နေ့တွေမှာ စွမ်းရဲ့ပြောင်းလဲမှုက ခွေးတွေးမှုမရှိသလို လို။ လိုရင်းတိုရှင်းသာ စကားပြောပြီး သူ့အလုပ်ကိစ္စ သူသွား၏ ပြန်လာလျှင်လည်း ဂိမ်းဆော့တာ၊ စလောင်းကြည့်တာ၊ မိခင်နှင့် စကားပြောတာတွေသာ ပြုလုပ်နေတတ်၏။ ဒီဒီ့ကိုမသိကျိုးကျွံပြု ထားချင်၏။ ဒီဒီစကားသွားပြောလျှင်တော့ ကောင်းမွန်စွာပြန် ပြောတတ်၏။ စွမ်း စိတ်ခု စိတ်ဖုနေတာမို့ ဒီဒီလည်း အနေကျပ် မိ၏။ ဒေါ်မီးမီးတို့ မိသားစုကလည်း တခြားမှာတိုက်ခန်းဝယ်ပြီး ယာယီပြောင်းနေကြ၏။ သူတို့လူတွေ သူတို့ခေါ်သွား၏။ မြစောင့် နှင့်မာလီတို့ပါမချန် ခေါ်သွား၏။

"စွမ်း ..."

"ဩော် ... ဒီ ဒီ ... ပြော"





"ခြံထဲမှာ အမှိုက်သရိုက်တွေ ရှုပ်ပွနေတယ် ... ပြီးတော့ မာလီ လည်း မရှိလို့ သစ်ပင်ရေလောင်းဖို့ အခက်အခဲဖြစ်နေတယ်၊ ခိုင်းဖို့ လူ တစ်ယောက်လောက်ခေါ်မှ ဖြစ်လိမ့်မယ်"

"အင်း ... ကိုယ်လည်း စဉ်းစားမိပြီးသားပါ လူရှာနေတာ"

"ဒီဒီတို့ အိမ်ဘေးမှာ မောင်နှမလိုနေတဲ့ အောင်ဘုဆိုတာ ရှိတယ် ... သူက အလုပ်မျိုးစုံလုပ်တတ်တယ် ... သူ့ကိုခေါ်ခိုင်း ကြည့်ပါလား ... စိတ်တိုင်းမကျတော့လည်း ဖြုတ်ပစ်ပေါ့"

"ဒီဒီ ဆန္ဒရှိရင် ခေါ်လိုက်ပါ ... လစာ အကြမ်းဖျင်း တစ်သိန်း ခွဲပေးမယ် ... ဒါမှလည်း လိုလိုလားလား လုပ်ချင်မှာပေါ့"

"ဒါဆို ဒီဒီ ဖုန်းနဲ့ဆက်သွယ် အကြောင်းကြားလိုက်မယ်လေ"

"ဒီဒီသဘော ..."

"စွမ်းပေးထားသော ဟမ်းဖုန်းဖြင့် မိခင်ကြီးထံ လှမ်းဆက် လိုက်၏။ စွမ်းက အရေးအကြောင်းရှိက ဆက်သွယ်ရအောင် ဒီဒီ့မှာ ဖုန်းတစ်လုံး ... ဒီဒီ့မိခင်မှာ ဖုန်းတစ်လုံး ဝယ်ပေးထား၏။ ဒေါ်မြ ရွှေ ဟမ်းဖုန်းပြောနေလျှင် ရပ်ကွက်ထဲက မနာလိုသူ သွားခေါ်မ၊ ဒေါ်မာသယ်၊ ဗိုက်ကြီးဝင်းကြည်တို့က ဝိုင်းဖွဲ့အတင်းတုပ်ကြ၏။ ထိုအချိန်က ယခုကဲ့သို့ ဖုန်းများမပေါ်များသေး။ ပစ္စည်းရှိ လူတန်း စား၏ အဆင်တန်ဆာ အဆင့်တွင်သာရှိနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"မသာနဲ့ နားငွေ့ခင်းနဲ့ မလိုက်လိုက်တာဟယ်"

"ဟုတ်ပ ... စိန်နားကပ်အရောင်နဲ့ ပါးပြောင်နေတဲ့ဟာမက သမီးဗန်းပြပြီး လုပ်စားနေတာလေ ... တို့ထက် သာသွားလို့ တမင် လှမ်ကြွားနေတာ ဟွန့် ... "

"အသားမဲ သက်လွှင်ထူးနဲ့ မိချိုချဉ်မတို့ လင်မယားကို ဟိုက ငွေချေး ... ဒီက ကလိန်ကကျစ်ကျပြီး ငွေအားလေးနဲ့ဝတ် စားရတော့ ဘဝမေ့နေတာ ဘဝင်လေဟပ်ပြီး အခုတော့ လေဖြတ် ကုန်ကြပြီလေ ... မြရွှေလည်း ဒီလိုပဲ လာမှာအေ့ ... "

ဒီဒီ ဖုန်းနှိပ်ရင်းက မိခင်ကြီးကို ဝိုင်းမနာလိုပြီး ပြောခဲ့ကြ သူတွေကို ပြန်တွေးမြင်ယောင် ကြားယောင်မိလေသည်။ စွမ်းက တော့ ကွန်ပျူတာနှင့်စာရင်းအင်းတွေ ဆက်လုပ်နေ၏။ ဒီဒီဖုန်း ဆက်လိုက်တော့ မိခင်ကြီးက တစ်ဆင့်အောင်ဘုနှင့် ဆက်သွယ် ပြောခွင့်ရ၏။

အောင်ဘုတစ်ယောက် ဆိုက္ကားနင်းရတာ မကိုက်လို့ ဂါ ပြောင်းနင်းနေတာလည်း အဆင်မပြေ။ အလုပ်သစ်ရှာနေတာနှင့် သွားတိုး၍ အဆင်ပြေသွား၏။

"ကျေးရွာတင်လိုက်တာ စွာကျယ်မရယ် ... နင့်အနားမှာ ငါနေရရင် ... ငါကျေနပ်ပါပြီ ... နင်နဲ့အနေနီးဖို့ တို့ရပ်ကွက်ထဲက



ဆူတောင်းပြည့်စေတီလေးမှာ သန့်ရှင်းရေးလုပ်ပြီး ငါညတိုင်းဆု တောင်းခဲ့တာ အခုတော့ ပြည့်ပြီပေါ့ဟာ ဝမ်းသာလိုက်တာ အခု ချက်ချင်းလာခဲ့ရမလား ... "

"နေဦး မနက်ဖြန် ကားနဲ့လာခေါ်မယ် ... နင့်ဘက်က အဝတ်အစား သေတ္တာတစ်လုံးပဲယူခဲ့ ... ကျန်တာဘာမှ သယ်မလာ နဲ့ ဒီမှာအပြည့်အစုံရှိတယ်"

"သူဌေးအိမ်ဆိုတော့ ဘာလိုသေးလို့လဲဟာ ... နင်လည်း သူဌေးနဲ့နီးလို့ တသွေးတမွေးကြီးကို လှနေတော့တာပဲ ... နင့်ဘဝ မင်းသမီးလေး နတ်သမီးလေးကို တင့်တယ်လှပနေရင် ငါကျေနပ် ပြီ ... တကယ်တော့ နင်ကောင်းစားမယ်ဆိုရင် ငါသူတောင်းစားပဲ ဖြစ်ပါစေ နင့်အတွက်ပဲ ငါစဉ်းစားတယ် ... အဲဒါ ဘာကြောင့်လဲ နင်သိလား စွာကျယ်မ ... "

"သိသားပဲ ... "

"ပြောစမ်း ဘာလဲ ... "

"ရှူးလို့ ... "

ဆီ ဆီ ဆီ

www.burmeseclassic.com

www.burmeseclassic.com



အောင်ဘုရောက်ရှိလာခြင်းအပေါ် စွမ်းက အလေးမထား

"ဒီဒီလူကို ဒီဒီပဲထိန်းကျောင်းပြီး လိုအပ်တာနိုင်းစေပေါ့ ကိုယ်ကတော့ အလုပ်တွေများနေလို့ လွှဲပေးလိုက်တာ ..."

"စွမ်း ..."

"ပြော ..."

"ဒီဒီအပေါ် ရင်ခံနေသလိုပဲ"

"ထင်လို့ပါ ..."

စွမ်းပခုံးနှစ်ဖက် တွန့်ပြပြီး လှည့်ထွက်သွား၏။ ဒီဒီပင့်သက် လိုက်ဖိုလေးချလိုက်၏။ အောင်ဘုက ...

"သူဌေးတလည်း တို့နဲ့လယ်ဗယ်လောက်ပဲရှိသေးတယ် ... အသက်ကိုပြောတာ ခန့်လည်းခန့် ချောလည်းချောတယ် ... နင်နဲ့ ဘယ်လိုလဲ ဟဲ ဟဲ"

"အောင်ဘု မဆိုင်တာမမေးနဲ့ ခြံထဲမှာ နင်လုပ်ရမှာတွေ ငါပြထားပြီးပြီ ... ကိုယ့်အလုပ်ကိုယ်သွားလုပ် ... မျက်နှာမပြောင် နဲ့ ငါ့လက်က နင့်ခေါင်းကို ဒေါင်ဒေါင်မြည်အောင် ခေါက်တတ် တယ်"

"စိုးရိမ်လို့မေးတာပါ စွာကျယ်မရယ် ... တကတည်း နင့် ကိုယ်နင် သူဌေးကတော်ကြီး အိုက်တင်နဲ့ ငါ့ကို လာခိုင်းနေသေး





တယ် ... မီးသီးသည် မဗျိုင်းလို ဘဝမမေ့ချင်စမ်းပါနဲ့"

ဒီဒီ လိုက်ခေါက်တော့ အောင်ဘု ခြံထဲဆင်းပြေး၏။

* * *

နေဗလမောင် အိမ်ပြန်ရောက်လာ၏။ မျက်နှာလေးညှိုးနွမ်း ပြီး လေးကန်သော ခြေလှမ်းတွေနှင့် ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ဒီဒီက မီးဖိုခန်းထဲမှာ ချက်ပြုတ်ပြီး၍ ထွက်လာစဉ်

"အောင်ဘု ... အောင်ဘု"

ကျောဖက်က မြင်ရ၍ နေဗလမောင်ကို အောင်ဘုမှတ်ထင် ပြီး ခေါ်လိုက်၏။ နေဗလမောင်က လှည့်ကြည့်ပြီး ...

"အောင်ဘုဆိုတာ ခြံထဲမှာ ရေလောင်းနေတဲ့လူကို ပြော တာလား ..."

"သြော် ... လူမှားသွားလို့ ဟုတ်တယ် သူပဲ"

"ကျွန်တော့် သွားခေါ်ပေးရမလား မမဒေီဒီ"

လေသံ၊ အခေါ်အပြော၊ မျက်နှာအနေအထားပါ လုံးဝ ပြောင်းလဲ ယဉ်ကျေးသွားသော နေဗလမောင်ကြောင့် တမင်အရွဲ့ တိုက်နေတာလားလို့ မဒေီဒီထင်မိသွား၏။

နေဗလမောင်က ရှိသေယာန်ဖြင့်ထရပ်လိုက်ပြီး သွားခေါ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြင်လိုက်၏။ ဒီဒီက ...

"နေ ... နေ လိုအပ်မှ တို့ဘာသာခေါ်မယ် ... ခုနက အောင်ဘုမှတ်လို့ မှားခေါ်လိုက်တာ ... "

နေဗလမောင်ရဲ့ ပုံစံက နောင်တရပြီး ကြေကွဲနေဟန်မျိုး။

"မမမေဒီမို ... ဖေဖေဆုံးတော့မယ်ထင်တယ် ... ဖေဖေသာ ဆုံးခဲ့ရင် ရွှေတောင်ကြီးပြိုလဲသလိုဖြစ်တော့မှာ ဖေဖေ့ကို မသေစေ ချင်ဘူးဗျာ ... ကျွန်တော်တို့ သဘောထားကွဲလွဲခဲ့တာတွေလည်း ပြီးပါစေတော့ ... မမကို ကျွန်တော် ဘယ်လိုမှသဘောမထားတော့ ဘူး ... မမလည်း ကျွန်တော်တို့မိသားစုအပေါ် ရန်ငြိုးရန်ကြွင်း မထားပါနဲ့ဗျာ ... ကျွန်တော်တို့ဘက်က လွန်ခဲ့တယ်ဆိုရင်လည်း ကျွန်တော်အနူးအညွတ်တောင်းပန်ပါတယ်"

နေဗလမောင်က မာန်စွယ်ကိုချိုးပြီး ရိုရိုသေသေတောင်း ပန်နေသောအခါ သဘောထား တင်းတင်းမာမာထားသမျှတွေ မေဒီမို့ရင်ထဲမှာ တစ်ထစ်လျှော့ဖြေပေးလိုက်၏။

"ရပါတယ် ... တို့ရင်ထဲမှာလည်း ဘာမှ မရှိပါဘူး"

"ကျေးဇူးတင်ပါတယ် ... မမမေဒီမို ကျွန်တော့်တော့ ဖေဖေ့ ကို မကြည့်ရက်လို့ အိမ်မှာ ပြန်နားနေတာ"

"မင်းဖေဖေက အခြေအနေပိုဆိုးနေလို့လား"





"အလူးအလိမ့်ကြီးလည်း မဟုတ်ပါဘူး ... သတိပြန်လည် လာသလိုဖြစ်ပြီးမှ သတိပြန်လစ်သွားတာမျိုးပေါ့ ... သေငယ်ဇော နဲ့ မျောနေတာလား မသိဘူး ... ဆရာဝန်ကြီးတွေကတော့ သိပ် မထင်တော့ဘူး"

"ဒါဆို ... အန်တီသန္တာကြည်ကို အကြောင်းကြားသင့်တာ ပေါ့ ... "

"ဟုတ်တယ် ... ကိုကြီးရဲ့စွမ်းပါ သိသင့်တယ် ... မမဝဲ ပြော ပြလိုက်ပါ ... ဆေးရုံကို ကျွန်တော်လိုက်ပို့ပေးပါ့မယ် ... အန်တီ အပေါ်မှာလား"

"ဟုတ်တယ် ... အန်တီပဲ အခုလောလောဆယ်ရှိတယ် ... စွမ်းကတော့ အလုပ်ထဲရောက်နေပြီ ... "

"ဒါဆိုလည်း အန်တီ့ကိုခေါ်လာခဲ့လိုက်ပေါ့ ... "

"မင်းနေသာသလိုနေပါ ... တို့ပဲ အန်တီကိုခေါ်သွားလိုက် မယ်"

ဒီဒီသွားတွေ့လိုက်၏။ ဒေါ်သန္တာကြည်က တရားရနေသ ဖြင့် ကြားရသည့်သတင်းဆိုးအပေါ်မှာ တုန်လှုပ်သွားဟန်မရှိ။ ဘာမှ လိမ်းခြယ်မထားသော်လည်း မွေ့တွာစာတ်ဖြင့် လှပနေသော အန်တီက အဝတ်အစားလေး သေသပ်အောင်ဝတ်ဆင်ပြီး ဆေးရုံ

www.burmeseclassic.com

www.burmeseclassic.com



သွားဖို့ လိုက်လာ၏။ အောက်ထပ်မှာ နေဗမောင်ကို မတွေ့ရတော့။ ဒေါ်သန္တာကြည် ကားကိုမောင်းပြီးဆေးရုံအရောက်သွားကြ၏။

လူနာအခြေအနေက ယခင်အတိုင်းပင် ဒေါ်မီးမီးတို့သားအမိ မျက်နှာညှိုးငယ်စွာဖြင့် ထိုင်နေကြ၏။ ဒီဒီတို့ရောက်လာတော့ အလိုက်သိသိဖြင့် ဖယ်ခွာထသွား၏။ နေဗလမောင်ကို ဆေးရုံပေါ်မှာမတွေ့။ ဒေါ်သန္တာကြည်က လင်သားဖြစ်သူကို ပြုစုပေး၏။ ချွေးသေး စွန့်ထားတာတွေ ဆေးကြောသန့်စင်ပြီး အသစ်ပြန်လဲပေး၏။ နောက်ဆရာဝန်ကြီးကို ဝင်တွေ့ပြီး အကျိုးအကြောင်း မေးမြန်းကြည့်လေသည်။

"ပိုက်ဆံတတ်နိုင်နေတာပဲဗျာ ဆေးရုံမှာဆက်ထားတာ ပိုကောင်းပါတယ် ... အခြေအနေကတော့ ရှင်မယ် သေမယ်ပြောရ မလွယ်ဘူး ... ငါးဆယ်ပါဆင့်နှိတ်စီ ရှိသေးတယ် ... အိမ်မှာဆိုရင်တော့ မလိုလားအပ်တာတွေ ဝင်လာရင် လူနာပိုဆိုးသွားလိမ့်မယ်"

ဆရာဝန်ကြီး အခန်းကပြန်ထွက်လာသည်နှင့် ဒေါ်မီမီး ရောက်လာ၏။

"နာတာရှည် လူမမာကြီးကို ကျွန်မတို့သားအမိချည်း ပြုစုခဲ့ရတာ ပင်ပန်းလှပြီ ... ရှင်တို့သားအမိ မနက်ဖြန်ကစပြီး တစ်လှည့်





ပြောင်းကြည့်ပေးပါတော့ ... ကျွန်မလည်း အအိပ်ပျက် အစားပျက် စိတ်ညစ်ရတဲ့ဒဏ်တွေပိနေပြီ ... ဆေးဖိုးဝါးခ ဆေးရုံးသုံးစရိတ်တွေကလည်း အတော်ကြီးကုန်ကျတာ အမွေထိန်းရှေ့နေကြီးကပဲ ဒိုင်ခံရှင်းပေးနေတာ ... မကြာခင် ဘဏ္ဍာရေးအခြေအနေ မကောင်းနိုင်တော့ဘူး ... လိုငွေပြလာနိုင်တယ်"

"အစ်မတစ်လှည့်တာဝန်ယူပါ့မယ် ... ညီမတို့နားလိုက်ပါ မမှာလက်ကျန်ပစ္စည်းလေးတွေ လိုအပ်ရင် ထုခွဲပြီး ဆက်ကုမှာပါကွယ် ... ဒီနေ့ကစပြီး မမတာဝန်ယူလိုက်တော့မယ်"

"ကောင်းတာပေါ့ရှင် ... ကျွန်မတို့ ဒီနေ့ပဲ ပြန်နားတော့မယ် သားကြီး နေဗလမောင်ကို လွှဲပေးထားမယ် လိုအပ်ရင် သူ့ပါဝိုင်းကူပေးလိမ့်မယ် ... သွားလိုက်ပါဦးမယ် ဒေါ်သန္တာကြည်"

"ကောင်းပါပြီ ..."

ဆက်ဆံရေး အကောင်းဘက်ရောက်ချင်လာသော်လည်း ထောင့်တောင့်တောင့်ကြီး ဖြစ်နေသေး၏။ မီးမီးတို့ သားအမိပြန်သွားပြီး တအောင့်ကြာမှ နေဗလမောင်ပြန်ရောက်လာ၏။

"ဖေဖေ့အတွက် ပါရဂူညွှန်ကြားတဲ့ ရှားပါးဆေးတွေသွားဝယ်နေတာ ရှေ့နေကြီးဆီက စာရင်းနဲ့ငွေသွားထုတ်ရတယ် ... ဆေးတွေက မတရားဈေးကြီးတယ် မမရယ် ... ကိုစွမ်းရဲ့ လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



အမြတ်ငွေတွေနဲ့ ဆက်ကသွားနိုင်မယ်ထင်တာပဲ ... ကျွန်တော့်ရဲ့ ရေသန့်နဲ့ ဓာတ်သျှုးထုတ်တဲ့လုပ်ငန်းတွေကတော့ လုပ်ငန်းအပြိုင် အဆိုင်တွေများလာလို့ ရောင်းအားထိုးကျနေပြီ ... အရင်းထဲက စိုက်ရဖန်များတာနဲ့ ဝန်ထမ်းတွေတောင် လျှော့ချင်နေပြီ ... ဖေဖေ့ ကို ကူသတဲ့ စရိတ်ရော ... စက်ရုံထဲ ရင်းနှီးငွေပြန်ထည့်တာရော အားလုံး မလုံသွားပြီလေ"

လုပ်ငန်းကိစ္စတွေကို ဒီဒီသိပ်နားမလည် ... ဒေါ်သန္တာကြည် က လူနာအနားမှာစောင့်ကြည့်နေခဲ့၏။ ဒီဒီနှင့် အခန်းအပြင်ထိုင်ခုံ မှာ ထိုင်ရင်း နေဗလမောင်ပြောပြနေခြင်းဖြစ်သည်။

"စိတ်ဓာတ် မကျပါနဲ့ နေဗလရယ် ... တက်ကျိုးရင် လက်ထိုးလှော်မယ်ဆိုတဲ့ စကားပုံတောင်ရှိသေးတာပဲ ... ဆက် ကြိုးစားပေါ့ ... စေတနာကောင်းရင် ကံကောင်းမှာပါ"

"လက်ကျိုးရင်ကော ဘာနဲ့ဆက်လှော်ရမလဲ မမ ... "

နေဗလမောင်က မချိပြုံးလေးနဲ့ တုံ့ပြန်မေးလာ၏။ ဒီဒီက

"ရေစုန်တော့ မျှောလိုက်မသွားနဲ့ ... လက်ကျိုးရင် ခြေ ထောက်နဲ့ ဆက်လှော်ရမှာပေါ့ နေဗလရဲ့"

ဒီဒီ့စကားကို နေဗလမောင် ဟက်ခနဲရယ်ပြီး သဘောကျ သွား၏။ ဒီဒီလည်း ကိုယ့်ဘာသာ ရယ်ချင်ပက်ကျိဖြစ်သွား၏။





သွားတက်စွယ်လေးပေါ်အောင် ရယ်လိုက်သော နေဗလမောင်က သေချာကြည့်မှ လူချောအသွင်ပေါက်လာ၏။ ရင်ထဲကိုရောက် မလာသေးသော်လည်း ရင်တံခါးကိုတော့ ခပ်ကြမ်းကြမ်းခေါက်သွား သည့် အပြုံးမျိုးဖြစ်၏။

ဒီဒီ့ဘဝမှာ အချစ်ဆိုတာ ဂဃနဏ နားမလည်ခဲ့ပါဘူး ... အချစ်နဲ့ နဖူးတွေ့ ဒူးတွေ့လည်း ရင်မဆိုင်ခဲ့ဖူးပါဘူး ... အချစ်ဆို တာ ဘာလဲ ... အနေနီးစပ်မှုလား ...

အခြေကြီးမြတ်မှုလား ...

မသွေချဉ်းကပ်မှုလား ... ဒီဒီ ဘာမှ သေသေချာချာ ရေရေ ရာရာ မသိ ... စွမ်းနှင့် ပြောဆိုနေစဉ်က စွမ်းအပေါ် ယိမ်းညွတ် ချင်တာ အမှန် ... စွမ်းက ခပ်စိမ်းစိမ်း ဥပေက္ခာပြုချင်နေသော အခါ အသဲလေးမခိုင်တခိုင်က ယိမ်းယိမ်းယိုင်ယိုင် တိမ်းတိမ်းမူးမူး နောက်ဝင်လာသည့် သွားတက်စွယ်အပြုံးလေးကလည်း မြူနှဲ့ဆွတ် ခူးနေချင်ပြီလား ... ရင်ထဲ သိသာစွာ မလှုပ်ရှားသော်လည်း စိတ်ထဲ ရှိသွားတာက အချစ်နှင့်ပတ်သက်သော မေးခွန်းများစွာ ...

နေဗလမောင်ဆိုတာ မိန်းကလေးတွေ စိတ်ကူးယဉ်ဖို့ ကောင်းသော စာရင်းထဲမှာ အမှန်အကန်ပါနေတာကိုတော့ ငြင်း ဆန်လို့မရဘူး ... သို့ြပား ဒီဒီ စိတ်ကူးထဲမှာတော့ ဒင်းက စီးပွား



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ခုလိုကျရောက်ပြီး တငွေ့ငွေ့တောက်လောင်ချင်သော စိတ်ကူးစိတ်ကာသန်းပေါင်းများစွာကို မွေးဖွားလာစေချင်နေပြီလား။

ခက်ပါလားကွယ် အချစ်ဆိုတာရယ် ... နင်ဘယ်လိုအရာမျိုးနဲ့ ခံစားမှုမျိုးဖြစ်ပေါ်တတ်သလဲကွယ် ...

* * *

## အခန်း (၁၂)

"အခြေအနေကတော့ 'က'ကြီးကနေ 'ယ' ဖြစ်သွားပြီ ... ဒီ ကိုယ့်ရဲ့ဖအေတူ မအေကွဲ ညီလေးနေပလမောင်နဲ့ ရွှေဝှလဲသွယ်တို့က ကိုယ့်ရှေ့ကို ရောက်လာပြီး ငြိမ်းချမ်းရေးစကားဆိုနေကြတယ်။ သူတို့ လွန်ခဲ့တာတွေအတွက် တောင်းပန်တယ် ... သူတို့ကို နားလည်ခွင့်လွှတ်ပေးပါတဲ့"

စွမ်းက သူ့ဖခင်ဘေးမှာ ဖခင်လက်ဝါးကိုဆုပ်ထွေးထားရင်း ပြောလိုက်ခြင်းပင်။ ဘေးနားမှာ လူနာရဲ့နဖူးစပ်က ချွေးတွေကို ပစ်သျှူးနှင့်တို့သုတ်ပေးနေသော မေဒီမိုက ...

"ဒါ ကောင်းတဲ့ အလားအလာပဲ ... ရှင့်ဆန္ဒကရော"

"အင်း ... သူတို့မာနကျတာ မြန်လှလွန်းလို့ အံ့ဩတွေဝေနေတာဖြစ်နေတယ် ... အနီးကပ်လုပ်ကြံချင်လို့ ဟန်ဆောင် အယုံသွင်း



www.burmeseclassic.com

www.burmeseclassic.com



တာလား ... ဒါမှမဟုတ် တကယ်ပဲ သူတို့ဘာသာ အမြင်မှန်

သွားတာလား ... ဒီဒီကို ကြောက်လန့်လို့ လက်နက်ချ ဒရှုံးပေ

လာကြတာလား အမျိုးမျိုးတွေးမိနေတယ် ... ဒီဒီရော ဘယ်လိုထ

သလဲ ... ”

“နေဗလမောင်တို့ သားအမိ မနေ့ညက ပြန်လာတော

အောက်ထပ်ဧည့်ခန်းမှာ ငိုယိုပြီး ပြောနေကြတယ် ... ဒေါ်မီးမီးမှ

လည်ချောင်းကင်ဆာဖြစ်နေပြီတဲ့ ... သားအမိသုံးယောက် ဖက်

နေကြတာ ... ကျွန်မတောင် စိတ်မကောင်းဖြစ်မိတယ် ... သူ

အားကိုးရာ မိခင်ကြီးဖလက်ပြတော့ နောင်တတွေရကုန်ကြတ

ဖြစ်နိုင်ပါတယ် ... ဒေါ်မီးမီးလည်း ဆေးကုပြီး ရိပ်သာဝင်မယ်

ပြောနေတယ် ... သူ့ရဲ့နောက်ဆုံးအချိန်တွေကို ကုသိုလ်နဲ့ကုန်

ပြီး ဘဝကူးကောင်းအောင် လုပ်တော့မယ့် ပုံပဲ”

စွမ်းအုံ့အုံ့အားအားလေးဖြစ်သွား၏။

“ဒေါ်မီးမီးမှာ ကင်ဆာရောဂါဖြစ်နေတာ တကယ်ဆို

တော့ ကိုယ်လည်း စိတ်မကောင်းဘူး ... ကိုယ်ချင်းစာနာစိတ်

ပါ ကိုယ့်အမေက သည်းခံပြီး သူတော်ကောင်းစိတ်ထားနဲ့ ခွင့်လွှ

နေတာတောင် မိုက်ရိုင်းတဲ့စကားတွေ အဆဲအဆိုတွေနဲ့စော်ကာ

တဲ့ အကုသိုလ်ဒဏ်တွေ ဒေါ်မီးမီးခံလိုက်ရတာပဲ ... အေးလေ





ခဲ့ဒါမျိုးဆိုရင်တော့ ဒီညီတွေ ညီမတွေ မအေမဲ့ ဖအေမဲ့ဖြစ်တော့မှာ

သွေးတစ်စက်တော်တဲ့ ကိုယ့်ကို အားကိုးရှာကြတာဖြစ်ပါလိမ့်

ယ် ... ကိုယ်ကအကြီးပဲ ခွင့်လွှတ်နားလည်ပေးရတော့မှာပေ့ါ”

“မင်္ဂလာရှိသောစကားပါပဲ စွမ်းရယ် ... လူ့ဘဝဆိုတာ နေရ

တာ ခဏတာလေးပါ ... မသေခင်ချစ်သေရင်ပစ်ရတာချည့်ပဲ ...

သေခင်မှာ ချစ်ချစ်ခင်ခင်နေသွားကြတာ ပိုကောင်းပါတယ် ...

အတိုင်းဆို ရှင်တို့မိသားစုလေး ငြိမ်းချမ်းရေးရသွားလို့ ကျွန်မလို

မ်းတောမကြီး ကြားဝင်ရန်တွေ့ပေးစရာ မလိုတော့ဘူးပေ့ါနော်”

စွမ်း တွေဝေနေ၏။ ပြီးမှ တွေးတွေးဆဆဟန်ဖြင့် ...

“လိုအပ်ပါတယ် ဒီဒီ ... ကိုယ့်အမေနဲ့ ကိုယ့်ညီ ကိုယ့်ညီမ

တွေကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ဖို့ ဆက်ပြီးလိုအပ်နေဆဲ

ပါ ... ကိုယ်က စီးပွားရေးလုပ်ငန်းတွေ ဦးဆောင်နေရတာဆိုတော့

ဘာ်တန်ရဲ့ လှည့်မကြည့်နိုင်ဘူး ... ကိုယ့်ဖေဖေကို ဆက်ပြီးပြုစုဖို့

ဒေါ်မီးမီးကိုလည်း မသေခင်စပ်ကြား နားလည်မှုနဲ့ စောင့်ရှောက်

သွားရဦးမယ်လေ”

ဒီဒီရင်ထဲ စိုးရိမ်သောကကဲနေတာတွေ လွင့်ဖယ်သွားကုန်၏။

အိမ်ကြီးမှာ ဆက်နေခွင့်ရဦးမည်မို့ ဒီဒီပျော်နေမိ၏။ ဖြစ်နိုင်လျှင်

ခင်းရဲ့တွင်းထဲက မိခင်ကြီးကို ဒီလိုအိမ်မျိုးပေါ် ခေါ်တင်ပြီး စောင့်



www.burmeseclassic.com

ရှောက်ကျွေးမွေးထားလိုက်ချင်မိတော့ ...

နောက်တော့ အဆင်ပြေအောင်ကြည့်ပြောပြီး မိခင်ကြီး

အနားခေါ်ထားဖို့ မေဒီမိုတေးထားလိုက်၏။ ယခုတော့ ...

"ဒေါ်မီးမီးကိုယ်၌က သူ့သားသမီးတွေလို တောင်းပန်

မျိုး မရှိသေးတော့ ဟန်မကျသေးဘူးလား ... ဒါမှမဟုတ် သူ

ရေးရှင်ရေးကိစ္စကြောင့် စိတ်ညစ်ပြီး ဘာမှမပြောချင်လို့ ရှောင်ဖ

ငြိမ်ကုတ်နေတာလား ..."

စွမ်းက တွေးဆချက်တွေပြောလာ၏။ မေဒီမိုက မျ

တောင်ကော့လေးတွေ ညွတ်သွားအောင် မုတ်ခတ်လိုက်ပြီး ...

"ကိုယ်ချင်းစာကြည့်ရင် ဒေါ်မီးမီးကို သေမိန့်ချခံရတဲ့ က

ဆာရောဂါမျိုး စွဲကပ်ပြီဆိုရင် ကျွန်မတို့လည်း စိတ်ညစ်ကြီးညစ်

ဘယ်သူ့ကိုမှ ဘာမှပြောချင်တော့မှာ မဟုတ်ဘူးလေ ... အ

ကြောင့်ပဲ ဖြစ်မှာပါစွမ်းရယ် တစ်ဖက်သားအပေါ် လိုအပ်တာထ

ပိုပြီးသံသယဝင်ရင် မကောင်းဘူးလေ ..."

စွမ်းခေါင်းတညိတ်ညိတ်ဖြစ်သွား၏။ သန့်စင်ခန်းဓာ

ရာက ပြန်ရောက်လာသော ဒေါ်သန္တာကြည်ကြောင့် ဒီဒီနှင့်စွမ်း

အသာထပေးလိုက်၏။

"သားနဲ့သမီးတို့ ပင်ပန်းသွားပြီ ခဏနားကြပါဦး ... အ



မီး အကြောင်းကြားရတာ ရင်ထဲမကောင်းလိုက်တာ ... အန်တီ

င်ပွန်း သားရဲ့ဖေဖေ ကိုအောင်မြင်ချမ်းသာသာသိရင် ဘယ့်နှယ်

နေမယ်မသိဘူး ... သူ့အခုလို ဘာမှမသိဘဲ နေတာက ပိုကောင်းပါ

ယ်လေ ... အပူငြိမ်းတာပေါ့ ..."

"အမေရယ် ... ဖေဖေ့အခြေအနေကို အမြန်ဆုံးပြန်ကောင်း

လာစေချင်ပါတယ် ... ဒေါ်မီး ကင်ဆာဖြစ်လို့ အဖေဝမ်းမနည်းတဲ့

အပြင် နောက်မိန်းမထပ်ယူမှ သားတို့ပြေးပေါက်မှားနေပါဦးမယ်

အဖေကံပဲ ကောင်းတာလည်းစံ ဆိုးတာလည်းခံပေါ့ ကံသာအမိ

ကံသာအဖ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာပဲလေ မေမေရဲ့"

ဒေါ်သန္တာကြည် အေးချမ်းကြည်လင်ဖွယ်ဖြစ်အောင် ပြုံးနေ

၏ ခွန်းတုံ့မလှည့်။ ပျင်းကြောဆန့်ချင်နေသော ဒီဒီ့ကို မျက်ရိပ်ပြ

ပြီး အပြင်ခေါ်ထုတ်လာလိုက်၏။

ဆေးရုံဝရန်တာမှာ နေဗလမောင်နှင့်သွားတွေ့၏။

"ကိုစွမ်း ... ဖေဖေ့အခြေအနေ တိုးတက်မှု မရှိဘူးလား"

"မရှိသေးဘူး နေဗလ ..."

"မေမေ့မှာ ကင်ဆာရောဂါဖြစ်နေလို့ မကြာခင် မေမေသေ

တော့မယ်ဆိုတဲ့အကြောင်း အနားက တတွတ်တွတ်ပြောမပြ ပေး

လား ... ကိုစွမ်းရာ ဒီဝေဒနာရှင်မျိုးက ကြားချင်လည်းကြားသွား

www.burmeseclassic.com



နိုင်တာပဲ … ကြားသွားရင် သိသွားလို့ စိတ်လှုပ်ရှားမှုနဲ့ တစ်စုံတ
ရာ တုန့်ပြန်လာနိုင်တာပဲ ကိုစွမ်းရဲ့ …”

“ကြားမှ မကြားနိုင်တာ … မင်းလာပြောချင်ရင်ပြောနေ
လား နေဗလ … ငါတို့အပြင်သွားစရာရှိတယ် အခန်းထဲမှာငါ့အ
ရှိတယ် … ပြေပြစ်ကောင်းမွန်တဲ့ ဆက်ဆံရေးမျိုးပဲ ငါကြားချ
တယ်နော် …”

စွမ်းက အထက်စီးနင်းဆန်သော စကားပြောပြီး နေဗ
မျက်မှန်ကိုစုတ်ကာ ဒီဒီရဲ့ လက်ခေါင်းလေးကို ပိုင်စိုးပိုင်နင်း
ကိုင်ပြီး ကားပါကင်ရှိရာ ထွက်လာလိုက်၏။ မျက်နှာလေးညှိုးငယ်
ကာ ခေါင်းငိုက်စိုက် ကျန်ခဲ့သည့် နေဗလအပေါ် ဒီဒီ ဂရုဏာသက်
သွားမိ၏။

“ကိုစွမ်း ဆက်ဆံရေးကျဲတောက် စိမ်းကားနေသလိုပဲ”

“မင်းထင်လို့ပါ ဒီဒီ”

“မခေါ်ချင်နေလို့ရမယ် မတော်ချင်ရင်နေလို့မရဘူး …
ကိုစွမ်းရယ် အားငယ်နေတဲ့ နေဗလနဲ့ ရွှေပုလဲတို့ကို နွေးနွေးထွေ
ထွေး ဆက်ဆံလိုက်ပါ … ကိုစွမ်းက အပြောနဲ့အလုပ် တစ်ခြား
ဖြစ်နေသလိုပဲ … ဒီဝေဖန်တာ ပြင်းစပ်သွားရင်လည်း ခွင့်လွှတ်
လည် …”





စွမ်းက မေဒီမိုကို သေသေချာချာ ကြည့်လာ၏။ မေဒီမိုက
မျက်မှောင်လေးချိုးပြီး ပြန်ကြည့်နေလိုက်၏။

“နေရာအလိုက် အရောင်ပြောင်းတတ်တဲ့ ပုတ်သင်ညိုလို
ကျင့်ဖို့ ပြောနေတာလား ဒီဒီ”

“စွမ်းသဘောပါပဲ … ဒီဒီက အလုပ်သမား စွမ်းကအလုပ်ရှင်
လေ … ကောင်းစေချင်တဲ့ စောင်းဆိုမှုအပေါ်မှာ … ”

“တော်ပါတော့ ဒီဒီ … ကိုယ် ခုနပြောလိုက်တာလေးက
သူတို့ ကိုယ့်ကိုစော်ကားခဲ့တာထက်စာရင် ပမွှားလေးပဲရှိပါသေး
တယ်”

နှစ်ဦးသားကြားမှာ ပြောစရာ စကားမရှိတော့သလိုဖြစ်
သွား၏။

ஃஃஃ

အုံ့ဆြဖွယ်ရာမြင်ကွင်းကို မြင်လိုက်ရ၏။ အောင်ဘုနှင့်
ရွှေပုလဲတို့ နှစ်ဦးသားဒန်းပေါ်မှာ သကြားမာလကာသီးတွေ
စားပြီး စကားတွေဖောင်ဖွဲ့ ပြောနေကြ၏။ ရွှေပုလဲလို မာနကြီး
သော မိန်းကလေးက အောင်ဘုလို ဒရဲမ်မာလီလိုမျိုးကို ယခုလို
အရေးပေး ဆက်ဆံနေတာ ထူးတော့ ထူးဆန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီဒီ ဆေးရုံးက တစ်ယောက်ထဲ အငှားကားနှင့်ပြန်လာ၏။ ကားပေါ်ကဆင်းပြီး အိမ်ထဲကို ဆေးရုံကပြန်သယ်လာသော အထုပ်အပိုးတွေ မနိုင်တနိုင်သယ်နေတာတောင် မြင်ရဲ့သားနှင့် အောင်အုက လာကူမလုပ်ပေး။ ဒီဒီဒေါပေါင်းသွား၏။

"အောင်ဘု ..."

ပိတ်အော်လိုက်၏။ အောင်ဘုက ခေါင်းထောင်ကြည့်ပြီး

"ဝေး ... ဘာလဲဟ"

"ဒီမှာလာသယ်ဦးလေ နော့ရဲ့"

"ဘယ်လောက်လေးတာမှတ်လို့ နင့်ဟာနင် သယ်လည်း ဖြစ်ရဲ့သားနဲ့ ဒီမှာစကားကောင်းနေတယ်ဟ ..."

ရွှေပုလဲ တစ်မျိုးထင်သွားမှာ စိုး၍ ဒီဒီဆက်မခေါ်တော့ အိမ်ထဲမှာ ပစ္စည်းတွေ ထားသိုပြီး ခဏထိုင်နားနေစဉ် ရွှေပုလဲအိမ်ထဲ ပြန်ဝင်လာ၏။

"မမ ဒီဒီ ... မောနေပြီလား"

"မောပေမယ့် ... မမောပါဘူး ရွှေပုလဲရယ်"

"ဖေဖေ့အခြေအနေက မထူးခြားသေးဘူးလားဟင်"

"အင်း ... ဒီအတိုင်းပဲရှိပါသေးတယ်"

"သမီး ဖေဖေဆီသွားလိုက်ဦးမယ် ... မေမေက ရိပ်သာဝင်





နေပြီ ... မေမေ့အတွက် လိုအပ်တာလေးတွေ သွားပို့ပေးမလို့ ... အောင်ဘုကို ခေါ်သွားမယ်နော် ..."

"ြော် ... ခေါ်သွားလေ"

ရွှေပုလဲက အိမ်ခန်းထဲဝင်ပြီး ပြင်ဆင်နေ၏။ အောင်ဘုက မှုံရှုံသော မျက်နှာဖြင့် အိမ်ထဲဝင်လာ၏။

"ကောင်စုတ် နင့်အချိုးကိုပြင်နော် ... ဟိုကသူ့ဌေးသမီး မျက်နှာသာပေးတာကို ရွှေရေးပန်းကန်တက်လုပ်မယ်မကြံနဲ့ သားရေပေါ်အိပ် သားရေနှားစားလို့ ပြောခံထိနေမယ်"

"မယ်မင်းကြီးမရယ် ... နင်ထင်သလိုလည်း မဟုတ်ပါဘူး နင်က ဘာတွေမနာလိုတိုရှည်ဖြစ်နေရတာလဲ ... ရွှေပုလဲက သကြားမာလကာသီး စားချင်တယ်ဆိုလို့ ငါခြံနောက်ကခူးပေးလိုက်တာ ... ရွှေပုလဲက ဖျင်းတယ်ဆိုတာနဲ့ စကားထိုင်ပြောပေးနေတာ ... ငါတို့က ရိုးရိုးသားသားပါ ... ဒီမှာ သူတောင်းစားဖြစ်ရင်တောင် ရှင့်ဘုရင့်သမီးကို မျှော်လင့်ပိုင်ခွင့်ရှိတယ် ... အရေးကြီးတာ အပျိုလူပျိုဖြစ်နေဖို့ပဲ ... နင် ငါ့ကို ဆရာမကြီးလာမလုပ်နဲ့ သဘောပေါက် မေဒီမို ..."

"အံမယ် ... ငါမွေးတဲ့မျောက်က ငါ့ပြန်ခြောက်နေပြန်ပြီ"

"ဟင် ... နင်က မျောက်မွေးထားတယ် အဲဒါဆို ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ငါခေါ်လို့ နင်ဒီကိုရောက်လာရတာကိုပြောတာ နင် မသိမဆိုင်တွေနဲ့ စကားမရှုပ်နဲ့ ပါးပြုတ်သွားမယ် …"

"စိတ်လျှော့ပါ မေဒီမိုရယ် နင်ဆော်ထားလို့လည်း ဆေးရုံမှာလူနာတွေ မဆန့်တော့ဘူး … ဒီမှာ ဒီမိုကရေစီခေတ်ကာလမှာ နင်မွေးလာတယ် … လူ့အခွင့်အရေးဆိုတာ နင်ပိုပြီးသဘောပေါက်သင့်တယ် … သူတစ်ပါးအရေးကို ဆရာကြီးလုပ်ပြီး ဝင်မစွက်ဖက်နဲ့ ငါ့အခွင့်အရေးနဲ့ငါနေတယ် … နင့် အခွင့်အရေးလည်း ငါမစွက်ဖက်ဘူး … ပွင့်လင်းမြင်သာခေတ် ရောက်နေပြီ … အလုပ်သမားနဲ့မနေရှင် … အာဏာရှင်နဲ့ အနိမ့်ခံဘဝ ဒါတွေ သမိုင်းအောက်သိုးသိုးထဲမှာ ကျန်ခဲ့ပြီ …"

အောင်ဘုကို ကောက်ပေါက်ချင်စိတ် ပေါက်သွား၏။ သူများအိမ်ထဲမှာမို့ စိတ်ကိုထိန်းနေရ၏။

"ဒိုင်ယာလော့နဲ့ ပိုင်တာပေါ့လို့ နင့်ကိုယ်နင်ထင်နေသလားအေး … နင့်ဖာတ်နင်နိုင်ရင် နင်က … မနိုင်ပဲ ငါ့ကိုအမှုပတ်လာလို့ကတော့ နင်နာပြီသာမှတ် …"

"ကိုယ့်သမိုင်းကိုယ်ရေး ငါကတော့အေးဆေးပဲ … ဒီမှာ မေဒီမို နင့်မှာသာ ကိုစွမ်းကတစ်ဖက် မမ မမနဲ့နေတဲ့ မောင်လေး နေဗလမောင်ကတစ်ဖက် ဗျာများပြီး အားဝါးတွေဖြစ်နေတာ"





"ကောင်စုတ် … နင် ငါ့ကိုမဟုတ်တာရုတ် မပြောနဲ့နော် နင် ငါ့ကိုစော်ကားလိုက်တာလား … သူတို့ကြားသွားရင် ငါဘယ်လိုဖြစ်သွားမလဲ … နင် ဒီစကားကို ဒါနောက်ဆုံးပြော … တောက်"

မေဒီမို တကယ်ဒေါ်တင်းပြီး ခြေဆောင့်နင်းကာ အိမ်ပေါ်တက်လာလိုက်၏။ အောင်ဘုလည်း ကြောင်တောင်ပေါင်တောင်ဖြစ် ကျန်ရစ်၏။ ဓာတ်လမ်းကတော့ တဖြည်းဖြည်းရှုပ်လာပြီ။ အမှုမပတ်အောင် ဗဲလျော်ကြားဆားမညပ်အောင် ရှောင်တတ်ဖို့လိုလာပြီလေ။

"တောက် … ဖုန်းကလည်း ဆက်လို့မရဘူး …"

မေဒီမို ညည်းတွားပြီး အခန်းထဲပြန်ဝင်လာလိုက်၏။ အခန်းထဲမှာ ဒေါ်သန္တာကြည် နေဗလမောင် ရွှေပုလဲတို့အပြင် အထူးကုသမားတော်ကြီး လက်ထောက်ဆရာဝန်နှင့် နပ်(စ်)မတွေ သုံးလေးဦးရှိနေကြ၏။

ဦးအောင်မြင်ချမ်းသာတစ်ယောက် အခြေအနေမကောင်းတော့ နှလုံးခုန်နှုန်းတွေ မှုမမှန်တာကို စက်အချက်ပေးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပုလဲက ဒေါ်မီးမီးကို ဖုန်းဆက်ခေါ်ထား၏။ စွမ်းကို ဖုန်းဆက်ခေါ်၍မရ … နေဗလက …

"ကိုစွမ်းရဲ့ အလုပ်ခွင်ထဲကို လိုက်သွားကြမယ် … တန်းခေါ်လာလို့ရတာပေါ့ … ကျွန်တော် လိုက်ပို့ပေးမယ် မမ"

"အေး … ကောင်းတယ် … အန်တီ သမီးတို့ကိုယ်တိုင်ပဲ သွားခေါ်လိုက်တော့မယ်နော်"

"အေး … အေးကွယ် … သားကလည်း အရေးထဲမှာ ဖုန်းပိတ်ထားတော့ ခက်ကုန်ပြီပေါ့ … အလုပ်တွေ ဘယ်လောက်ပဲ အရေးကြီးကြီး တစ်ပါတည်းခေါ်ခဲ့ကြနော်"

"ဟုတ်ကဲ့ အန်တီ"

အထူးကုဆေးရုံကြီးကနေ မေဒီမိုနှင့် နေဗလမောင်တို့ ခပ်သွက်သွက် ထွက်လာကြ၏။ ခတ်လှေကားမှာ လူရှင်းနေ၏။ အထဲဝင်လိုက်ပြီး နှစ်ယောက်ထဲ အောက်ထပ်ဆင်းလာကြ၏။ ခတ်လှေကားခန်း မှန်းကျပ်ကျပ်လေးထဲမှာ

"ကိုစွမ်း သူ့ရည်းစားနဲ့သွားတွေ့နေတာနေလိမ့်မယ် … သူ့ရည်းစားက သူနဲ့တွေ့နေရင် ကိုစွမ်းရဲ့ဖုန်းရော သူ့ဖုန်းပါ ပိတ်ထားတယ်တဲ့ … ကိုစွမ်းရဲ့ သူငယ်ချင်း ကိုကျော်သူအောင်က ပြောတာ





မနေ့က ဘီယာဆိုင်မှာ ခဏဆုံတုန်းကပေါ့ … "

"စွမ်း … ကိုစွမ်းမှာ ရည်းစားရှိလို့လား"

"ရှိတယ် … ရည်းစားဖြစ်တာ သုံးလေးရက်လောက်ပဲ ရှိဦးမယ် … သူတို့သွားတတ်တဲ့နေရာတွေတောင် ကိုကျော်သူအောင် ပြောပြထားလို့ ကျွန်တော်သိနေတယ်လေ"

မေဒီမို ဘာမှပြန်မပြောနိုင် … ရင်ထဲမှာ အပူလှိုင်းလုံးကြီးတွေ တုန်ခါရိုက်ပြီး ပူလောင်နေပြီ။ စွမ်းကို မျှော်လင့်ပိုင်ခွင့် မရှိတော့သည့်ဘဝက ကြိုးမဲ့စွန်လေးလို မလှမပ လေလွင့်ဝဲကျရလေပြီ … သံရည်ပူလိုစကား နှလုံးသားနဲ့ ကြေးချင်ပါ။ အသည်းတွေပင် ဆတ်ဆတ်တုန်ခါလာပြီ … ။

"စွမ်းရဲ့ရည်းစားက ဘယ် … ဘယ်သူလဲဟင်"

"ကားကုမ္ပဏီပိုင်ရှင်သူဌေးကြီး အရှေ့တောင်အာရှမှာ သူ့ရဲ့ ကားနဲ့ကားအပိုပစ္စည်းရောင်းဝယ်ရေးဆိုင်တွေ အများကြီးဖွင့်ထားတယ် … တကယ့်ကို ဟိုက်ဘော့(စ်)ကြီး အဲဒီဟိုက်ဘော့(စ်)ကြီးရဲ့ သမီး မြန်မာပြည်မှာနေတယ် … သူ့ရဲ့အဘိုးအဘွားတွေနဲ့ ရွှေတောင်ကြားမှာနေတယ် … နာမည်က ရတနာကေရီတဲ့ ချောလည်းချော ဖောလည်းဖော … ဝှတ်လည်းကြွယ် မိတ်ဆွေပါ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြွယ်ဝတဲ့ အလှဘုရင်မလေး … ကိုစွမ်း ကံကောင်းတယ် ရည်းစား မထားရင်လည်း မထား … ထားရင်လည်း လူသန်းလေးဆယ်မှာ တစ်ယောက်ရခဲတဲ့ မိန်းကလေးမျိုးကိုမှ ရည်းစားဖြစ်ခွင့်ရတာ နည်းနည်းနောနော ကုသိုလ်ကံလား”

မေဒီမို မူးမိုက်ယိုင်လဲပြိုကျသွားချင်၏။ သတိနှင့်ထိန်းပြီး ဟန်မပျက်အောင် အားတင်းနေရ၏။ အညာတရမလေးကို ချစ်သယောင်လှည့်စားခဲ့တဲ့ စွမ်းပါလား … ပန်းကောင်းအညွန့်ချိုး လုပ်မသွားရုံတကယ်ပါပဲ … ရင်ထဲ နင့်နင့်နဲနဲ ခံစားနေရပါပြီ စွမ်းရယ် စွဲလန်းအသဲကင်ရခန်းထဲ ရောက်နေရပြီပေါ့ …။

“မမ … မမ ဘာဖြစ်သွားတာလဲ”

“ဟင် … မမ ဘာဖြစ်လို့လဲ”

“မိုက်ခနဲ ငိုက်သွားလို့ မျက်နှာလည်း မကောင်းပါလား ရုတ်တရက် ကျန်းမာရေးချွတ်ယွင်းခဲ့တာလား … ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောပါ … ကျွန်တော် ဘာလုပ်ပေးရမလဲ”

“ဘာမှ မဖြစ်ဘူး … မောင်လေး ရတယ် … မမညက ဇာတ်ကားထိုင်ကြည့်တာ ညဉ့်နက်သွားလို့ပါ …”

ဓာတ်လှေကားထဲက ထွက်မှ အသက်ဝဝရှူရပြီး မွန်းကျပ်





မှုဒဏ်လည်း ပြေလျော့သွား၏။ ကားပါကင်ထဲက ကားကို နေဗလ ထုတ်လာပြီး ဆေးရုံဆင်ဝင်မှာ လာထိုးရပ်ပေး၏။ မေဒီကားပေါ် အလိုက်သင့်တက်လိုက်၏။ နေကပြင်းစပ်ပူလောင်သော အချိန်မို့ ကားအဲယားကွန်းကို မြှင့်တင်ထား၏။ နေဗလ ကားကို ကျင်လည်စွာ မောင်းထွက်လိုက်၏။

“မမ …”

“ဟင်”

“ကိုစွမ်းနဲ့ မမရဲ့ကြားမှာ အချစ်ဇာတ်လမ်းရှိသလားဟင်”

မထင်ရှား။ ပြန်ဖြေဖို့ စကားလုံးကို တော်တော်ရွေးချယ်လိုက်ရ၏။ တုံ့နှေးဆိုင်းတွပြီးမှ ပြန်ဖြေသည်က …

“မရှိပါဘူး …”

နေဗလက ချက်ချင်းဆန်းလန်းတက်ကြွသွား၏။

“ဝမ်းသာလိုက်တာ မမရယ် … မမတကယ်ပြောတာနော်”

ဗီးညိုရောင် နေကာမျက်မှန်ပြားကြီးနောက်က နေဗလ မျက်လုံးတွေကို ရေးရေးသာမြင်ရ၏။ နှုတ်ခမ်းဖူးများက အပြုံးလေးကတော့ ဆွဲဆောင်အား ပြင်းပြင်းလွှတ်ထားသည့်နှယ် သန့်ပြန့်သောရုပ်ရည် ရူပကာနှင့် ပန်းဆီနုအမြဲမွေးနေသော ဒီကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဘယ်မိန်းကလေးမဆို စိတ်ကူးရင်ခုန်ဖို့ကောင်းသော ပုရိသလေးပါပဲ။

"တကယ်ပြောတာပေါ့ ... မင်းက ဘာလို့ဝမ်းသာရတာလဲ မင်းစကားက အဆန်းပဲ"

"အကြောင်းရှိလို့ပေါ့ ... သိပ်မကြာခင် ပြောပြမယ် မမရယ် အခုတော့ ..."

"မင်းက ပဟေဠိဖွက်နေပြန်ပြီ ... မင်းသဘောပဲ"

ရင်ထဲမကောင်း၍ ဒီဒီနောက်ခုံမှာ မှီပြီး တရိပ်ရိပ်ကျန်ခဲ့သော မြင်ကွင်းကို ငေးကြည့်နေလိုက်၏။ စိတ်ကတော့ လူနှင့်မကပ်။ စွမ်းထံကို ရောက်နေကြပြီ။ ရတနာကေရီတဲ့ စွမ်းရဲ့ကံကောင်းမှုသတင်း။ မေ့ဒီအတွက် ဘာငြင်းပယ်စရာအကြောင်း ရှိမလဲလို့ ... စွမ်းရယ် ... လွမ်းတယ်လို့ ပြောရမှာထက် တမ်းတကြေကွဲတဲ့ ဘဝမှာ တို့ဆက်ရှင်သန်ရတော့မယ် ... ငိုချင်လိုက်တာဖြိုးမယ့်မိုးလိုပါပဲ ... လေပြင်းတွေ ထပ်မတိုးရွေ့ပါနဲ့တော့ ... ငိုချင်သူကို လက်လာမတို့ကြပါနဲ့တော့ ... ဇွေတတ်တဲ့ မိုးစနေလို အဖြိုးတွေနဲ့ ဆက်တိုက်သွန်းဖြိုးရွာ ငိုမိလိမ့်မယ်ကွယ် ... ။

"မမ ... မမ ... ကြားပြီလား"



"ဟင် ... ဟင်း ... ဘာလဲ မောင်လေး"

"ကျွန်တော်ခေါ်တာ ဆယ်ခါလောက်ရှိနေပြီ ... မမအတွေးချွန်နေတယ် ... မမစိတ်တွေ ဘယ်ရောက်နေပြီလဲ မှန်မှန်ပြောစမ်း ..."

မေဒီမို မျက်မှောင်လေးတင်းပြီး ခပ်ပြင်းပြင်းခေါင်းခါပြ၍သိုက်မှ နေဗလလည်း ဆက်မမေးရဲ၍ တိတ်တော်မူသွားတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

မြင်လိုက်ရသည့် မြင်ကွင်းက ဒီဒီ အသည်းနှလုံးကို ဖျစ်ညှ
ဆုပ်ကိုင်လိုက်သလို ခံစားလိုက်ရသည်။ စွမ်းနဲ့ခေတ်လွန်သားန
စွာ ဝတ်စားဆင်ယင်ထားသော မိန်းကလေးတစ်ယောက်။ ဂျူ
ဆူရှီစားသောက်ဆိုင်ရဲ့ သီးသန့်ခန်းလေးထဲမှာ ရောမမှန်ချပ်ပြ
ကာထား၍ အတွင်းကရော အပြင်ကပါ ဒိုးယိုပေါက်လှမ်းမြင်နေ
၏။

ရတနာကေရီဆိုသော မိန်းမချောင်းပင်ငေးမောရလော
အောင် ချောသော သူကလေးကို စွမ်းက ငေးကြည့်ပြီး ပေါ
သီသီ အပြုံးတွေနှင့်စကားပြောနေ၏။ ရတနာ့လက်ကလေး
လည်း ဆုပ်ကိုင်နွေးထွေးထားလိုက်သေး၏။

ကြည့်စမ်းပါဦး ... ဒီဒီနဲ့စကားပြော အခန့်မသင့်ကတည





ဘ တိုရှေ့ရှားရေ နိုင်လွန်းလှသော အပြုံးတွေ တခြားမိန်းကလေး အပေါ်မှာ ပက်ပက်စက်စက် ကြွေကျနေလိုက်ပုံများ။ ဒီဒီ့ရင်ထဲ နင့်ဖုအောင့်ကျဉ်သွားမိ၏။

"ကိုစွမ်းနဲ့ ငြိနေတဲ့ ရတနာကေရီဆိုတာပေ့ါ သူတို့စုံတွဲက လိုက်ဖက်တယ် မဟုတ်လား မမ ... "

"အင်း ... "

"ကျွန်တော်တို့ ဝင်တွေ့ပြီး ဖေဖေ့သတင်းကို ပြောလိုက်ကြ ရအောင် ... ကျွန်တော့်စိတ် ပူပန်သောကကြီးနေတယ် ... ဖေဖေ့ အတွက်ပေါ့ ... ကြာရင် ကျွန်တော် စိတ်ထွက်ပေါက်ပိတ်ပြီး ရူးသွပ် သွားမှာစိုးလို့ ဟိုအာရုံပြောင်း ဒီအာရုံပြောင်းနဲ့ မနည်းကြိုးစား ဖြေသိမ့်နေရတယ် ... ကျွန်တော့်ကိုကြည့်ရင်တော့ ဖခင်နဲ့ပတ် သက်ပြီး ဘာခံစားမှုမှ မရှိဘူးလို့ ထင်ကြမှာပဲ ... အမှန်တော့"

နေဗလမောင်ပြောတာတွေ ဒီဒီ့နားထဲဝင်တစ်ချက် မဝင် တစ်ချက်။ မှန်တံခါးကြီးပွင့်သွားပြီး ဂျပန်သူလေးတွေလို မျက်နှာ ပေါက်နှင့် ကောင်မလေးတွေက မြန်မာလိုမင်္ဂလာပါရော ဂျပန်လို မင်္ဂလာရှိသောစကားကိုဆိုပြီး ဦးညွှတ်နှုတ်ဆက်ကြ၏။

တို့အတွက်တော့ မင်္ဂလာမရှိသလိုပါပဲ ကလေးမတို့ရယ် ဖွမ်းတို့အခန်းရှေ့မှာ သွားရပ်ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



စွမ်းတို့ အကြည်ဆိုက်နေရာက သတိပြုမိသွားပြီး လှည့်ကြည့်၏။ စွမ်းပုံစံက ရုတ်တရက် အံ့ဩသွားသော်လည်း မအံ့ဩသလို ဟန်ဆောင်နေလိုက်ဟန်။ မိန်းမချောလေးကတော့ အံ့အားလေးနှင့် ဒီဒီတို့ကိုတစ်လှည့် စွမ်းကိုတစ်လှည့်ကြည့်ရင်း ...

"ယူ မိတ်ဆွေတွေလား ... "

စွမ်းက ခေါင်းဆတ်ပြပြီး ...

"ခဏလေး ... "

ထရပ်ပြီး ဘောင်းဘီအိတ်ထဲ လက်နှစ်ဘက်ထိုးထည့်ကာ

"ဘာကိစ္စ ရောက်လာကြတာလဲ"

ဒီဒီနဲ့နေဗလကို တစ်လှည့်စီ စည့်တည့်ကြည့်ပြီး မေးလိုက်၏။ ဒီဒီက ရင်ထဲမကောင်းလွန်း၍ ခေါင်းလေးငုံ့နေလိုက်၏။ နေဗလက ...

"ဖေဖေ အခြေအနေမကောင်းဘူး ... နောက်ဆုံးအချိန်ရောက်နေပြီ ကိုစွမ်းရဲ့ဖုန်းကိုဆက်တာ အကြိမ်ကြိမ်ပဲ မကိုင်ဘူး အဲဒါကြောင့် လူကိုယ်တိုင်လာပြီး အကြောင်းကြားတာ"

စွမ်း မျက်နှာညိုခနဲဖြစ်သွား၏။ လေးနက်စွာတွေးထင့်လိုက်ပြီး ...

"ငါ ဒီမှာရှိတယ်လို့ မင်းကိုဘယ်သူပြောတာလဲ"





"အဲဒါ အရေးမကြီးပါဘူး ... ဖေဖေအသဲအသန်ဖြစ်နေပြီ သွားကြည့်ရအောင် ညီသည်ကိုတော့ အကျိုးအကြောင်းပြောပြပြီး အားနာပါးနာတောင်းပန်ခဲ့လိုက်ပေါ့ ... "

"အဲဒါ ငါ့ကိစ္စပါ ... ငါမေးတာပဲ ဖြေ ... မင်းဘယ်လိုသိနေတာလဲ ... ဒါမှမဟုတ် မေဒီမိုသိနေတာလား"

"အရေးမပါတာ မမေးနဲ့ ကိုစွမ်းရာ ... ကိုစွမ်းလိုက်မှာလား မလိုက်ဘူးလား ဒါပဲပြော ... "

"ငါလိုက်လာခဲ့မယ် ... မင်းတို့ပြန်နှင့် ... ငါ့ညှိသည်ရှိသေးတယ် ... အေး ... ငါ့ညှိသည်နဲ့ အနားယူပြီး စကားပြောနေချိန်မှာ ဘယ်သူနဲ့မှ ငါအတွေ့ခံတာမဟုတ်ဘူး ... ကမ္ဘာပေါ်မှာ အကြီးဆုံးပုဂ္ဂိုလ်ကတွေ့ချင်တယ်ဆိုရင်တောင် ငါအတွေ့မခံဘူး ... ရှင်းလား"

နေဗလမောင် ပြန်ပြောမည်ပြင်သောအခါ မေဒီမိုကကြားဝင်ပြီး ...

"ရှင့်ကိုယ်ရှင် ဘဝင်နဲ့ထင်မနေနဲ့ ရှင့်အဖေကိစ္စမို့လာပြောပြတာ ... အပိုတွေမပြောပါနဲ့ ... လာ နေဗလမောင်လေး ... ပြန်ကြမယ်"

မေဒီမိုချာခနဲလှည့်ထွက်လိုက်၏။ နေဗလကလည်း စွမ်းအား



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ရှေ့စိုက်ကြည့်ပြီး မေဒီမိုနောက်လိုက်လာ၏။ စွမ်းက မကြား တကြား ...

"ဘာလဲ ... ဘာတွေဖြစ်ကုန်ပြီလဲ မရဲ့မောင်လေးတွေ ဖြစ်ကုန်ပြီလား ... အလုပ်ရှင်က ငါပါ ... ဘယ်လိုဖြစ်ပြီး ဟိုဘက်နဲ့ သွားပူးပေါင်းကုန်တာလဲ ... အိုး မိုင်ဂေါ့ ... အပြောင်းအလဲ သိပ် မြန်တဲ့ မေဒီမိုးပါလား"

မေဒီမိုသဲ့သဲ့ ကြားလိုက်သော်လည်း ဆိုင်ထဲမှာ စကားများ တာမျိုး မဖြစ်လို၍ သည်းခံပြီး ပြန်လာလိုက်၏။ ဆေးရုံကို ပြန် မောင်းလာရာလမ်းတစ်လျှောက်မှာ မေဒီမိုရော နေဗလပါ အတွင်း ကြိတ်ပေါက်ကွဲပြီး စကားတစ်လုံးမှ မဆိုဖြစ်ကြ။ ဆေးရုံပြန်ရောက် တာတောင် ဘယ်လိုရောက်လာမှန်းပင် မသိကြတော့ပေ။

⁂

ဦးအောင်မြင်ချမ်းသာ အသက်ထွက်ပြီး သုံးမိနစ်ခန့်မှာ စွမ်း ရောက်လာ၏။ ဒေါ်မီးမီးက အသက်မထွက်ခင် ဆယ်မိနစ်အလို မှာရောက်လာ၏။ ဒေါ်သန္တာကြည်က ပရိတ်၊ ပဋ္ဌာန်းတရားတော် တွေ ရွတ်ဖတ်ပေးနေ၏။ ပါရဂူကြီးက ဦးအောင်မြင်ချမ်းသာကို စမ်းသပ်ပြီး ခေါင်းခါပြလိုက်၏။ အသက်ကယ်ဆယ်ရေး စက်ကိရိ





ယာတွေ ပြန်ဖြုတ်ကုန်ကြပြီ။ ဒေါ်မီးမီး ကြုံကြုံပါအောင် ငိုကြွေး လိုက်သံ ပွက်လောညံသွား၏။

"အမလေး ကိုကိုရဲ့ မီးကိုထားရက်ခဲ့ပြီပေါ့ ... ကိုကိုမရှိရင် မီး မနေတတ်မှန်းသိရဲ့နဲ့ ခွဲသွားရက်တယ် ... မီးရင်ကွဲရပါပြီ ... ကိုကိုရေ သွားနှင့်တော့ မီးနောက်ကလိုက်ခဲ့မယ် ... မီးလည်း သေ မင်းလက်မှတ်ဆိုတဲ့ ကင်ဆာရောဂါကြီးနဲ့ပါ ... ကိုကိုနောက်ကို ဆက်ဆက်လိုက်ခဲ့မှါမယ် ... မီး ကိုကို့ကို ဘယ်လောက်ချစ်တယ်ဆို တာ ကိုကိုအသိဆုံးပါ ... အချစ်ချင်းတူရင် စစ်ခင်းယူရဲတဲ့မိန်းမပါ အချစ်ချင်းပြိုင်ရင်လည်း စစ်ခင်းအနိုင်ယူခဲ့တဲ့ မီးပါ ... ချစ်တာ တစ်ခုထဲနဲ့ ကမ္ဘာသစ်လေးတည်ချင်ခဲ့တဲ့ မီးပါ ... ကိုကို့အချစ်ဆုံး မီးလေ ... အခုတော့ အဟင့် ... အီး ဟီး ရှီး ရှီး ... မီးမီးမနေ တတ်ဘူး ... မနေနိုင်ဘူး ... မီးရူးတော့မယ် ... မီး သွေးပျက်နေ ပြီ ... မီးကို ကယ်ပါဦး ... ပြန်လာခဲ့ပါ ကိုကိုရဲ့ ... "

ဒေါ်မီးမီးငိုချင်တိုင်းငိုနေတာကို ရွှေပုလဲနှင့် မီးမီးသူငယ်ချင်း ဒေါ်အေမီတို့က ဘေးမှဝိုင်းတွဲထား၏။ နေဗလမောင်က ဖခင် မျက်နှာကို တစိမ့်စိမ့်ကြည့်နေ၏။ စွမ်းရောက်လာပြီး ဖခင်ကြီးကို လက်အုပ်ချီကန်တော့လိုက်၏။ ဒေါ်သန္တာကြည်က တရားစာအုပ် လေး အသာသိမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အခန်းအပြင်ကို ထွက်သွား၏။ မေဒီမိုက အားလုံး၏ အကဲခတ်ကြည့်နေ၏။ အမွေထိန်းရှေ့နေကြီးကလည်း မေဒီမိုလို အားလုံးကို လေ့လာအကဲခတ်နေလေသည်။

"ဦးအောင်မြင်ချမ်းသာ ဘာမှမကြားသွားနိုင်ဘူး ... သူ့ရေ စဖြတ်တုန်းက အမွေခွဲဝေပေးထားတဲ့အတိုင်းသာ ဆက်လက် ဆောင်ရွက်ရလိမ့်မယ် ... ခုအချိန်မှာတော့ ဦးအောင်မြင်ချမ်းသာ ရဲ့ နောက်ဆုံးခရီးကို သူ့ရဲ့ဂုဏ်ဒြပ်ထည်ဝါမှုတွေနဲ့ အညီ စီရင်ကျင်းပ ဖို့ စိုင်းဝန်းကြိုးစားကြတာပေါ့ဗျာ ..."

"မီးရဲ့ ကိုကို မသေဘူး ... သူ အိပ်ပျော်သွားတာ ... သတိ လစ်သွားတာ ရှေ့နေကြီးရဲ့ ကိုကို့ကို ပြန်ကုရင် ရပါသေးတယ် ဒီမှာ မရရင် စင်္ကာပူမှာ ဂျပန်မှာ ဩစီမှာ ဂျာမဏီမှာ အမေရိကား မှာ မီးတို့ သွားကုနိုင်ပါတယ်"

ရှေ့နေကြီးဦးမြင့်ထွန်းဝေ၏ ခေါင်းတခါခါဖြစ်ပြီး အခန်းထဲ က ခဏထွက်သွား၏။ ဒေါ်အေမိက ဒေါ်မီးမီးကို အတင်းချော့မော့ နှစ်သိမ့်နေ၏။ ဒေါ်မီးမီးခမျာ အိုဗာအိုက်တင်တွေနှင့် ထိန်းမနိုင် သိမ်းမရ ...

စွမ်းက ဖခင်ကြီးကိုသာ စေ့စေ့စိုက်စိုက်ကြည့်နေ၏။ အားကိုးရာ ရွှေတောင်ကြီးပြိုလဲသွားလေပြီ။ လူ့ဘဝဆိုတာ အနိစ္စ၊





ဒုက္ခ၊ အနတ္တ စည်းစိမ်းချမ်းသာ၊ ဂုဏ်ဒြပ်အရှိန်အဝါတွေလည်း မကယ်တင်နိုင်။ မိတ်ဆွေသင်္ဂဟတွေ များစွာသတင်းမေးလာကြ သော်လည်း မကယ်တင်နိုင်။

ဒေါ်သန္တာကြည်က တရားနဲ့ဖြေနိုင်၍ အေးချမ်းနေ၏။ ဒေါ်မီးမီးကတော့ တရားနဲ့မဖြေနိုင်၍ အရူးမီးဝိုင်းပူလောင် အော်ဟစ်နေ၏။ မေဒီမိုလည်း ရင်ထဲမကောင်း။ ဖခင်ကို အမှတ်ရ မိသော်လည်း ဆုံးပါးခဲ့တာကြာပြီမို့ ရင်ထဲခွေးလျှရုံသာ။ ကျန်ရှိနေ သော မိခင်ကြီးကိုပို၍ တန်ဖိုးထားမြတ်နိုးမိရလေသည်။

* * *

ဦးအောင်မြင်ချမ်းသာရဲ့ ဈာပနခရီးက လူတွေစည်ကား လွန်းလှ၏။ တရားနာ၊ အမျှအတန်းပေးဝေအားလုံး ကိစ္စဝိစ္စပြီးစီး ချိန်မှာ စွမ်းကမေဒီမိုနှင့် သုသာန်ကွင်းပြင်လေးမှာ စကားပြောနေ ၏။

မီးခိုးတွေခေါင်းတိုင်ကြီးကနေ မီးခိုးငွေ့များ တလိပ်လိပ် ထွက်ပေါ်လာ၏။

"လူတစ်ယောက်ဟာ နောက်ဆုံးတော့လည်း မီးခိုးနဲ့ပြာ ဖြစ်သွားတာပါပဲလေ ... လူ့ဘဝဆိုတာ ... အင်း"



www.burmeseclassic.com

www.burmeseclassic.com



စွမ်းက သံဝေဂစကားကိုဆို၏။ မေဒီမိုက ...

"လူ့ဘဝဆိုတာ ငါးထစ်မြှောက်လှေကားပဲ ... ငါးထစ်မြှောက်ကိုရောက်နေတဲ့ သူဟာ ...'အောက်ကိုပြန်ဆင်းရင် အပါယ်လေးဘုံ အထက်ကိုတက်ရင် နတ်ပြည်၊ ဗြဟ္မာပြည်တွေ ကုသိုလ်များရင် အထက်တက်မယ် အကုသိုလ်များရင်အောက်ဆင်းမယ် ကံဆိုတာ လူကလုပ်တာ ကံကောင်းချင်ရင် အထက်တက်ချင်ရင် ကုသိုလ်အလုပ်ကို များများလုပ် များများတွေး ကံမကောင်းချင်ရင် ဖြစ်ချင်တာဖြစ်၊ နေချင်သလိုနေ ... အောက်ကိုဆင်းရမှာ ကြိမ်းသေတယ်လေ"

စွမ်းနဲ့ဒီဒီတို့စကားပြောနေစဉ် နေဗလမောင်ရောက်လာ၏။ အောင်ဘုတစ်ယောက်ကတော့ ရွှေပုလဲအနားမှာ နောက်တော်ပါးလိုလို၊ ကိုယ်ရံတော်တစ်မျိုးလိုလိုနှင့် အတင်းလိုက်ကပ်နေ၏။ ဒေါ်မီးမီးတို့ အဖွဲ့တွေလည်း သူတို့အပူနှင့်သူတို့မို့ သတိထားမိကြဟန်မတူ။

"မမ ... ဒီရောက်နေတာကိုး ... ကိုစွမ်းကို ရတနာမေးနေတယ် ... ကိုစွမ်းနဲ့ ကျွန်တော် ညီအစ်ကိုမှန်းသိလို့ လာမေးနေတာနေလိမ့်မယ် ... သူကားနားမှာပဲ ရှိဦးမယ်"

စွမ်းက ဒီဒီကို တစ်လှည့်၊ နေဗလမောင်ကိုတစ်လှည့် သံသ





ယ ရှိဟန်ဖြင့် ကြည့်ပြီး ဆတ်ခနဲလျှောက်ထွက်သွား၏။

စွမ်းရဲ့ကျောပြင်ကို ဒီဒီအံ့သြသယောင်၊ ခံရခက်သယောင် နာကြည်းသယောင်ဖြင့်လှမ်းကြည့်နေမိ၏။ နေဗလမောင်က ...

"မမ ... ကိုစွမ်းအပေါ်မှာ အာရုံငြိနေသလားဟင်"

ဒီဒီအကြည့်ကို ရုပ်သိမ်းလိုက်ပြီး ...

"မောင်လေး ... တို့ဘဝကို တို့နားလည်ပြီးသားပါ အစကတည်းက မျှော်မှန်းမထားတဲ့အရာမို့ ဆုံးရှုံးရတာလည်း ဘာမှပိုထူးမသွားပါဘူး ... တို့လမ်းကို တို့ဆက်လျှောက်နိုင်ပါတယ် ... မင်းမမကို ဘာပြောစရာရှိလို့လဲ"

"ပြောစရာတွေကတော့ တစ်ထောင့်တစ်ညနဲ့တောင် ကုန်ဆုံးမှာမဟုတ်ပါဘူး မမ ... ပြောချင်တာထက် ပြောသင့်တာကိုပဲ ဦးစားပေးနေရတယ်လေ ... ကျွန်တော့်မှာတော့ မျှော်လင့်ချက်ရှိတယ် ... အဲဒါ မမ ..."

နေဗလမောင်ရင်ထဲပေါက်အောင် စူးစိုက်ကြည့်ပြီးပြောလိုက်ခြင်းပင် ... ဒီဒီ တုန်လှုပ်သွားချင်၏။ သို့ကြား မငြိမ်သက်သော ရေပြင်ပေါ် ခဲလုံးလေးကျလို့လည်း ထူးပြီး မခြားနားသွား။

ခပ်လှမ်းလှမ်းကားဘေးနားမှာ စွမ်းနှင့်ရတနာကော်ရီတို့ စကားရပ်ပြောနေတာကို ရင်မောစွာလှမ်းကြည့်မိ၏။ နေဗလက

www.burmeseclassic.com

www.burmeseclassic.com



လိုက်မျှော်ကြည့်ပြီး ပင့်သက်မောရှိက်ချကာ ...

"ပြန်ကြရအောင် မမ ... ကျွန်တော့်ကားနဲ့လိုက်ခဲ့တာပိုသင့်တော်မယ် ထင်တယ်"

"မင်းပြောတာဟုတ်တယ် ... တို့က ဒသလိုမိန်းမ မလုပ်ချင်ပါဘူး"

"အချစ်ရှုံးရတဲ့ ဒသလို မိန်းမလည်း မလုပ်နဲ့ ... ကျွန်တော်ကတော့ လက္ခဏာနေရာက မနေချင်ဘူးဗျာ ... ဖြစ်ခြင်းဖြစ် ရာမမင်းသားပဲဖြစ်ချင်တယ်"

"ဒါဆိုလည်း လေးတော်တင်နိုင်အောင်ကြိုးစားပါ"

"လက္ခဏာ လေးတော်တင်နိုင်သလို ပစ်လည်းပစ်နိုင်တယ် အစ်ကို ရာမအတွက် သူရှောင်ပေးလိုက်တာပါ ... ကျွန်တော် လက္ခဏာ ဖြစ်နိုင်ရင်တော့ အစ်ကိုကိုလည်းညှာမှာ မဟုတ်ဘူး ... မယ်သီတာကို ကျွန်တော်လိုချင်နေမှတော့ ရာဇဝင်ကို ပြောင်းပြန်လှန်ပြီး လက္ခဏာ နဲ့သီတာဒေဝီဇာတ် ခင်းချင်ခင်းပစ်လိုက်မှာပဲ"

နေဗလက အတည်အတန့်ပြောလာ၏။ ဒီဒီမှသာ မတ်မတ်ရပ်နေရသော သစ်ပင်မြင့်မြင့်နှင့်တူနေ၏။ လေတိုးငေ့ ရာယိမ်းရှဲ့ နေရစ် ပုံမှန်အနောက်တောင်မုတ်သုံလေ တိုက်ခတ်သလို တစ်ဖက်ထဲ ယိမ်းနွဲ့ နေချင်လည်း မရသည့်ဘဝ။



ဖူးစာနတ်ဘုရင် မြားနတ်ရှင်ကတော့ အချစ်ပဥ္စလက်မြားနှင့် ပစ်ခတ်ထားခဲ့လေပြီ။

ပဥ္စလက်ဆိုတာ ထင်တာတွေမဖြစ်၊ မထင်တာတွေလည်း ဖြစ်လာနိုင်သည် မဟုတ်ပါလားနော်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

ကိစ္စဝိစ္စတွေ ပြီးစီး၍ ပုံမှန်နေသားတကျ ပြန်ဖြစ်ချိန်မှာ ကိုယ့်အလုပ်ကိုယ်လုပ်ဖြစ်နေကြ၏။ ရှေ့နေကြီးက အမွေခွဲပေး၏။ ပါရမီထဲက တိုက်နဲ့ခြံ ကား၊ စက်ရုံလုပ်ငန်းကို ဒေါ်မီးမီးတို့ သားအမိ ရရှိသွား၏။ အတွင်းပစ္စည်းတွေလည်း အညီအမျှ ခွဲဝေယူဖြစ်ကြသည်။ အမွေခွဲလျှင် ပြဿနာအကြီးအကျယ် တက်လိမ့်မည်ဟု ထင်ထားတာတွေ တက်တက်စင်အောင်လွဲမှားခဲ့ရ၏။ လုံးဝထင်မထားတာတွေက ပြဿနာမီးပွားလေးတစ်ဖျောက်ဖျောက် ဖြစ်ပေါ်လာစေသည်။

အိမ်ခွဲနေပြီးကတည်းက ဒေါ်မီးမီးပေါ်မလာသော်လည်း နေဗလမောင်နှင့် ရွှေပုလဲတို့ကတော့ ဒီအိမ်ကြီးကို မကြာခဏလာလည်တတ်ကြ၏။





ဖခင်ကို သတိရ၍ နေခဲ့ဖူးသော မိသားစုဘဝလေးကို အမှတ်ရ၍ အိပ်ခဲ့ဖူးသော အိပ်ခန်းဟောင်းလေးကို မေ့မရ၍ စွမ်းဆိုတဲ့ အစ်ကိုကို အောက်မေ့၍ စသည့်အကြောင်းပြချက်မျိုးစုံဖြင့် တစ်လှည့်စီရောက်လာတတ်၏။ စွမ်းတို့သားအမိ မတတ်သာလို့ ပက်ပင်းတိုးလျှင် ခဏတဖြုတ်သာ စကားပြောပြီး ကိုယ့်အလုပ်ကို ဆက်လုပ်ကုန်ကြ၏။ မေဒီမိုကသာ ဒိုင်ခံညှော်ခံစကားပြောပေးနေရလေသည်။

အထူးသဖြင့် နေဗလမောင်ပေါ့ ရွှေပုလဲကို အောင်ဘုကညှော်ခံတာများနေ၏။ ဒေါ်သန္တာကြည်က စွမ်းနှင့်တိုင်ပင်ပြီး သီလရှင်ဝတ်သွား၏။

မပျော်တစ်နှစ်၊ ပျော်တစ်သက်ဝတ်မည်ဟုပြောသွား၏။ ဒီနေ့ ရွှေပုလဲရောက်လာနေ၍ အောင်ဘုက ညှော်ခံစကားပြောနေ၏။ နေဗလမောင်ရောက်မလာသေး။ ဒီဒီက ချက်ပြုတ်ပေးပြီး ရေမိုးချိုး သန့်စင်ဝတ်စားကာ ရွှေပုလဲကို ထမင်းစားဖို့သွားခေါ်ရန် အလာ ...

ပန်းခြံထဲက ခုံပေါ်မှာ အောင်ဘုပြောနေတာတွေကို အုန်းပန်းပင်အကွယ်ကနေ အသာရပ်နားထောင်နေမိ၏။

"မယားတောသူ၊ လင်ကျောဖြူတဲ့ အိမ်ထောင်ပြုမယ်ဆို

www.burmeseclassic.com

ရှင်ယောကျ်ားက မယားတောသူမျိုးကို ရှာယူရတယ် ... တောသူတွေက အိမ်မှုကိစ္စနိုင်နင်းတယ် ... အသုံးအစွဲ ချွေတာတယ် ... ထားရာနေ ချေရာသွားတယ် ... တော်တယ်ပေါ့လေ ... မိန်းကလေး တွေကျတော့ လင်ကျောဖြူကိုရှာယူရတယ် ပုလဲရဲ့"

"လင်ကျောဖြူဆိုတော့ ကျောမှာသမင်ဖြူပေါက်နေတဲ့ လူမျိုးကို ရှာယူရမှာလား"

"ဘယ်ကလာ ဟုတ်ရမှာလဲ ... ဝတ်ထားတဲ့အင်္ကျီကျောဖြူအောင် လုပ်ကျွေးတဲ့ ယောကျ်ားမျိုးကို ပြောတာ ... ဥပမာ တို့လိုကောင်မျိုးပေါ့ ... ဆိုက္ကားနင်း အင်္ကျီကျောဖြူတဲ့အထိပဲ မိသားစုကိုလုပ်ကျွေးတာ ... နောက်တော့ အားလုံးသေကုန်လို့ ကိုယ့်ဘာသာတစ်ယောက်ထဲပဲ ပုလဲလိုမိန်းမလေးမျိုးဆို သစ္စာရှိရှိ လုပ်ကျွေးတဲ့ ယောကျ်ားမျိုးပေါ့ ... သိပ်အလုပ်လုပ်တာ ... ငွေရှာတယ် ... အကြံကြီးတယ် ... ကျောက်တူးသမားလို လောပန်လောင်းပေါ့ ... တို့ကတော့ ဘဝတူးသမားလေးလေ ဘဝသူဌေးလောင်းပေါ့"

"သိုက်တူးသမားပဲ ကြားဖူးပါတယ်"

"တင်စားပြောလိုက်တာလေ"

"ဘယ်သူ့တင်ကိုသွားစားတာလဲ"



"မေဒီမိုတင်ပါးကို ... အဲလေ ... ထို့ ... ယောင်ပြောမိတာ မေဒီမိုက တင်ပါးလိမ်ကောက်ပြီး လမ်းလျှောက်တတ်တာလေ"

ရွှေပုလဲတဟင်းဟင်းနှင့် ရယ်ပဟားနေ၏။ မေဒီမို ညစ်နေရှာတဲ့အထဲ အောင်ဘုရဲ့ အတင်းတုပ်ခြင်းကို ခံလိုက်ရ၍ ဒေါ်တင်းသွား၏။

"မမမေဒီမိုက လိမ်ဖယ်နေလို့လား"

"လိမ်ဖယ်သလို တင်ပါးက ကောက်ချိတ်ချင်နေတာလေ ဆင်မယဉ်သာဟန်ထွင်ထားတာပေါ့ ... မှတ်ထား ရှောင်ရမယ့် အထဲမှာ မယားကောက်ချိတ်၊ လင်နောက်ပိတ်တဲ့ ကောက်ချိတ်တဲ့ မိန်းမ လမ်းဖြောင့်ဖြောင့် မသွား၊ စိတ်ဖြောင့်ဖြောင့်မထားဘူး ... လင်နောက်ပိတ်ဆိုတာလည်း နောက်မှာ ချည့်နေရတယ် ... ပွဲမတိုးဘူး ... အလကားလူမျိုး ဟား ဟား ဟား"

မေ့ဒီမိုကို ကွဲ့ရဲ့စကားဆိုပြီး ယောကျ်ားကြီးတန်မဲ့ ထ,ဟားနေ၏။ ရွှေပုလဲကပါ လက်ခုပ်လက်ဝါးတီးပြီး လိုက်ရယ်နေ၏။ မေဒီမို ဒေါသဟုန်းခနဲတောက်လောက်ပြီး ထွက်ရန်တွေ့ဖို့အပြင်

"နောက်တစ်မျိုးရှိသေးတယ် ပုလဲရဲ့ ... မြို့သူမယားလင် လည်စားတဲ့ လည်လည်ပတ်ပတ် လုပ်ကိုင်စားတတ်တဲ့လင်ကို မြို့သူတွေက မယားတော်ချင်နေကြတာ အမှန်ပဲ"

www.burmeseclassic.com



"ဟုတ်တယ်နော် ... ကားပွဲစား အိမ်ပွဲစား ဟိုပွဲစား ဒီပွဲစား တွေ ပြီးတော့ အကျိုးတော်ဆောင်ဆိုတာတွေလေ ... "

"ပါပေ့ ဒီဒီရဲ့ ... နောက်ပြီး စကားပုံအမျိုးအသစ်ကလေး ပေါ်နေသေးတယ် ... တဘောင်စကားလို နိမိတ်ဖတ်တဲ့စကား လိုလိုနဲ့ ပုလဲရော ကြားမိသေးရဲ့လား"

"ဘာစကားလဲ ... ပုလဲတော့ မကြားမိပါဘူး"

"မှတ်ထား ရွှေပုလဲ အောင်ဘုထင်တဲ့ ဟဲ ဟဲ ဟဲ ... "

"အယ် ... ဟယ် ... ဟော့တော့ လူလည်ပန်ကာကြီး သူများကို ပြောထည့်လိုက်တာများ ကြည့်စမ်း ... ကြည့်စမ်း"

"အဲဒီစကား သွေးထွက်အောင်မှန်တာ ပုလဲရဲ့"

"ဒေါင် ... "

"အောင်မလေး ... သေပါပြီဟာ"

ခြင်ဆေးဖြန်းသော စပရေးဗူးဖြင့် အောင်ဘကိုသေချာချိန် ပြီး လှမ်းပေါက်လိုက်သူက မေဒီမိုပဲပေ့။ အောင်ဘုရဲ့နဖူးကို တည့်တည့်မှန်သွား၏။ အောင်ဘုသူ့နဖူးကိုလက်နှင့် အုပ်ပွတ်သပ်ရင်း နာကျင်မှုကို ကြိတ်ဖြေရင်းက ...

"ဘယ် ... ဘယ်သူ့ပစ်တာလဲ ... ဟင် ဟင် ... ဒီဒီ"

"ငါပစ်တာပဲ အောင်ဘု ... နင်သိပ်တရားလွန်နေပြီ





ယောက်ျားဖြစ်ပြီး ဘာလို့ ငါ့သောက်တင်းတုပ်နေရတာလဲ ... နင် ပြောတဲ့စကားထဲမှာ ငါဟာရစရာကိုမရှိတော့ဘူး ... နင်မို့လို့ သူတစ်ပါးကို အားမနာပြောရက်ရဲတယ် အံ့ဩပါရဲ့ ... "

"မေဒီမို ... ငါတောင်းပန်ပါတယ် ငါက နင်မရှိဘူးမှတ်လို့ပါ ဟဲ ဟဲ ဟဲ ... မ ... မမရဲ့မောင်လေး မရဲ့မောင်ဆိုတဲ့ သီချင်းလေး အကြောင်းပဲ ... ရွှေပုလဲကို ပြောပြတော့မယ်နော်"

"အောင်ဘု ... နင် ... ငါ့ကို နေဗလနဲ့ ... "

"အဲလို မထင်ပါနဲ့ ... နင်ကလည်း ဘာပြောပြောမလွှတ်ဘူး ငါပြောတဲ့အထဲမှာ နေဗလနာမည်လည်း မပါသလို မေဒီမိုနာမည် လည်း မပါပါဘူး ... ကဲပါ လွှတ်အောင်ပြောတော့မယ် ... လူတိုင်းမှာ အစွမ်းရှိတယ် ... သိပ်စွမ်းတဲ့လူဆိုရင် ... "

"အောင်ဘု ... မသာငနာကောင် စကားအရာမှာ မိကျောင်းလျှာလို ရှည်တဲ့ကောင် ... ပုလဲ အဲဒီကောင်ကို မယုံနဲ့ လျှာအရိုးမရှိတိုင်း လျှောက်ပြောနေတာ ... အောင်ဘုဆိုတာ ကြောင်ချီး ခွေးချီး ဝက်ချီးလိုကောင် ... အဲလိုဝလယ်ချီးလယ်နေလို့ ငါက ဒီခေါ်ထားတာ ... ဒီမှာ ခွင်ထည့်ပြီး ဘဝင်လေဟပ်နေတာ ပုလဲ သူ့ကို မျက်နှာသာပေးရင် အရှေ့က တစ်မူးသာပြီး နောက်ဆို အိမ်ဦးမှာ ချေးတက်ပါမယ့်ကောင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မမမေဒီရဲ့ စကားကလည်း ချေးတွေရော ချီးတွေ ရောထပ်နေတာပဲ ရွံ့စရာကြီး အန်ချင်လာပြီ ..."

"အေး ... အောင်ဘုကိုလည်း အော်ဂလီဆန်ချင်စရာကြီး မှတ်ပြီး ဝေးဝေးသာရှောင် ညီမရေ အကြောင်းသိလို့ပြောနေတာ ညီမပေါင်းကြည့်ရင်မှားမယ်"

ပုလဲက မျက်လုံးပြူးပိုင်းလေးနှင့် ပခုံးနှစ်ဖက် ဆတ်ဆတ် တုန်ပြ လိုက်၏။ အောင်ဘုက

"ပြောမနာ ဆိုမနာတွေ မေဒီမိုက အပေါက်ဆိုးတယ် ... အဲဒါကြောင့် ဂျမ်းဒေါမဆိုတဲ့ နာမည်တောင် တွင်ခဲ့တာ ... မေဒီမို ပြောတာ ဂရုစိုက်မနေနဲ့ သူက အောင်ဘုနဲ့ပုလဲတို့ ဘာဘာညာညာ ဖြစ်သွားမှာ ပူပန်သောကရောက်နေတာ"

"အောင်မာ ... နင်လိုကောင်မျိုးကို ငါက ဘာလို့ပူပန်ရမှာ လဲ ... ပုလဲအတွက် ပူပန်တာ ... အောင်ဘု သွား ... ကိုယ့်အရပ် ကိုသွားနေ ..."

"ဒီမှာ ပုလဲကို ညှော်ခံစကားပြောနေတာ"

"ငါညှော်ခံလိုက်မယ် နင့်အလုပ်မဟုတ်ဘူး"

"အံမယ် စတိုင်လ်က သူဌေးကတော်ကြီးလိုလို သူဌေးဆော် ကြီးလိုလိုနဲ့ ဟောက်စားလာလုပ်နေသေးတယ်"





ဒီဒီက နီးရာခဲတစ်လုံးကောက်တော့မှ အောင်ဘုလစ်ပြေး တော့၏။ ပုလဲက ပြုံးလဲ့ရယ်မောရင်း ကြည့်နေ၏။ အောင်ဘု လစ်သွားမှ မေဒီမိုက ညှော်ခံစကားပြောဖို့ ဒန်းမှာဝင်ထိုင်လိုက်၏။

ပုလဲက ...

"ဟောတော့ ခုမှ သတိရတယ် အောင်ဘုကို နှင်းဆီပန်းတွေ ခူးခိုင်းထားတယ် ... အိမ်ကဘုရားစင်မှာ လှူဖို့ နှင်းဆီပန်းတွေလာ ခူးတာ ... မမမေဒီရဲ့ ပုလဲသွားခူးခိုင်းလိုက်ဦးမယ်နော်"

ပုလဲကပြောလည်းပြော၊ ထ၍လည်း လစ်ထွက်သွားလေ သည်။ မေဒီမိုပင့်သက်ရှိုက်ချရင်း ခေါင်းတခါခါဖြစ်သွား၏။

ပုလဲက အောင်ဘုမှ အောင်ဘုဖြစ်နေမှတော့ မေဒီမို ဘာများတတ်နိုင်တော့မှာတဲ့လဲ။

ꩤꩤꩤ

"မမ ..."

နေဗလမောင်က ဆွဲဆောင်အားပါသော ခေါ်သံဖြင့် ခေါ် လိုက်၏။ မေဒီမိုအဝေးရှိ ရှုမျှော်ခင်းတွေကို ငေးကြည့်နေရာက မေလေးဆတ်ပြီး တုံ့ပြန်လိုက်၏။

"မမ သိပ်လှတယ်ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အသလွတ်ကြီးလာမြှောက်နေတယ် ... ကြေးအိုးဆီချက်နဲ့ ဘီယာလိုက်တိုက်ရမှာလား နေဗလ ... "

"မတိုက်ရပါဘူးဗျာ ... ရင်ထဲရှိတာပြောတာပါ ... ကိုစွမ်းထက် မမကို ကျွန်တော်အရင်သိခဲ့ရင် သိပ်ကောင်းမှာပဲ"

"ဘာဖြစ်လို့ ... "

"ကျွန်တော် ပထမလူဖြစ်ရင် မမအနေနဲ့ ကျွန်တော့်ကိုဦးစားပေးစဉ်းစားမှာပဲ ... သီချင်းတစ်ပုဒ် ဓာတ်လမ်းတစ်ခုပဲဖြစ်ဖြစ် ပထမဆိုတဲ့လူ ပထမရိုက်ကူးတင်ဆက်တဲ့လူတွေပဲ ပိုကောင်းတတ်ကြတယ်လို့ လူတွေက ထင်နေကြတာလေ ... "

"ဟင်း ... မမကို စ,မြင်တွေ့ရင် မင်းစိတ်အချဉ်ပေါက်သွားလိမ့်မယ် ... မမကို လူတွေက စွာကျယ်မ ... ဂျမ်းဒေါ်ပြဿနာမယ်တော်ကြီး ... အဲလိုကိုပြောင်ခေါ်ကြတာ ... မမကလည်း စိတ်ကြမ်းလူကြမ်း ဘဝကြမ်းကြီးပဲ ... အနိတ်သန္တာကြည်နဲ့ ကိုစွမ်းတို့နဲ့တွေ့မှ ထိမ်းသိမ်းပြုပြင်နေထိုင်တတ်သွားတာ ... ဒါတောင် မင်းတို့မိသားစုနဲ့ မြင်ပြင်းကတ်ကြတုန်းက ရန်စွယ်ငေါ်ငေါ် ဂျမ်းဒေါ်မကြီးလုပ်လိုက်ရသေးတယ် ဟင်း ဟင်း ... "

"အဲဒီအကြောင်းတွေ မေ့ထားလိုက်ပါဗျာ ... ကျွန်တော်တို့ဘက်က နားလည်ပါတယ် ... ကိုစွမ်းက စိတ်ကူတောင်းလို့ ကူတိုက်





ပေးခဲ့တာပဲ ... လူတိုင်းမှားတတ်ကြတာပဲ ... ပုထုဇဉ်တွေကိုး အမှားတွေမများဖို့သာ အရေးကြီးတာပါ ... ကျွန်တော်နဲ့မမမှာ အမှန်မြင်လို့ အမြင်မှန်တဲ့ ဆက်ဆံရေးရှိနေပြီလေ ... ကိုစွမ်းအစ်ကိုတစ်ယောက်လို ခင်တွယ်ပြီး မေတ္တာတောင်းခံပေမယ့် မရချင်ဘူး မဆီကရတော့ မမကိုပိုပြီးတွယ်တာတယ် ... မမကိုပိုပြီး ခင်မင်ရင်းနှီးနွေးထွေးတယ် ... မမနဲ့ပိုနီးကပ်လေ မမရဲ့ မေတ္တာအကြင်နာတွေကိုပိုရလေ ... ကျွန်တော့်ရင်ထဲမှာ တစ်ခါမှ မဖြစ်ပေါ်ဘူးသေးတဲ့ ရင်ခုန်ခြင်းတွေပိုပြီး တုန်ခါရန်းကြွလာပဲ ... ရင်ခုန်သံတွေဘာကြောင့် ထိန်းမရတာလဲလို့ ... ကိုယ့်ဘာသာသေချာ ဆန်းစစ်ကြည့်တော့ ... အဲဒါဟာ အချစ်ပဲ ... ကျွန်တော် မမအပေါ် သိပ်ချစ်နေပြီဗျာ ... တကယ်ပါ ... ရင်ရဲ့အနက်ရှိုင်းဆုံးထဲကနေ ချစ်မိနေတာ ... အဲဒါကို မမအကြွင်းမဲ့ ယုံကြည်ပါနော်"

နေဗလမောင်ရဲ့စကားက မေဒီမိုရဲ့နှလုံးသားကို တံခါးခေါက်သွား၏။ မေဒီမိုရဲ့ အနက်ရှိုင်းဆုံးထိ ထိုးဖောက်နေရာယူထားသူ စွမ်းရှိပြီးသားမို့ နေဗလဗမာင်ကို လက်ခံဖို့ရာ သိပ်တော့မလွယ်လှပါ။ စွမ်းအပေါ် မျှော်လင့်ချက် နည်းပါးလွန်းသောအခါ အစားထိုးဖြေသိမ့်စရာအဖြစ် နေဗလမောင်ကို အရှုံသဘောမျိုးထားကြည့်ချင်စိတ်က တဖွားဖွားဖြစ်ပေါ်လာမိ၏။ သို့ဖြစ်သော အသိတရား



www.burmeseclassic.com

www.burmeseclassic.com



နှင့် ထိန်းချုပ်ထားရလေသည်။

"မမ ကျွန်တော်ပြောတာ ကြားရဲ့လား"

"ဟင် … အင်း … ကြားပါတယ် … မမစဉ်းစားနေတာပါ"

"ဘာတွေများလဲ … ကျွန်တော့်စကားအပေါ် ဖြစ်မှာပါ နော်"

"အင်းပေါ့ … မမအနေနဲ့ အချစ်ရေး အိမ်ထောင်ရေးတွေ မစဉ်းစားချင်သေးဘူး မမရဲ့မိခင်ကြီးကို ကယ်တင်ချင်သေးတယ် မမမိခင်ကြီး ချမ်းငြိမ်းအေးမြတဲ့ ဘဝလေးပိုင်ဆိုင်စေချင်တယ် အဲဒီ အတွက် မမကြိုးစားပြီး ငွေစုနေတယ် … ကျန်တာတွေ ခေါင်းထဲ မထည့်ချင်ဘူး နေဗလရယ် … မမနဲ့ မင်းတို့ရဲ့ ဘဝပေးအခြေအနေ အရလည်း ကွာဟချက်ရှိနေတယ် … မမကို မင်း မချစ်မိတာ အကောင်းဆုံးပဲ"

"အချစ်ဆိုတာ အတင်းချစ်ခိုင်းလို့မှ မရတာ … မချစ်ခိုင်း လို့လည်း မရဘူး မမ … ကျွန်တော့်အချစ်က မမကိုသိမ်းပိုက်ပြီးရင် မမရဲ့မေမေကို မိခင်အရာ မယ်တော်ကြီးအရာ မြှောက်စားမှာပါ ကျွန်တော့်အတွက် မိခင်ဆိုတာ လိုအပ်တယ်လေ … မာမီ မီးမီး ရှိသလို မမရဲ့မေမေလည်းရှိနေစေရမယ် … ကျွန်တော် ပြောတာ ကို သဘောပေါက်ပါတယ်နော်"





"ပေါက်တယ် နေဗလ စိတ်ကူးယဉ်ဆန်လွန်းနေတယ် မမ တို့က လက်တွေ့ဘဝ နေပူထဲမှာ … စံအိမ်ပေါ်မှာ နေပျော်တဲ့ သူတွေကို ဒုက္ခမပေးချင်ပါဘူး … မမစကားကို မင်းနားလည်မှာ ပါ"

"နားလည်ပေမယ့် မခံစားနိုင်ဘူးဗျာ … မမကို ကျွန်တော် ချစ်တာ … အသည်းအသက်နဲ့ထပ်တူပါပဲ … မမက ကျွန်တော့်ကို မချစ်ချင်လို့ တမင်စိမ်းကြဉ်တဲ့ စကားတွေပြောနေတာလား … ချစ်ချင်ရဲ့သားနဲ့ မူယာမာယာ အထာတွေပိုနေတာလား … ကျွန်တော် စိတ်တွေသိပ်လှုပ်ရှားနေပြီ … ကျွန်တော့်ကို မမပြန်ချစ် ပါ … အဲဒါပဲ ကျွန်တော်ကြားချင်တယ် … ကျန်တာတွေ အိုဗျာ မချစ်မယ့်စကားတွေ နားထားရှောင်ဖယ်တဲ့စကားတွေ … လမ်းခွဲရ မယ့် စကားတွေဆို ဘာတစ်ခွန်းမှ မပြောပါနဲ့တော့ … "

နေဗလက ပန်းခြံထဲက ထိုင်ခုံတန်းလေးပေါ်က ထရပ်ပြီး မေဒီမိုကို ကျောခိုင်းကာ ပြောလာ၏။ ဘောင်းဘီအိတ်ထဲက လက်နှစ်ဖက်ကို ထုတ်ပြီး လက်ချင်းပွတ်ခြေကာ မေဒီမိုရဲ့စကား ကို နားစွင့်နေ၏။

"မင်းကလည်း ဇွတ်တရွတ်ပဲကွယ်"

"မမ … ကျွန်တော်ကြားချင်တဲ့ စကားကလွဲရင် ကျန်တာ



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး တစ်ပါဒမှ မပြောနဲ့ဗျာ"

နေဗလက အစိအပြင်ချည်နှောင်နေ၏။ မေဒီမိုလည်း ဆက်ပြောရခက်နေပြီ။ နေဗလအပေါ်လည်း အားတုံ့အားနာဖြစ်မိ၏။

ဟိုတုန်းက ဒီလိုသူဌေးသား ရုပ်ချောလေးက ရင်ဖွင့်လာလျှင် ပျော်ပျော်ကြီးခေါင်းညိတ်ပစ်လိုက်မှာပင်။ ယခုတော့ လူကုံထံ တွေကြားထဲ အနေတည်ပြီး စားတတ်နေပြီဖြစ်၍ ...

ဘာမှကို တုံ့ပြန်စကားမဆိုတော့ ဆယ်မိနစ်၊ နာရီဝက်၊ တစ်နာရီထိ တိတ်ဆိတ်စွာ စောင့်ဆိုင်းနေ၏။ နေဗလ ဝမ်းနည်းပက်လက်ဖြစ်ပြီး ခေါင်းငိုက်စိုက်ကျသွား၏။

မေဒီမိုလည်း မျက်ဝန်းလေးမှိတ်ထားလိုက်၏။ ဖုန်းနားကျပ်လေးဖွင့်ပြီး သီချင်းနားထောင်နေလိုက်၏။ နေဗလက ကန်ရေပြင်အစပ်ကို ဆင်းချသွား၏။ မေဒီမိုမျက်လုံးဖွင့်ကြည့်နေမိပြန်၏။

ကန်ရေထဲကို နေဗလ ဆင်းသွား၏။

မြတ်စွာဘုရား သူ့ကိုယ်သူ ရေနစ်သေအောင်လုပ်နေပြီလား နေဗလ ခါးလယ်လောက်နစ်တဲ့နေရာရောက်နေပြီ ...

"နေဗလ ... "

မေဒီမို အော်ဟစ်ခေါ်လိုက်၏။ နေဗလက လှည့်မကြည့်





သော်လည်း ရပ်တန့်သွား၏။ ကလေးဆိုးကြီးလို လေသံမျိုးဖြင့်

"ဘာလဲ ... "

"ပြန်လာခဲ့ ... "

"မလာဘူး ... "

"အဲဒါ ဘာလုပ်နေတာလဲ"

"လုပ်ချင်တာ လုပ်နေတာပေါ့"

"မင်း ရေကူးတတ်လို့လား"

"မကူးတတ်ဘူး ... "

"မကူးတတ်ဘဲနဲ့ ဘာလို့ စိတ်ကူးပေါက်ပြီး ရေထဲဆင်းရတာလဲ အံ့ဩပါရဲ့"

"မမက ကျွန်တော့်ကိုမှ မချစ်တာ မမနဲ့မဆိုင်ပါဘူး"

"ဆိုင်တယ် မင်းပြန်လာခဲ့ ... ပြန်လာရင် မင်းကိုဆိုင်တဲ့ အကြောင်း တိုးတိုးလေးပြောပြမယ်"

နေဗလ ဆတ်ခနဲလှည့်ကြည့်ပြီး ...

"တကယ်လား ... "

"အင်း"

နေဗလပြန်တက်လာ၏။ ခါးအောက်ပိုင်းရေတွေ ရွှဲရွှဲစိုလို့။ နေပူကျဲကျဲကြီးမှာ အပူရှုပ်သေမှာလည်း မကြောက် ... ရွတ်ရွ ရွတ်



www.burmeseclassic.com

www.burmeseclassic.com



လှုဆိုးလေး … ။

"ကဲ … ပြော"

"အပ္ပရှပ်ဖျားရင် ဘယ်လိုလုပ်မလဲ"

"သေပစေပေါ့ … မမ မချစ်တဲ့ဘဝနေရတာထက် သေသွားတာက ပိုကောင်းဦးမယ်"

မေဒီမိုက မသိမသာ အံကလေးစေ့ကြိတ်လိုက်ပြီး …

"တော်ကီတွေနဲ့ ဂေါ်လီလုပ်မနေနဲ့ … တော်ပြီလို့ မမပြောနေတာ … မင်းကြားစေချင်တဲ့ စကားရဲ့ရှေ့ပြေးနိမိတ်ဖြစ်ချင် ဖြစ်မယ်"

"ဘာရယ် မမ … "

"မမစဉ်းစားဦးမယ် … မင်းရဲ့အချစ်ကို တုန့်ပြန်ဖို့ မမနှလုံးသားထဲကအဖြေကို ဦးနှောက်နဲ့ စဉ်းစားရှာဖွေဦးမယ်"

"အဲဒီခေတ်က ခေတ်နောက်ကျနေပြီ မမ … ဘာလို့ ခေတ်နောက်ပြန်ဆွဲနေရတာလဲ"

"အချစ်ထောက်ခံမှုရဖို့ ခေတ်နောက်ပြန်ဆွဲသင့်ရင်လည်း ဆွဲရမှာပဲ … နေဗလ အခါက က မင်းလိုချင်တဲ့အဖြေရဖို့ ရော … အင့် ဆိုပြီး ဟင်းရွက်ကန်စွန်းလို အပေါ်စားအချစ်မျိုး မမကပေးရမှာလား … မမက မိန်းမသား စဉ်းစားနိုင်မှ တော်ကာကျမှာလေ။



အဲဒီအပေါ်မှာ မင်းနားလည်မှုပေးသင့်တယ် … နားလည်မှုမပေးနိုင်ဘဲ မိုက်ချင်တယ် ဆိုရင်တော့ မင်းကြိုက်တဲ့လမ်းကိုရွေး မမဥပေက္ခာပြုနေလိုက်တော့မယ်"

မေဒီမိုရဲ့ အတည်ပေါက်နဲ့ ခပ်ဟောက်ဟောက် စကားကြောင့် နေဗလမောင် မျက်ခုံးနှစ်ဖက်ပင့်တက်ပြီး ပခုံးနှစ်ဖက်ပါ ပြိုင်တူတွန့်တက်သွားရတော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

စွမ်းနှင့် ရတနာကေရီတို့နှစ်ဦးကတော့ အတွဲပိုစိပ်လာ၏ ရတနာကေရီ အိမ်ကိုလိုက်ပါလာတတ်ပြီ။

ရတနာကေရီကို သီးသန့် ထမင်းဖိတ်ကျွေးဖို့ မေဒီမိုက ရှေ တလုံးလုံးနှင့်ချက်ပြုတ်ရ၏။

အောင်ဘုက ကူညီချက်ပြုတ်ပေး၏။

"စွာကျယ်မ နင်အဖြစ်ကလည်း ကိုယ့်အသဲနှလုံးကို ဟက် တက်ခွဲ ဆားဖြူး၊ မီးကင်ပြီး သူတစ်ပါးကိုချကျွေးနေသလိုပါပဲလား နင့်အစား ငါစိတ်မသက်သာလိုက်တာဟာ ... နင် အတွင်းကြိတ် စိတ်ဆင်းရဲနေတာ ငါသိတယ်"

"အောင်ဘု ငါ့ခေါင်းထဲမှာ ငါ့အမေပဲရှိတယ် ... အမေ့ကို ဒီခေါ်ထားချင်တယ် ... ဒီထမင်းစားပွဲကို ဖိတ်ကျွေးပြီးရင်စွမ်း





က တုန့်ပြန်တောင်းချင်တယ် ... ငါ့အမေနဲ့ငါအတူနေချင်တယ်"

အောင်ဘု ကြက်သွန်ဖြူနီ ရောထောင်းနေရင်းက ...

"ဒီခေါ်ထားတော့လည်း ယာယီပဲနေရမှာပေါ့ ... ကိုစွမ်းက ရတနာ့ကိုယူမှာ ယူရင် နင့်တို့သားမိကို ဆက်ထားပါ့မလား ... ဒီလို နင့်လက်နင့်ခြေ နေထိုင်တာမျိုး ရတနာနဲ့ရပြီးရင် ပေးတော့မှာ မဟုတ်ဘူး"

"ရသလောက်အချိန်အတွင်း ငါ့အမေကိုသက်သာစေချင် တယ် ... သူတို့က တို့သားအမိကို အလိုမရှိတော့ရင်လည်း ငါ့တို့ မှာ စုဆောင်းငွေလေး အတော်သင့်ရှိနေပြီလေ ... အဲဒီအခါကျရင် ငါတို့အိမ်လေးကိုရောင်း စုထားတဲ့ငွေလေးနဲ့ မြို့သစ်လမ်းထောင့် နေရာလေးဝယ် အိမ်ဆိုင်လေးဖွင့် ... ဆိုက္ကား၊ ဆိုင်ကယ်၊ လိုင်းကား လေးထောင် ရေစက်တူးပြီး ရေရောင်းစား ... သုံးလေးငါးနှစ် အတွင်း သာမာန်သူဌေးလောက်တော့ ဖြစ်သွားမှာပဲလေ"

"နင်အကြံကြီးတယ် ... အင်း အဲဒါကောင်းပါတယ် ... ကိုစွမ်းအနေနဲ့ နင်ထင်တာထက်ပိုပြီး နင့်ကိုချစ်နေတာဆိုရင်တော့ နင်လုပ်တဲ့အမှားတွေက နင့်နှလုံးသားကို ဒဏ်ရာပြန်ဖြစ်သွားစေ လိမ့်မယ် စွာကျယ်မရဲ့"

"အောင်ဘု မဖြစ်နိုင်တာတွေမပြောနဲ့ ... ငါနဲ့စွမ်းကြားမှာ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှင်နဲ့ အလုပ်သမားဆက်ဆံရေးပဲရှိတယ် … သူဖြုတ်ရင် ငါ အလုပ်ပြုတ်မယ် … သူ မဖြုတ်ရင် ငါအလုပ်မပြုတ်ဘူး … ဒါပဲ”

အောင်ဘုက ရေပ်ဆုံကို အားရပါးရထောင်းပြီး …

“ကောင်းပါပြီ ကျုပ်ကလည်း ခရမ်းချဉ်သီးမီးဖုတ်လေးနဲ့ ငါးခြောက်ဖုတ်ဆီဆမ်းလေးနဲ့ ထမင်းစားချင်တာပဲသိပါတယ် … ဇွာကျယ်မ အလုပ်မြဲရင် အောင်ဘုလည်း အလုပ်မြဲမယ် ဒါပဲ”

“ရွှေပုလဲကို အတင်းခုန်ဟပ်ပိုးပန်းနေတာလည်း ထည့်ပြော ဦးလေ”

“အဟဲ ဟဲ … ဒါတော့ ငါ့ကိစ္စပဲ နင်ပြောပုံကြီးကလည်း ခုန်ဟပ်နေတယ်ဆိုတော့ … ငါက ခွေးကြီးဖြစ်နေပြီပေါ့ဟ”

“နင်က ခွေးမဟုတ်ပါဘူး … အင်္ဂလိပ်လိုပြောရရင် ဒီအိုဂ္ဂ လေဟာ … ”

“ဒီမှာ အဲလောက်တော့ အင်္ဂလိပ်စာ ငါတတ်သေးတယ် ငါက ဟပ်ဖ်ဘီအေ သပ်ရီးယားနဲ့ ကျောင်းပြီးထားတာပါဟ”

“ဘာလဲ … ဟမ်ဒီအေ သပ်ရီးယားဆိုတာ”

“ဟပ်ဖ်ဆိုတာ တစ်ဝက် ဘီအေတွဲ့ရတာက ဆယ့်လေး တန်းကိုပြောတာ ဆယ့်လေးတန်းကို တစ်ဝက်ဝက်တော့ ခုနှစ် တန်းပေါ့ ခုနှစ်တန်းသုံးနှစ်ကျတော့ ဟပ်ဖ်ဘီအေသပ်ရီးယား ဖြစ်



သွားတာပေါ့ ပြဿနာမယ်တော်ကြီးရဲ့”

“ကောင်းစုတ် ပြောရင်းနဲ့ ဖောက်လာပြန်ပြီ … ဒီမှာ ရောဝဲ ဖြုတ်ထားတာတွေ နုတ်နုတ်စင်းဖို့လုပ်ဦး … ရောဝဲပြုတ်သုတ်ကို ဆို ချက်ပြုတ်နည်းမေးပြီး စမ်းလုပ်ကြည့်ရတာ … ”

“နင်က လက်ရာကောင်းပြီးသားပါ ဇွာကျယ်မရယ် … ပုဇွန် ဆုပ်ဆီပြန်ဟင်း၊ ဆယ့်နှစ်မျိုးဟင်းချို၊ ဝက်အူချောင်းနဲ့ နို့ခဲကျော်၊ ဒန်းပွင့်၊ ရွှေပဲသီး၊ ရေပ်သီးပွ၊ မုန်လာဥနီ စုပေါင်းပြီး ခရုဆီနဲ့ကြော် ထားတဲ့ အစိမ်းကျော်၊ ဝက်သားပြားကျော်ချက်၊ ဆိတ်သားပေါင်း၊ သိုးကလီစာမွှေကြော်၊ ဂဏန်းပျော့ပေါင်းကြော်၊ အမယ်လေး နိုလိုက်တဲ့ဟင်း အမယ်တွေ … နင့်အဖေက စားဖိုမှူးလုပ်ခဲ့ဖူးတော့ သူ့မှတ်စုထဲက ဟင်းချက်နည်းတွေ နင်ရပြီး အခုမှလေ့ကျင့်ရင်း ချက်ထားတာ မြည်းကြည့်တော့လည်း လျှာပေါ်စွဲသွားတာပဲ နင့် ဘာသာ ထမင်းဆိုင်ထွက်ရင် အတော်ရောင်းရမှာဟ … ”

“ငါလည်း ဆိုင်ထွက်ဖို့ရည်ရွယ်ထားတယ် … အဖေ့ဆီကရ သိုက်တာ အဲဒီချက်ပြုတ်နည်း စာအုပ်ဟောင်းလေးပဲရှိတယ် … အမေပြောဖူးတယ် … အဖေရှိတုန်းက ငါတို့က တော်တော်အဆင် ပြေပြီး ရွှေနဲ့ငွေနဲ့ နေနိုင်ခဲ့တာတဲ့ … ”

“ရွှေထီးဆောင်းခဲ့ရတာတွေ ပြန်လွမ်းမနေပါနဲ့ဟာ …



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဘာဟင်းပွဲတွေ ကျန်သေးလဲ”

“ပြီးတော့မှာပါ ဘဲဥနဲ့ကြက်ဥကို မြန်မာ့ဟင်းနှစ်ပွဲတဲ့ ဟင် ပြီးရင် ပြီးပါပြီ ... နင့်အတွက် ခရမ်းချဉ်သီးထောင်းနဲ့ ငါးခြောက် ဖုတ်ပါလုပ်ပေးမယ် ... ဟင်းတွေပိုရင် ချိုင့်နဲ့ထည့်ပြီး ငါ့အမေ ပြေးပို့ပေးဦး”

“အေးပါဟာ ... ပုလဲလေးကို ကျွေးချင်လိုက်တာ ... နင်ရေ မရဲ့မောင်လေး နေဗလကို မကျွေးချင်ဘူးလား”

“တော် ... နင် အကုန်ဖော်နေတော့တာပဲ ... လုပ်စရာ တာ မြန်မြန်လုပ် ... ဒီညစာကို (၇)နာရီမှာစားမှာ မိုးချုပ်တော့ ငါတို့ ရေမိုးချိုးသန့်ရှင်းရေးလုပ်ပြီး သန့်ပြန့်အောင် ဝတ်စားဆင်ယ ထားရဦးမယ်လေ”

အောင်ဘုလည်း အလုပ်ကိုတွန်းလုပ်တော့၏။

မေဒီမိုလည်း တက်သုတ်ရိုက်ပြီး ချက်ပြုတ်ရ၏။

ဟင်းအမယ် စုံလင်များပြားသောကြောင့် စားပွဲပေါ် ဟင်းပွဲတွေပြည့်ကျပ်နေ၏။

စွမ်းက စိတ်ကြိုက်သာချက်တဲ့။

စွမ်းနဲ့ရတနာတို့ ချစ်ရည်လူးပျော်မြူးမည့် ညစာစားပွဲ မှာ မေဒီမိုရဲ့ အသဲကွဲဟင်းလျာကိုလည်း အကောင်းဆုံးချက်ပြု



တင်ဆက်ကျွေးမွေးလိုက်ချင်ပါတော့သည်။

စွမ်းရယ် အလွမ်းမရင့်ခင်က ကျွမ်းနှင့်နေတဲ့ အသဲနှလုံးပါ ကွဲပြုန်းပျက်ကြွေလည်း မျက်ရည်ဆိုတာမရှိတော့ပါဘူး ... သောက အပူငွေ့နဲ့ ခြောက်သွေ့ခန်းခြောက်ခဲ့ရပါပြီ ... ချစ်ခြင်း အဆုဆုကို လည်း ကြည်ဖြူစွာပေးလှူလိုက်ရပါပြီ ... ပေး ... လှူ ... လိုက် ရ ... ရ ...”

❀❀❀

စွမ်းနှင့်ရတနာကေရီတို့ ဖယောင်းတိုင်မီးအလင်းရောင်ဖြင့် ညစာစားသောက်နေကြ၏။

စွမ်းက အနားမှာနေခိုင်း၍ မေဒီမိုနှင့် အောင်ဘုတို့ သေသပ်စွာ ဝတ်စားပြီး စောင့်နေပေးကြ၏။

အောင်ဘုအတွက် ဘာမှမခံစားရသော်လည်း မေဒီမို အတွက်တော့ ရင်ထဲမှာနင့်စရာကောင်းနေ၏။

သို့ပြား မေဒီမို သဘောထားကြီးကြီးထားပြီး မုဒိတာ စိတ် သွင်းထား၏။

အလုပ်ရှင်အပေါ် ပြုစုရသည့် အလုပ်သမတစ်ဦးသဖွယ် ... ရာသီဥတုအကြောင်း၊ နိုင်ငံခြား အတွေ့အကြုံတွေ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း၊ စီးပွားရေးအကြောင်း၊ နိုင်ငံရေး၊ အဝတ်အထည်ရှ
ဒီဇိုင်းနာတွေအကြောင်း အနုပညာလောကအကြောင်းတွေ သူ
ပြောဆိုစားသောက်နေကြ၏။

"ရတနာက ကြောင်စာသာသာစားတာ ... အခု ဓ
ကောင်းလို့ နောက်တစ်ပန်းကန် ထပ်ယူဖြစ်ပြန်ပြီ ... ထမင်းထ
ပေးတဲ့ သူကိုလည်း ကျေးဇူးနော်"

"သူက စားဖိုမှူးလေ ... ဒီဟင်းလျာတွေ သူ့လက်ရာ
တွေ သူ့နာမည်က မေဒီမိုတဲ့ လေဒီဖိုက်တာပေါ့ ... ကိုယ့်ရဲ့ လူ
တော် အိမ်မှုကိစ္စ ဗာဟီရအတွက် အားကိုးဖော်ပေါ့"

"ဪ ... "

ရတနာက အံ့အံ့အားအား မျက်နှာလေးဖြင့် မေဒီမို
သေချာကြည့်လေ၏။

မေဒီမိုက အလိုက်သင့်ပြုံးပြလိုက်၏။

စွမ်းက မေဒီမိုကို အငြိမ်အခန့်လေးကြည့်လိုက်ပြီး ...

"မေဒီမို ... သူက ရတနာကေရီ ကိုယ့်ရဲ့ ဂဲလ်ဖရန့်ပေါ့ ...
ဒီဒီရဲ့ လက်ရာကို သူနှစ်မြို့က်နေပြီ ... အဲဒီအတွက် ကိုယ် ဘော
ကြေးပေးမယ် ... "

"မလိုပါဘူး ... ကျွန်မရဲ့ တာဝန်ဝတ္တရားအတိုင်း ဆော



က်တာပါ ... ကျွန်မကို ချီးကျူးတဲ့အတွက် မရတနာကေရီကို
ကျေးဇူးတင်ပါတယ်"

ရတနာက ချစ်စဖွယ်ပြုံးပြ၏။

ထိုအပြုံးမှာ လျှို့ဝှက်ခံစားမှုတွေ ဖုံးနေ၏။

ရတနာက ...

"ကြယ်ငါးပွင့်အဆင့် ဟိုတယ်က စားဖိုမှူးတွေလောက်
တော့ မကောင်းဘူးပေါ့ ... ဒါပေမဲ့ရှင် မဆိုးပါဘူး ... စွမ်း ...
မေဒီမိုကို ဒီဒီလို့ခေါ်တာ သိပ်ရင်းနှီးလွန်းနေတယ် ... စွမ်းက မေဒီမို
ကို ဘယ်လိုအနေအထားမျိုး ခန့်ထားတာလဲ ... သက်တော်စောင့်
လား ကိုယ်ရေးအရာရှိလား စားဖိုမှူးလား ... ဒါမှမဟုတ် လူယုံ
လူရင်း အိမ်ဖော်လိုမျိုးလား"

ရတနာရဲ့ တဖြည်းဖြည်း ရင့်သီးမာကြောလာသည့် စကား
တွေကြောင့် စွမ်းမျက်စိမျက်နှာပျက်သွား၏။

မေဒီမိုလည်း ဆတ်ခနဲမြွေဟောက်လို ပါးပျဉ်းထောင်ခွက်
သိုက်မိ၏။

စွမ်းက ...

"မလုပ်နဲ့ မေဒီ ... သူ့ကို မလုပ်ရဘူးနော်"

မေဒီမို ဒေါသကို ပြန်လျှော့ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရတနာက မေဒီမိုကို အလန့်တကြားကြည့်နေ၏။

"ဒီဒီ ... ဒါ ကိုယ့်ရဲ့အထူးဧည့်သည် ... ဒီဒီလည်းပင်ပန်းနေပြီ ... သွား အနားယူလိုက်တော့"

"ကောင်းပါပြီ ... ကျွန်မက ရိုးသားစွာ လုပ်ကိုင်စားသောက်သူပါ ... အိမ်ဖော်လို့ ထင်လို့လည်းရပါတယ် ... ရှင်က သဘောထားသေးသိမ်ပြီး ကျွန်မကို စော်ကားလိုက်တာ ... ရှင့်အတွက် အကုသိုလ်ပဲရတယ် ... ကျွန်မက ရှင့်ကို တရားသဘောမရှိတဲ့ အတ္တဘောသက်သက် ... ကုသိုလ်နဲ့ အကုသိုလ်ကိုနားမလည်ပဲ အိပ်–စား–ကာမ ဤသုံးဝသာကျင့်ကြံတဲ့သူ ... အဲဒါမျိုးကို တိရစ္ဆာန်တွေပဲ ကျင့်ကြံကြတယ် ... ရှင်လည်း အဲဒီတန်းဝင် အမျိုးအစားပဲလို့ သတ်မှတ်ပြီး နားလည်ခွင့်လွှတ်ပေးလိုက်ပါတယ် ... ရှင်တို့ ထမင်းဝိုင်းလေး စိုပြေငြိမ်းချမ်းပျော်ရွှင်ပါစေ ... "

ပြောပြီး ဒီဒီလှည့်ထွက်သွား၏။

ဆက်တိုက်ကစ်လိုက်သော စကားတွေကြောင့် ရတနာကေရီ မျက်စိမျက်နှာမည်းပုပ်ပြီး ငုတ်တုတ်မေ့နေ၏။

မေဒီမို ထွက်သွားပြီးတော့မှပဲ ...

"ယူ့ အိမ်ဖော်က သိပ်ရိုင်းစိုင်းတာပဲ ... တို့လိုအဆင့်ကို တိရစ္ဆာန်နဲ့နှိုင်းသွားတယ် ... ဘယ်လောက် ဆိုးဝါးလိုက်သလဲ ယူ





အနေနဲ့ ဒီလိုအိမ်ဖော်မျိုးကို ဆက်မထားသင့်ဘူး ... ချက်ချင်း အလုပ် ဖြုတ်ပစ်လိုက်စမ်းပါ ... "

စွမ်း အကျပ်ရိုက်သွား၏။

ဘေးနားမှာ အောင်ဘုကလည်း ရှိနေ၏။

ရတနာကေရီစိတ်ဆိုးသောအခါ မျက်နှာသွင်ပြင်ပါ ကြောက်စရာအသွင်ကိုဆောင်နေ၏။

"နောက်မှကိုယ်ကြည့်လုပ်လိုက်ပါ့မယ် ရတနာ ... ဘာမှ မဟုတ်ပါဘူး ... စကားလုံး ရှော့ခ်ဖြစ်သွားတာပါ မေ့လိုက်ပါ ... ကိုယ်တို့ဆက်စားရအောင်"

"တို့က ယူ့ကိုကောင်းစေချင်လို့ ပြောမေးမေးမိတာ ... တော်ပြီ ဒီမိန်းမ လက်ရာတွေမို့ တစိုးတစိတောင် မထိမကိုင်ချင်တော့ဘူး ... တို့ပြန်မယ်ယူ ... တို့ကိုလိုက်ပို့ပေးပါ ... နောက်တစ်ခါ ယူ့အိမ်ကို တို့လာရင် အဲဒီမိန်းမမျက်နှာ တို့မမြင်ချင်ဘူး ... ဘယ်လိုလဲ ယူ ... "

"ကိုယ် အဆင်ပြေအောင် လုပ်ပေးပါ့မယ် ... စိတ်လျှော့ပါ ရတနာ ... လူကြီးလူကောင်းဆန်ရမယ် ... မိန်းမကောင်း မိန်းမမြတ်ဆန်ရမယ်လေ ... "

ရတနာက အောင်ဘုကိုပါဘုကြည့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘုက စပ်ဖြဲဖြဲလုပ်ပြသောအခါ ...

"သူ့ကိုပါ မမြင်ချင်ဘူး"

"မမြင်ချင်တာများ လွယ်လွယ်လေးရယ် ... မျက်လုံးမှိတ်ထားလိုက်ပေါ့ ... မ ... ရ ... တာ ... နာရယ်"

"ဘာ ... ယူ့ တွေ့လား ... ယူ့ရဲ့ အခိုင်းစေတွေက တို့ကို ပမာမခန့်နဲ့ ပြန်စော်ကားနေတာ ... "

"အောင်ဘု ... မင်းလည်း သွားနားတော့ ... "

"ရက်(စ်)ဘော့စ်"

အောင်ဘု ပျော်ရွှင်ဟန်ဖြင့် လှည့်ထွက်သွား၏။ ရတနာဒေါသပိုထွက်နေတာကို ချော့မော့ပြီး စွမ်းလိုက်ပို့လေသည်။ စွမ်းတို့အပြင်ရောက်သွားမှ ...

"ရ ... တာ ... နာကြီးတော့ သွားပြီ ... စွာကျယ်မရေတို့ရှေ့ရေးကတော့ အလားအလာမကောင်းတော့ဘူး ... ပြုတ်စေစံနေပြီ ... ဘယ့်နှယ့်လုပ်ကြမလဲ"

"အရေးလုပ်လို့ ကိုယ့်အထုပ်ကိုယ်ပိုက်ပြီး အိမ်ပြန်ရုံပေါ့ ... အစော်ကားတော့ မခံနိုင်ပါဘူး ... ကိုယ့်ဖက်က စ,ဖောင်းတာမဟုတ်ဘူး ... သူ့ဖက်ကစဖောင်းတာ အကြောင်းတော့ ပြရသေးတာပေါ့ ... မကျေနပ်ရင်ကျောင်းပဲ ကြိုက်သလိုရှင်းပါစေ"

⁂





စွမ်း ပြန်ရောက်လာ၏။

စိတ်ခေတ်ကျပြီး စိတ်ပျက်လက်ပျက် ဖြစ်နေပုံပေါ်၏။

ညှော်ခန်းမှာထိုင်ပြီး ရုပ်သံလိုင်းတွေလိုက် ဖမ်းကြည့်ပြီးတော့ ရေခဲသေတ္တာသွားဖွင့်ပြီး ဘီယာဗူးလေးငါးဗူး ထုတ်ယူလာ၏။

အမြည်းပင်မစား ဘီယာသုံးလေးဘူးကို ခဏအတွင်း ကုန်စင်အောင်သောက်ပစ်၏။

အကွယ်ကနေ ချောင်းကြည့် အကဲခတ်နေရာက မေဒီမိုရှေ့ထွက်လာလိုက်၏။

စွမ်းက မေဒီမိုကို တွေ့သော်လည်း ရုပ်သံကိုသာ အကြည့်ပို့ထား၏။

"စွမ်း ... "

"အင်း ... ပြော"

"ရတနာနဲ့ပတ်သက်ပြီး ဘာပြောချင်သေးလဲ"

"ဘာမှ မပြောချင်ဘူး ... ပြီးသွားပြီ"

"ဒီဒီ အလုပ်ထွက်ရတော့မလား စွမ်း ... "

စွမ်းထံမှ ဘာမှတုန့်ပြန်မလာ။ စွမ်း ထထွက်သွားပြီး ဘီယာဘူးတွေကိုယူလာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဒီကို တစ်ခုခုပြန်ပြောပါစွမ်း"

"မင်းကို အလုပ်ထွက်စေချင်မှုဖြင့် မောင်းထုတ်နေပြီပေါ့ မင်းဘာလို့ ... ကိုယ်နဲ့ဝေးကွာချင်နေရတာလဲ ... ဘာလဲ နေဗလ မောင်ကြောင့်လား ... အဲဒီကောင်က မင်းနဲ့ကိုယ်ကြားမှာ ဂြိုဟ်ဆိုး တစ်ကောင်ပဲ ... ခက်တယ် ... "

"နေဗလမောင်နဲ့ ဘာမှမဆိုင်ပါဘူး ... ရတနာနဲ့ဆိုင်နေတာ ပါ ... ရတနာစုံမှားတာ စွမ်းလည်း အသိဆုံးပါ ... "

"ဟုတ်တယ်လေ ... အဲဒါကြောင့် ကိုယ်ထိမ်းသိမ်းလိုက် တယ် ... မင်းကိုလည်း ဆူပူအပြစ်ပြောနေတာ မရှိဘူး ... ကိုယ့် စိတ်တွေ အရမ်းရှုပ်ထွေးနေတယ် ... လမ်းခွဲဖို့စကားကို မပြောပါ နဲ့ ကိုယ်မခံစားနိုင်သေးလို့ပါ ... ဒီဒီရယ်၊ ကိုယ် ညစ်နေတဲ့ အချိန် မှာ တစ်ယောက်ထဲ နေပါရစေ ... ဒီဒီ ကိုယ့်လွတ်လပ်မှုနဲ့သာ အေးဆေးသွားနေပါ ... သဘောပေါက်တယ်နော်"

ဒီဒီ ပင့်သက်ရှိုက်ချပြီး ခေါင်းညိတ်ပြလိုက်၏။

စွမ်းဘေးက အသာလှည့်ထွက်ခဲ့သော်လည်း စိတ်တွေက စွမ်းရဲ့ဘေးငုတ်တုတ် ကလေးထိုင်ကြည့်ရင်း ကျန်နေရစ်ခဲ့၏။

ဆဆဆ





"ကိုစွမ်း ... ဖေဖေတစ်လပြည့် မဟာအောင်မြေခုနန်းကြီး ကျောင်းမှာလုပ်မယ် ... အန်တီနဲ့ကိုစွမ်းကို လာဖိတ်တာ"

နေဗလမောင်က စွမ်းကိုတွေ့တာနှင့် တန်းပြော၏။

စွမ်းက အလုပ်ခွင်သွားဖို့ ပေါ်တီကိုအောက်က ကားဘေး မှာ ရောက်နေပြီ။

မေဒီမိုက စွမ်းရဲ့ အတက်ချိုကျေစ်ကို ကိုင်ပေးထား၏။

စွမ်း ရှူးဖိနပ်စီးပြီးလျှင် အတက်ချိုကျေစ်ကို လှမ်းပေးနေ ကျ။

နေဗလ မောင်ရောက်လာ၍ စွမ်း ဘာယ်လိုမှသဘောထား ဟန်မပြ။

"အေးကွာ ... ငါလည်း ရွှေတိဂုံဘုရားမှာ ကိုသားအမိနှစ် ယောက်ထဲ အလှူတော်ငွေလှူပြီး ကောင်းမှုကုသိုလ်လုပ်ဖို့ ရည် ရွယ်ထားတယ် ... အချိန်ရရင်တော့လာခဲ့မယ်"

"လာဖြစ်အောင်လာပါဗျာ ... မာမီမီး အခြေအနေကလည်း သိပ်မဟုတ်တော့ဘူး ... အန်တီကတော့ ကျန်းမာရေးကောင်းမှာ ပေါ့ ... သူက တည်ငြိမ်နေတဲ့ ရေမျက်နှာပြင်လိုပဲလေ"

"ကောင်းတယ် ... မင်းရဲ့ မာမီကိုသာ ဂရုစိုက်"

စွမ်းပြောပြီး ကားပေါ်တက်ထိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



နေဗလရဲ့ အမိုးဖွင့်ကားလေးကို ဘေးကပ်ပေးလိုက်ရ၏။

စွမ်းရဲ့ကား မောင်းထွက်သွားသည်နှင့် မေဒီမိုအနားကို နေဗလမောင်းရောက်လာ၏။

"မမကိုပါ လာဖိတ်တာပါ"

"မမလာနိုင်မယ် မထင်ဘူး … အိမ်စောင့်အစိုးရ လုပ်နေရတယ်"

"မမကလည်း အောင်ဘုနဲ့လွဲထားလိုက်ပေါ့"

မေဒီမို ခစ်ခနဲ ခနဲ့တဲ့တဲ့ ရယ်မိ၏။

"အောင်ဘုလား … ပုလဲလာဖိတ်ခေါ်လို့ အရစ်လစ်သွားမယ့်ကောင်မျိုး … အောင်ဘုနဲ့ပုလဲ … တွဲဖြစ်နေတဲ့ အပေါ်မှာ မင်းဘယ်လို သဘောထားသလဲ နေဗလ … "

"ဘယ်လိုမှ သဘောမထားဘူး … ပုလဲက ကလေးမှ မဟုတ်တော့တာ … သူ့သမိုင်း သူရေးနိုင်နေပါပြီ … ရာဇဝင်ရိုင်းတာတွေ သူလုပ်မှာ မဟုတ်ပါဘူး … "

မေဒီမို သဘောပေါက်သွား၏။

နှစ်ယောက်သား အိမ်ထဲလျှောက်ဝင်လာဖြစ်၏။

နေဗလက ဧည့်ခန်းမှာဝင်ထိုင်၏။

မေဒီမိုက နေဗလအတွက် ဖျော်ရည်တစ်ခွက်သွားဖျော်ယူလာလိုက်၏။





နေဗလက ဖျော်ရည်ကို တစ်ငုံသောက်ပြီး …

"မမလက်ရာကတော့ အမြဲတမ်းစွဲမက်စရာတွေချည်းပဲ … ဒီလိုလက်ရာမျိုးကို တစ်သက်လုံး အပိုင်းသိမ်းထားချင်လိုက်တာ ကျွန်တော် တစ်ဦးထဲ မူပိုင်အဖြစ်ပေါ့"

နေဗလက မိန်းကလေးတွေ နားဝင်ချိုစေမည့် စကားတွေနှင့် ထိုးစစ်ဆင်လာ၏။

မေဒီမိုက ဧည့်ခန်းကို ကြက်မွေးနှင့် ဖုန်လိုက်သုတ်ရင်း …

"မင်းခေါင်းထဲမှာ အဲဒီအကြောင်းတွေပဲရှိတော့သလား နေဗလရယ် … မင်းတို့မိသားစုအတွက် ဘယ်လိုဦးဆောင်မှုနဲ့ စီးပွားရေးတွေ ပြန်လုပ်နေပြီလဲ … အရေးကြီးတာ ဘဝရပ်တည်မှုနော် … အချစ်ဆိုတာ အပေါ်ယံနှမ်းဖြူး ဆားဖြူးတာသက်သက်ပဲ"

"မမအချစ်ကို မစော်ကားပါနဲ့ အချစ်ဆိုတာ … အာဏာနဲ့ သိမ်းပိုက်ပြီး ချုပ်နှောင်ထားလို့ မရပါဘူး … အချစ်ရဲ့ အခွင့်အရေးကို ဘာနဲ့မှ တားဆီးလို့မရဘူး … မမက အချစ်ကို ဆန့်ကျင်ရင် ကျွန်တော်က ဆန္ဒပြမှာပဲ … အချစ်အရေးတော်ပုံ အောင်တဲ့အထိ တိုက်ပွဲဝင်သွားမယ် … "

မေဒီမို လက်ဖျားခါသွားရ၏။

နိုင်ငံရေးစကားလုံးတွေ သွတ်သွင်းပြောကြားနေသော



www.burmeseclassic.com

www.burmeseclassic.com



နေဗလရဲ့ ဟန်အမူအရာက ခြသေ့် လည်ဆံမွေးခါထားသလိုပင်။

"အကြမ်းဖက်နှိမ်နင်းမှုဆိုတာရှိတယ် ... အနုနည်းနဲ့လည်း မမက ဖြုန်ခြင်းမယ်ဆိုရင်တော့ မင်းဘာတတ်နိုင်သေးလဲ ..."

"မမက အမုန်း တစ်ချက်ဖောက်လိုက်တာနဲ့ ကျွန်တော့် အချစ်တွေ မီးဟုန်းဟုန်းတောက်လာစေရမယ် ... အချစ်နဲ့ပတ်သက်ရင် ကျွန်တော့်သွေးက အမြဲနီရွေးနေတယ်မမ ... အချစ်ရဲ့ သင်္ကေတပန်းရောင်ဆိုပေမယ့် မမရဲ့ တုန့်ပြန်မှု ပြင်းတဲ့အခါ ကျွန်တော့်အတွက်တော့ အနီရောင်ဖြစ်သွားမှာ သေချာတယ်"

နေဗလရဲ့ စူးရှတဲ့အကြည့်ဒဏ်ကို မေဒီမို အလူးအလဲခံနေရ၏။

မေဒီမိုတွေဝေနေတာကိုကြည့်ပြီး ...

"မမက ကိုစွမ်းကို မျှော်လင့်နေတာပါ ... အဲဒီမျှော်လင့်ချက်ကြီး မီးရှို့ပြာချပစ်လိုက်ပါ ... ကိုစွမ်းနဲ့ရတနာကေရီတို့ ချစ်သူတွေဖြစ်သွားကြပြီ ... မမ မယုံဘူးဆိုရင် ကျွန်တော်လက်တွေ့ လိုက်ပြမယ် ..."

"မင်းက အကြားအမြင်ရနေတာမှ မဟုတ်တာ"

"ကျွန်တော် အမိဖမ်းပြနိုင်တယ်"

✲✲✲

## အခန်း (၁၆)

နေဗလမောင်က စွမ်းရဲ့နောက်ကို ရှိုးလိုက်ပြီး သေချာသည့် အခါမှ မေဒီမိုထံ ဖုန်းလှမ်းချိတ်လိုက်၏။

"မမ ... စွမ်းနဲ့ရတနာတို့ ရိုလက်(စ်)ရက်စတောရင့်ရဲ့ စပါယ်ရှယ် အဆန်းတကြယ် စားသောက်ခန်းထဲ လက်တွဲသွားတာတွေ့လိုက်ရတာ ... အဲဒီ စားသောက်ဆိုင်ခန်းက အထူးခန်း ... ချစ်သူစုံတွဲ သီးသန့်တွေ တွေ့ဆုံတဲ့နေရာ"

"နေဗလရယ် သူတို့ကတွဲနေကြပဲ ထူးဆန်းတာမှ မဟုတ်တာ"

"သိပ်ထူးဆန်းတာပေါ့ ... အဲဒီ စားသောက်ခန်းထဲကို ချစ်သူတွေဖြစ်မှ ဝင်လို့ရတာ စွယ်တော်ရွက်ပေါ်မှာ သစ္စာလက်မှတ်ရေးထိုးပြီးမှ ဝင်ခွင့်ရတာ ... ဆိုင်ရှင်က စွန့်ဦးတီထွင်လုပ်ငန်းရှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ... စိတ်ကူးယဉ်လူကုံထံလည်းဖြစ်တော့ သူ့ဆိုင်ကို အဆန်းတကြယ်ဖြစ်အောင် စီစဉ်ထားတာ မမရဲ့ ... ”

“ဘယ်လို အဆန်းတကြယ်တွေလဲ ... ”

“ရွေ့လျားနေတဲ့ အသည်းပုံအခန်းငယ်တွေက တိုက်ကားတွေလိုပဲ ကလေးကစားကွင်းမှာ လျှပ်စစ်နဲ့တိုက်တဲ့ကားတွေက အမြန်လုပ်ထားတာ ... ဒီမှာက အနှေးလုပ်ထားတာ ... အသည်းပုံအခန်းထဲက အသည်းပုံစားပွဲမှာ ချစ်သူနှစ်ယောက်ပူးတွဲထိုင်တဲ့ ခုံပါတယ် ... စားပွဲလည်း အသည်းပုံပဲ အဲဒီကိုရောက်မှ မမတွေ့လိမ့်မယ် ... စလိုးမိုး ရှင်နဲ့ ရွေ့နေတဲ့ အသည်းပုံမှာ နံပါတ်တွေရေးထားတယ် ... အဲလို အတွဲ စားပွဲတွေလေးဆယ်လောက်ရှိတယ် တစ်ခုနဲ့တစ်ခု ဖြည်းဖြည်းလေးတိုက်မိတယ် ... ပြီးရင် ပြန်လှည့်ထွက် ... နောက်တစ်ခုနဲ့တိုက်ပေါ့ ... စုံတွဲတွေ ပျော်စရာဖြစ်အောင် လုပ်ထားတာ ဝိတ်တာတွေက နွာထူခုံမြင့် ရှူးဖိနပ်တွေနဲ့ စားသောက်ဖွယ်ရာတွေ လိုက်ပို့ပေးတယ် ... ခလုတ်နှိပ်ပြီးမှာရုံပဲ လိုအပ်တာ အင်တာကွန်းပုံစံနဲ့ အကြောင်းကြားလို့ရတယ် ... အဲယားကွန်းခန်းထဲမှာ စိတ်ကြည်နူးပျော်ရွှင်ဖွယ်ရာ လုပ်ပေးထားတာ ... ရောမ အယ်အီးဒီ စက္ကူရင်ကြီးတွေနဲ့ လေးဖက်လေးတန်ကာရံထားပြီး ရှမ်မျှော်ခင်းပုံ၊ ဥယျာဉ်ပုံ၊ သားငှက်တိရစ္ဆာန်တွေ





ပျော်ပါးစားသောက်တဲ့ ရုပ်မြင် ရုပ်ရှင်တွေပါ ပြထားသေးတယ် ကိုယ်က အာဖရိကရောက်ချင် ရင် ခလုတ်နှိပ်လိုက်တာနဲ့ ရောက်သွားသလိုမျိုး ... အမဇုံတောထဲမှာ လူရိုင်းတွေ သားကောင်လိုက်သတ်ဖြတ် စားသောက်တာ ကြည့်ချင်ရင် ခလုတ်ကို ပြောင်းလုပ်လိုက်ရုံပဲ ... အစားအသောက်တွေကလည်း တောကောင်သားဝင်လယ်သားတွေ မျိုးစုံရတယ် ... အာကာသထဲရောက်ချင်ရင် အာကာသရုပ်မြင်ကို ဖွင့်ပြီး အာကာသယဉ်မှူးတွေ စားတဲ့အစားအသောက်တွေမှာစား လို့ရတယ် ... ပင်လယ်ပြင်မှာ ရွက်လွှင့်ပြီး ဝင်လယ်အစားအစာတွေ မှာစားလို့ရတယ် ... ကောင်းဘွိုင်ခေတ်က အစားအစာတွေ ကိုရီး ယား မင်းဆက်ခေတ် ပုံစံနဲ့ အစားအစာ ပုဂံခေတ်က အစားအစာ ... အင်းဝခေတ်က အစားအစာနဲ့ ပုံစံတွေကို ကွန်ပျူတာ အင်နီဗေးရှင်းအတတ်မျိုးစုံနဲ့ ရုပ်လုံးဖော်ထားတယ် တကယ်ကို အဆန်းတကြယ်ဆိုင်ဗျ ... ဈေးသိပ်ကြီးတာ ခေါင်ခိုက်နေတာပဲ ဝန်ဆောင်မှုက သိပ်ကောင်းတာ ... ချစ်သူတွေ အိမ်ထောင်သည် အစစ်အမှန်တွေသာ ဝင်ခွင့်ပေးတယ် ... အဲဒီဆိုင်ကို ကျွန်တော်တို့လို လူပျိုတွေ မမလို အပျိုတွေထိုင်လို့မရဘူး ... ငွေကြေးတတ်နိုင်လည်း ထိုင်ခွင့်မပေးဘူး ... ကင်မရာနဲ့ လာတဲ့ စုံတွဲတွေကို မှတ်တမ်းတင်ထားတယ် ... တရားဝင်ပြတ်စဲပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက် ထပ်တွဲတဲ့လူတွေကျတော့ အရင် မိန်းမ/ယောက်ျားနဲ့ တရားဝင် ပြတ်စဲပြီးကြောင်း စတီသဘောမျိုး ကျမ်းသစ္စာကျိန်ဆိုပြီးမှ အထဲဝင်ခွင့်ရတယ် ... ကဲ အဲလောက်ရှင်းပြရင် ကိုစွမ်းနဲ့ မရတနာတို့ ချစ်သူဖြစ်လို့ အဲဒီအဆန်းတကြယ် စားသောက်ခန်းထဲ ဝင်သွားကြတာပေါ့ ... ”

မေဒီမို နှမ်းလျှသွား၏။ စိတ်လည်း မလန်းချင်တော့ ...

“မမသဘောပေါက်ပြီ ... သူတို့ချင်း ချစ်သူဖြစ်သွားတော့လည်း မမက ဘာတတ်နိုင်မှာမို့လဲ”

“ကိုစွမ်းကို မမတန်ပြန်အလဲထိုးလို့ရတာပဲ ... ဒီမှာ မမယောက်ျားချင်းဗျာ ... မြွေမြွေချင်း ခြေမြင်တယ် ... ကိုစွမ်းလည်း မမအပေါ်မှာ အာရုံငြိတာ ကျွန်တော်သိတယ် ... ကိုစွမ်းကြောင့် မမ ဟာတ်ထိသလို မမကြောင့်လည်း ကိုစွမ်းဟာတ်ထိသွားအောင် ကျွန်တော်နဲ့တွဲပြပြီး ပြန်တိုက်စစ်ဆင်လိုက်ပါလား ... အဲဒါဆို မမလက်တုံ့ပြန်ရာလည်းရောက် ကျွန်တော်နဲ့လည်း ရာသက်ပန်ချစ်သူဖြစ်သွား ဘယ်လောက်အဆင်ပြေသွားမလဲ ... ”

မေဒီမိုတွေဝေ စဉ်းစားသွား၏။ နေဗလက သူဖြစ်ချင်တာကို အရမ်းကာရော တိုက်တွန်းနေ၏။ မဟုတ်မခံ ဆတ်ဆတ်ကျဲ မေဒီမိုရဲ့ စရိုက်တွေ ငုပ်လျှိုးနေရာက ဆတ်ခနဲပါးပျဉ်းထောင်ထ





လာ၏။

မေဒီမိုရဲ့ အချစ်ကို ဆွတ်ယူမည့်ဟန်ပြင်ပြီးမှ ဆုတ်တက်လှုပ်ရှား ယောက်ျားမာယာနှင့် ကစားသွားသည့် ရဲစွမ်းသတ္တိဆိုသော စွမ်းကိုလည်း မေဒီမို ခေါ့ခေါ့တွေးလေ စစ်စစ်နာကျင်လေဖြစ်လာမိ၏။ အံတင်းတင်းခဲ ကြိတ်ထားချိန်မှာ ...

“မမ ... မမဘယ်လိုလုပ်မှာလဲ ... အခုဝင်တွေ့ရင် တန်းတွေ့မှာနော် ... ကျွန်တော်တို့စုံတွဲ အဲဒီအဆန်းတကြယ်ထဲကိုရောက်သွားရင် ချစ်သူတွေဖြစ်သွားကြပြီဆိုတာ သူတို့တန်းသိသွားမှာပဲ ... ကြော်ငြာနေစရာတောင်မလိုဘူး ... မမက တွေ့မယ်ဆိုမြန်မြန်လာတော့ ... ”

“မင်း အခု ဘယ်မှာလဲ”

“ကျွန်တော် ဟယ်ပင်ရောက်နေပြီ ... မမလာမယ်ဆိုရင် တော်ဝင်စင်တာနားက စောင့်နေမယ်”

“တို့လာခဲ့မယ် ... အငှားကားငှားစီးလာမယ် ... မင်းဆက်ဆက်စောင့်နေလိုက်”

“ဝမ်းသာလိုက်တာ မမရာ ... အဲဒါမှ မေဒီမိုးအစစ်ပဲ ကိုယ့်နှလုံးသားကို လုပ်ကြံသွားရင် သူ့နှလုံးသားကိုလည်း ပြန်လုပ်ကြံရမယ်လေ ... မျက်လုံးမျက်လုံးချင်း အသည်းအသည်းချင်း အသက်

www.burmeseclassic.com

ဖျူးစာပေ

www.burmeseclassic.com



အသက်ချင်းပေါ့ ...

⁂

ရီလက်(စ်) ဖျော်ပွဲစားရုံကြီးက အထပ်လေးထပ်အဆောက်
အအုံကျယ်ကြီးဖြစ်၏။ အောက်ထပ်မြေအောက်ကားပါကင် မြေညီ
စားသောက်ခန်းမ အပေါ်ထပ်မှာ အဆန်းတကြယ်ဆိုသည့် ချစ်သူ
များရဲ့ အထူးစားသောက်ခန်း အထက်ထပ်မှာတော့ K.T.V
မာဆတ်နှင့် တည်းခိုခန်းများဖွင့်လှစ်ထား၏။

ညှော်ကြိုတွေကအစ လှုငယ်စတိုင်(လ်)တွေ ယဉ်ရှယ်နေ
သော မိန်းကလေး၊ ယောကျ်ားလေးတွေလို လစာကောင်းကောင်
ပေးပြီး ရွေးချယ်ထား၏။ ညှော်ကြိုတွေက ပျူငှာရိုကျိုးစွာကြိုဆို
ကြ၏။ နေဗလမောင်က မကြာခဏရောက်ဖူးပုံပေါ်၏။ စား
သောက်ခန်းမှ သတင်းအချက်အလက်တွေကို ရှာဖွေဖတ်ရှုလိုက်၏

"ကံကောင်းလို့ မမရာ ... နံပါတ်(၁၃)တွဲ တစ်တွဲပဲကျ
တယ် ... အန်လပ်ကီးဂဏန်းမို့ လူတော်တော်များများ လက်ရှော
ထားတာ ... အဲဒီ အသဲပုံတွဲတစ်တွဲကို ယူလိုက်မယ်"

"မင်းသဘောပဲလေ ..."

ကဒ်ဖြင့် ငွေချေပြီးသည်နှင့် ဝိတ်တာစုံတွဲက ခေါ်ဆော



သွား၏။ အပေါ်ထပ်ကို စက်လှေကားဖြင့် တက်လိုက်၏။ အဆန်း
တကြယ်စားသောက်ခန်းဝင်ပေါက်မှာ ကင်မရာဖြင့် ရိုက်ယူနေ၏။
ဖွယ်တော်ရွက်လေးတစ်ရွက်ပေါ်မှာ နှစ်ဦးသားလက်မှတ်ကို ဖွယ်
တော်တစ်ခြမ်းမှာ လက်မှတ်တစ်ခုဖြင့် ထိုးပေးလိုက်၏။

အထဲရောက်သွားသောအခါ အလင်းဖျော့မီးရောင်စုံထွန်း
ညှိထား၏။ ပြာ၊ နီ၊ စိမ်း၊ ဝါ၊ ပန်းနုရောင်၊ ခရမ်း၊ လိမ္မော် အစရှိသ
ဖြင့်–

လေးဖက်လေးတန်မှာ ရုပ်စက္ကူရမ်ကြီးတွေ တပ်ဆင်ထား
၏။ အခန်းထဲမှာ အသည်းပုံတွေ ရွှေ့လျားလှည့်ပတ်နေ၏။ တိုက်မိ
သည့် တွဲက တိုက်မိ၊ တုန့်ခနဲရပ်သည့်အတွဲကရပ်၊ ဆတ်ခနဲပြန်လှည့်
ထွက်သည့်တွဲကလည်း ထွက်သွား။ တွဲရောင်စုံ၊ အသည်းရောင်စုံ
တွေနှင့် စိတ်ဝင်စားဖွယ် အဆန်းတကြယ်တွေကို မြင်လိုက်ရ၏။

ထိုအသည်းပုံတွဲ ငါးခု ဆက်စပ်ပြီး ပန်းပွင့်ပုံပေါ်သွားလျှင်
ထိုစုံတွဲတွေအတွက် ခေစပ်လက်စွပ်၊ မင်္ဂလာလက်စွပ်(ရွှေ ပလက်
တီနမ်)နှင့် ပြုလုပ်ထားသည့် တစ်စုံစီ ငါးတွဲလုံးက စုံတွဲငါးတွဲလုံးကို
ဆိုင်က လက်ဆောင်မွန်ပြန်ပေးလေသည်။

လက်ဆောင်မွန်ရမည့် အကြောင်းတွေလည်း စက္ကူရင်ရဲ့
ဆလိုက်မျဉ်းပေါ်မှာ ကြော်ငြာထား၏။ ဆလိုက်ထိုးသည့် မျဉ်းပေါ်
မှာ စားပွဲအမည်ဟင်းလျာနှင့် ဈေးနှုန်းတွေရေးသားထား၏။ အနီမှ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဟင်းလျာ၊ မုန့်၊ စားပွဲတစ်ပွဲလျှင် ငါးသောင်းကျပ်အထိရှိ၏။

မေဒီမိုအတွက်တော့ အံ့သြစရာအတိ၊ ငွေရှိသူတွေ ကြံဖန်ဖိမ်စံသုံးဖြုန်းကြသည်ကို လက်တွေ့မြင်နေရပြီလေ။ စိတ်တာက နံပါတ်(၁၃) အသည်းပုံတွဲကို ရိုမုကွန်ထရိုလ်နှိပ်ပြီး ခေါ်လိုက်၏။ တွဲရောက်လာသည်နှင့် တရုတ်ပန်းတျာသည်တွေပမာ လက်ကလေးတွေ သွယ်ပြောင်းညွှတ်ပြီး တွဲပေါ်တက်ဖို့ ညွှန်ပြ၏။ မေဒီမိုကို စိတ်တာအမျိုးသားက ကိုင်တွယ်ပို့ပေးသလို နေဗလကိုလည်း မိန်းမချောလေးက ကိုင်တွယ်ပို့ဆောင်ပေး၏။

စားပွဲမှာကြားမည့် ဟင်းလျာတွေကို ရေးမှတ်ယူပြီး ဆင်းသွားကြသည်နှင့် စက်ကိရိယာကိုယ်တွယ်နည်းတွေ နံရံမှ ကပ်ထားတာကို ကြည့်ပြီး နေဗလမောင်က ခလုတ်နှိပ်လိုက်၏။ မြန်မာစာလုံးတွေနှင့် ညွှန်ကြားချက်တွေရေးထား၍ အခက်မခဲမရှိ၊ ဥပမာ

ရွေ့လျားသွားလာ လေ့လာပြီး ချစ်သူများကိုကြည့်လိုပါက ခလုတ်ပန်းရောင်လေးကို နှိပ်လိုက်ပါ။

တစ်ဖက်အဖွဲ့နှင့် စကားပြောလိုပါက ခလုတ်ပြာကိုနှိပ်လိုက်ပါ။

ရပ်တန့်လိုပါက ပန်းရောင်ခလုတ်ကို နှစ်ခါဆက်တိုက်နှိပ်ပေးပါ ... အဲဒါမျိုးလေးတွေပေါ့ ... မေဒီမိုက





"ဒီလို စားသောက်ဆိုင်မျိုး မြန်မာပြည်မှာ ဒီတစ်ဆိုင်ပဲရှိမယ်ထင်တယ်နော် ... ကြည့်ဖူးတဲ့ နိုင်ငံခြားကားတွေထဲမှာတောင် မတွေ့ဖူးဘူး"

"ကမ္ဘာမှာတောင် ဒီတစ်ဆိုင်ပဲရှိတာ ... ဖိမ်ခံနည်းတွေကို စိတ်ဝင်စားဖွယ်ကောင်းအောင် တီထွင်တာလေ ... ဖိမ်ခံနည်းပညာမှာ ကမ္ဘာမှာ မြန်မာလည်း မခေဘူးဆိုတာ ဖန်တီးပြလိုက်တာတဲ့ ... ဆိုင်ရှင်ဦးအာကာမြင့်မိုရ်မင်းက ပြောပြဖူးတာပဲ ... "

"သူ ... စွမ်းတို့စုံတွဲက ဘယ်မှာလဲ"

"အဲဒါတော့ ကင်မရာရိုက်ကူးမပြဘူး ... လျှို့ဝှက်ထားတယ် တွဲတွေကိုရွေ့ပြီး လိုက်ရှာကြည့်မှ တွေ့လိမ့်မယ်"

"မတွေ့မချင်းရှာရမှာပေါ့နော်"

"တွဲလေးဆယ်ပဲရှိတာ ... ရှာလိုက်ရင် သိပ်မကြာပါဘူး"

"စွမ်းတို့ စုံတွဲနဲ့တွေ့ရင် ဘာလုပ်မလဲ ... "

"မမက ကျွန်တော့်ပါးကို မွှေးမွှေးပေးလိုက်"

"ဗုဒ္ဓေါ ... "

"အဲဒါမှ မဟုတ်ရင် ကျွန်တော်က မမပါးကိုမွှေးမွှေးပေးမယ်"

"အဲ ... အဲလိုလည်း မရဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မမရဲ့ညာလက်ခုံလေးကို ဆွဲကိုင်ပြီး မွှေးမွှေးပေးမယ်ဗျ ... "

"အဲ ... အဲဒါတော့ ... "

"ဘာလဲ ... ဒါလေးတောင် မရဘူးလား ... ဒီတွဲကို အလုံပိတ်ပြီး ပွဲကြမ်းပစ်လို့ရတယ်နော် ... "

"အို ... အဲဒီလောက်ပဲနမ်းပါ ... ရပါတယ် စိတ်ကြမ်းအချစ်ကြမ်းတာတွေ မလွှမ်းနဲ့ အားလုံး ပွမ်းသွားလိမ့်မယ်"

"ဟား ဟား ဟား ... အလကားပြောတာပါ အလုံပိတ်လို့လည်း မရပါဘူး ... လူကြီးလူကောင်းမဆန်တာတွေလည်း လုပ်ခွင့်မပြုပါဘူး ... အချစ်ရဲ့သိမ်မွေ့ယုယ ကြင်နာခြင်းတွေသာ ဒီနေရာက ဖော်ဆောင်ပေးတာပါ ... "

"ဟူး ... တော်သေးတာပေါ့နော် ... ရင်တွေ တုန်နေတယ်ပြီးတော့ ... ရင်တွေ ခုန်နေတယ်"

✲✲✲





အသည်းပုံတွဲ(၆)၊ အသည်းပုံတွဲ (၂၁) အသည်းပုံတွဲ (၃၄) အသည်းပုံတွဲ (၁၁) အသည်းပုံတွဲ (၂၅) အစရှိသဖြင့် တွေ့ဆုံဖူးသည့် တွဲတွေကို နေဗလက မှတ်သားထား၏။ တရုတ်၊ အိန္ဒိယ၊ နိုင်ငံခြားသားစုံတွဲတွေ တိုင်းရင်းသားစုံတွဲတွေကို တွေ့မြင်ရ၏။ တချို့က သူတို့ အချစ်ရေးသာ နွေးထွေးကြင်နာနေကြ၏။ တချို့က အခြားတွဲတွေ ကိုလက်ပြ၊ ပြုံးပြ နှုတ်ဆက်ကြ၏။ နောက်သလိုလိုလေးသာ လုပ်ကြ၏။ တချို့ကတော့ စိတ်ညစ်နေတာတွေ အကြိုအနယ် ဆွေးနွေးနေကြလေသည်။

"တွဲ (၂၀)လောက်ကြည့်ပြီးသွားပြီ မတွေ့သေးဘူး"

"ဟိုးဖက်ထဲရောက်အောင် ရွှေ့နေတယ် ... တွေ့မှာပါ ဟော ဟိုတွဲက (၃၁)တွဲ ကျွန်တော်တို့တွဲနဲ့ ပြောင်းပြန်ပဲ သူ့ရှေ့ဖက်တွဲကို ပတ်ကြည့်ရအောင် ... "

မေဒီမိုကတော့ နေဗလလုပ်သမျှကို ခေါင်းညိတ်နေရတော့၏။ မှာကြားထားသော အစားအသောက်တွေကလည်း အဆန်းအပြားတွေ ...

လိပ်သားပြုတ်ကျော်၊ ဘီယာ၊ အချိုရည်နှင့် ကြည့်မြင်နေရတာက အမေဇုံတောထဲမှာ လူရိုင်းတွေ လိပ်ကိုဖမ်းယူလာပြီး လိပ်ခွံထဲက အသားတွေလှီးထုတ်ကာ အိုးကြီးထဲပြုတ်ကြ ... မြတ်



www.burmeseclassic.com

www.burmeseclassic.com



ဍ်ှ နူးသောအသားတွေကို ဝေမျှစားကြပုံတွေ လိပ်သားပြုတ်ရည်ကို အိုးမှုတ်ခွက်တွေနှင့်သောက်ကြ၏။ ဒီမှာလည်း လိပ်သားစွပ်ပြုတ်ကို အုန်းမှုတ်ခွက်ပြောင်ချောလေးတွေနှင့် လာချပေးထား၏။

လူရိုင်းတွေကတော့ သဘာဝအတိုင်း ပြုတ်စားကြ၏။ ဒီမှာတော့ ဟင်းခတ်အမွှေးအကြိုင်၊ ရသာအစုံအလင်နှင့်ပေါ့ … မေဒီမိုလည်း လိပ်သားကို အနည်းငယ်စမ်းစားကြည့်၏။ အရသာမဆိုးသိပ်လည်းမစားရဲ။ နေဗလကတော့ အချဉ်ရည်ကောင်းကောင်းထဲ လိပ်သားကိုတို့နှင့်နှစ်နှစ်ပြီး စားလိုက်၊ ဘီယာမော့သောက်လိုက်နှင့်ပေါ့။

“ဟင် … နေ … နေဗလ”

“ဘာလဲ … မမ … ဩော် … တွေ့ပြီ”

အသည်းပုံတွဲ (၃၁)နှင့် မျက်နှာချင်းဆိုင်မိသောအခါ စွမ်းနှင့်ရတနာတို့ အကြည့်ဆိုက်ပြီး ပြုံးရယ်နေကြတာတွေ့လိုက်ရ၏။ စွမ်းက အသားပြားကြော်တစ်ခုကို စတီး(လ်)တူလေးနှင့် ညှပ် ဆော့နဲ့တို့ပြီး ရတနာကို ခွံ့ကျွေးနေ၏။ သူတို့တွဲရဲ့ နံရံမှာပေါ်နေသည်က သိုးကောင်လုံးကင်စားနေသော ကောင်းဘွိုင်တွေ …

သိုးသားပြားကြော်ကျွေးနေတာ ဖြစ်မည်။ မေဒီမိုတို့အတွဲကို စွမ်းတို့ သတိမပြုမိသေး။ နေဗလ စကားပြောစက်ကနေ လှမ်း





မိတ်ဆက်လိုက်၏။

“မင်္ဂလာပါ … ”

ဒီတော့မှ စွမ်းနှင့် ရတနာတို့ မေဒီမိုတို့တွဲကို သတိပြုမိသွား၏။ စွမ်းတို့ နှစ်ဦးစလုံး အံ့အားသင့်သွား၏။ စွမ်းရဲ့မျက်နှာ သိသိသာသာပျက်သွား၏။ နေဗလက မေဒီမိုရဲ့လက်ကလေးကို ဆွဲမြှောက်ပြီး တယုတယနမ်းပြလိုက်၏။ စွမ်းရဲ့မျက်နှာနီစွေးသွားသယောင် … ရတနာကတော့ ဟန်တောင်ထိန်းထားနိုင်သောမျက်နှာထားနှင့် …

“မမ … ကျွန်တော့်ကို လိပ်သားလေး ကြင်ကြင်နာနာခွံ့ကျွေးပြလိုက်လေဗျာ … လုပ်ပါမြန်မြန် ကိုစွမ်း သူ့တွဲကို နောက်ဘက် ပြန်လှည့်နေပြီ … ”

မေဒီမိုလည်း ကတုန်ကယင်နှင့် နေဗလကို လိပ်သားခွံ့ကျွေးလိုက်၏။ စွမ်းတို့တွဲက ကျောပေးပြီး ဝေးရာကို ရွှေ့လျားထွက်ခွာသွား၏။ နေဗလက တဟားဟားရယ်ရင်း …

“ဟတ်ထိသွားပြီ … မမနိုင်ပြီ … ကျွန်တော်လည်း အော်တိုမစ်တစ် မမရဲ့ချစ်သူဖြစ်သွားပြီ … ဟား ဟား ဟား … ”

မေဒီမိုခမျာတော့ မရယ်နိုင်၊ မရှင်နိုင်၊ မှိုင်ခနဲတွေသွား၏။ စွမ်း ဘာလို့ ဟန်ဆောင်မထိန်းသိမ်းနိုင်ရတာလဲ … မေဒီမိုခမျာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာတွေလုပ်မိလို့ လုပ်မိမှန်းပင် မသိတော့ ... အချစ်ကြောင့် ပူလောင်သောက ရောက်ရခြင်းတွေက အသိနဲ့သတိကို ကစဉ့်ကလျားဖြစ်ကုန်စေတာ အမှန်။

ဒီအချစ်မှာ အယူခံဝင်ခွင့်လေးတောင် မရှင်သန်နိုင်တော့ပါလားကွယ် ...

꧁꧁꧁

အခန်း (၁၇)

ညဘက်မှာ စွမ်းမူးပြီး ပြန်ရောက်လာ၏။ ရတနာကိုယ်တိုင် လိုက်ပို့၏။ အောင်ဘုနှင့် ရတနာတို့တွဲပြီး ဆိုဖာပေါ် လာချပေး၏။

"မောင် ... ရတနာပြန်တော့မယ် ... မောင့်ကို ထားခဲ့ရမှာ စိတ်မချဘူးကွယ် ... ရတနာတို့အိမ်မှာ လိုက်အိပ်ပါဆိုတာ ပြောလို့ကို မရဘူး ... မောင် စည်းစောင့်ရမယ်နော် ... ရုပ်ရှင်တွေထဲကလို ရတနာနဲ့လူမှားပြီး ဟိုဟာ ဒီဟာဖြစ်သွားတာမျိုး လုံးဝမလုပ်ရဘူးနော် ... မောင် ... ကြားလား"

"အင်း ... အေးပါကွာ ... အေးဆေးပါ"

မေဒီမို ခပ်လှမ်းလှမ်းကနေ နားထောင်ပြီး ခံရခက်သွား၏။ အောင်ဘုက သူ့ကိုမမြင်အောင် လက်ကာပြပြီး ထိမ်းထား၏။

"ရှင် ... မောင့်သားနားမှာ စောင့်အိပ်နော် အိပ်ခန်းထဲမ



www.burmeseclassic.com

www.burmeseclassic.com



မို့နဲ့ ... နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာပဲ မောင်အိပ်ပါစေတော့”

“စိတ်ချပါ ... ကျုပ်စောင့်ပေးမှာပါ”

ရတနာက မေဒီမိုခံကက်အောင် မထိခလုတ်၊ ထိခလုတ် လေးတွေပြောပြီးပြန်သွား၏။ မေဒီမိုက နားကျပ်ကက်ဆက်လေး နားထောင်နေ၍ ဘာမှမကြားရတော့။ ရတနာပြန်သွားမှ နားကြပ် ကလေး ပြန်ဖြုတ်လိုက်၏။

“မေ ... ဒီဒီ ... ဒီဒီရေ ... လာဦး ... အေ့”

“ဘာလဲစွမ်း ... တို့ကို အလုပ်ဖြုတ်မလို့လား”

“ဟာ ... လာပြန်ပြီ ... ဒီဒီက မသောက်ပဲနဲ့ရစ်ပြန်ပြီကွာ ကိုယ်ပြောချင်တာ ... အဲဒီစကားမဟုတ်ဘူး ... ”

“ဘာပြောချင်လို့လဲ ... ”

“နှစ်ကိုယ်ကြားပြောချင်တာ အောင်ဘု ... မင်းအပြင်က စောင့်ကြည့်နေ ... အခြေအနေမကောင်းမှ ဝင်လာ ... ချောင်းနား ထောင်မနေနဲ့နော် ... နားထောင်လည်း အကြောင်းမဟုတ်ပါဘူး နှစ်ကိုယ်ကြားပြောမှာပဲဟာ ... ”

“တော့စ် ကြိုက်သလိုပြော အောင်ဘုကလည်း အေးဆေး”

အောင်ဘု အိမ်ပြင်ထွက်လာလိုက်၏။ စွမ်းက မေဒီမိုကို သူ့ ဘေးနားခေါ်ပြီး ထိုင်ခိုင်းလိုက်ပြီးနောက် သူတို့နှစ်ဦးသာကြား





လောက်သော စကားတွေဖိပြောနေ၏။

အောင်ဘုကတော့ သူတို့ချင်းညှိလို့ အဆင်မပြေ ပြဿနာ ထဖြစ်လျှင် ဆွဲလွဲဖြန်ဖြေဖို့ရာ အသင့်စောင့်နေ၏။

တစ်နာရီခန့်ကြာသွား၏။

စွမ်းနှင့်မေဒီမိုတို့ အခြေအနေက ပြဿနာထဖြစ်မယောင် ယောင်နှင့် အေးအေးဆေးဆေး ပြန်ဖြစ်သွား၏။

သူတို့အကြောင်းနဲ့ သူတို့ပေါ့။

အောင်ဘုမှာလည်း အောင်ဘုအကြောင်းရှိပြီးသား။

အချစ်နဲ့ပတ်သက်ရင် စိတ်ကူးယဉ် အဆင့်လောက်နဲ့ အချစ် ဆရာမကြီး ဘွဲ့ခံယူနေတဲ့ ရွှေပုလဲကို လက်တွေ့ကြမ်းကြမ်း ဖက်ပွေ့နမ်းခြင်းဖြင့် အချစ်အကြောင်း အောင်ဘုကပင် ကောင်းစွာ သင်ကြားပေးလိုက်၏။

ရွှေပုလဲခမျာ အောင်ဘုရဲ့ အချစ်ကြမ်းမှုကြောင့် လန့်ဖျတ်ပြီး အောင်ဘုကို ရှောင်သွေသွား၏။

ယာယီခဏတာ ကြောက်ကာလန့်ကာ အချစ်ရှောင်ခံ ဖြစ် သွားခြင်းပင်။

ဒီမနက်က မြိထဲကပန်းတွေခူးပြီး ရွှေပုလဲတို့အိမ်ကို သွားပို့ တော့ ရှက်မျက်နှာထားနှင့် အသာတကြည်လက်ခံယူ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမဆိုး ... လူကို နေမကောင်းပါဘူးဆိုမှ မရဘူးဖွတ်အားနဲ့တဲ့ယောက်ျားလေးကို ချစ်ဟန်ဆောင်ပြီး မုန်းမာန်ထောင်ဖို့ မကြိုးစားနဲ့ ဒီကောင်က ထောင်တဲ့မာန်ကို ကြွပ်ကြွပ်ဝါးပြီး ကိုက်စားပစ်မှာဗျ ... "

ရွှေပုလဲမျက်လုံး ပြူးဝိုင်းလေးနှင့် လန့်ကြောင်ကြည့်ပြီး ကျန်ရစ်ခဲ့တာကို ပြန်အမှတ်ရပြီး အောင်ဘု ပြုံးနေမိ၏။

စွမ်းနှင့် မေဒီမိုတို့ ငြိမ်းချမ်းရေးရသွားပုံပေါ်၏။ စွမ်းက သူ့ဘာသာလှေကားပေါ်ကို ယိုင်ထိုးယိုင်နဲ့နှင့် တက်သွား၏။ မေဒီမိုက အောက်ထပ်ရှိ သူ့မအခန်းကိုပြန်သွား၏။ အောင်ဘုက ကမန်းကတန်း စွမ်းကိုလိုက်တွဲပို့ရ၏။

"ဘောစိ ... စွာကျယ်မနဲ့ အဆင်ပြေသွားပြီလား"

"အေး ... မင်းလည်း ပြန်အိပ်တော့ ... ဒါနဲ့ ရွှေပုလဲနဲ့မင်းနဲ့က ဘာညာ ဘာညာတွေလား ... ငါ့ကို အမှန်ပြောစမ်း"

"ပြောရမယ်ဆိုရင် ရှက်လို့ အထာလေးနဲ့ခေါ်ပြောပြောလိုက်မယ် ဘောစိကိုလေ ကျွန်တော်က ရွှေယောက်ဖလို့ခေါ်ရတော့မယ် ထင်တာပဲ ဟဲ ဟဲ ဟဲ ... "

စွမ်းက မွေ့ယာပေါ်ပစ်လဲသွား၏။ အောင်ဘုစကားကိုလည်း အလေးအနက်မထား ကျိုးပြီးခလောသွားလေပြီ။

※ ※ ※





တစ်လတာအတွင်း ပြောင်းလဲခြင်းတွေ သိသိသာသာဖြစ်ပေါ်မလာ။ စွမ်းကလည်း ရတနာနဲ့အတွဲမပျက် ... မေဒီမိုကလည်း နေဗလနဲ့ အတွဲမပျက်။ အောင်ဘုနဲ့ ရွှေပုလဲတို့ အတွဲကလည်း လစ်ရင်လစ်သလို တွဲနေကြတာပင်။

"မမ ... ကျွန်တော်တို့ အတူနေကြရအောင် ... လက်ထပ်ကြမယ်လေ ... ရေ့တစ်ပတ်ထဲမှာ ကျွန်တော်အားလုံး စီစဉ်ထားမယ် ... မမသဘောက ဘယ်လိုလဲ"

"မမကို အချစ်ကြမ်းပြီး လက်သရမ်းတာမျိုး၊ နမ်းတာမျိုး မလုပ်ရင်ပြီးရော ... ဖက်တာပွေ့တာတောင် မမကမခံချင်ဘူး ... လက်ထပ်ပြီးရင်တော့ အားလုံးမင်းသဘောပဲ"

"မမကတော့ ရာမှုရှား ..." တကယ့်ကို ကမ္ဘာရှားပဲဗျာ ... ချစ်သူတွေဖြစ်နေတာတောင် အဖက်မခံ၊ အနမ်းမခံ၊ လက်ကလေးတောင် အကိုင်မခံဘူး ... တကယ်ကို နှမြောတွန့်တိုလွန်းတယ် စိမ်းကားတယ်ကွာ ... "

"စိမ်းကားတာ မဟုတ်ပါဘူး ... အပျိုစင်ဘဝကို တန်ဖိုးထားတာပါ ... မင်းလည်း လူပျိုဘဝကို တန်ဖိုးထားပြီး ဆင်ခြင်နေထိုင်သင့်တယ်"

"ကျွန်တော်ကတော့ ဘာမှမဖြစ်သွားပါဘူး ... မမရဲ့တန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



ကြိုးအောင်လုပ်ထားတာ မလွန်လွန်းဘူးလား ... ချစ်သူတွေပဲဗျာ ကိုယ့်ချစ်သူကို ... "

"တော်ပြီနေဗလ ... မမှုစကားအကုန်ပြောပြီးပြီ"

"ကျွန်တော်တို့နှစ်ယောက်ကြားမှာ သံယောဇဉ်ခိုင်မာမှု ရှိထားချင်တယ် မမ ... နွေးထွေးမှုနဲ့ သံယောဇဉ်ကို မွေးဖွားနိုင်တာပေါ့"

"ဟင့်အင်း ... အဲလိုမထင်ဘူး သံယောဇဉ်ကတော့ ရှိပြီးသားပဲ ... ထိတွေ့ကိုင်တွယ် ပွတ်သပ်နေတာနဲ့ သံယောဇဉ်မဖြစ်နိုင်ဘူး တဏှာရာဂစိတ်တွေပဲ ဖြစ်ပေါ်လာလိမ့်မယ်"

"အချစ်မှာ အဲဒါ အခြေခံအကြောင်းဟာရားတွေပဲလေ ... ကမ္ဘာပေါ်မှာ လူသားမျိုးနွယ်တွေ တည်တံ့ပွားများဖို့ ... "

"တော်ပြီကွာ ... မမနားရှက်တယ် ... မင်းပြောလို့ဝပြီလား ဖြန့်တော့နော် ... မိန်းမဆိုတာ သိက္ခာနဲ့ထိမ်းသိမ်းဆင်ခြင်တဲ့ ယောကျ်ားကောင်းကို လေးစားမြတ်နိုးကြတယ် ... မင်းကိုလည်း အဲဒီလို ဖြစ်စေချင်လို့ပါ"

"မမရဲ့ ချည်နှောင်တုပ်ပုံကတော့ ကျွန်တော်မလှုပ်နိုင်တော့ဘူး ... "

နေဗလက ကြိုးတုပ်ခံရဟန် လျှာတစ်လစ်ထွက်နေဟန်





တွေလုပ်ပြ၍ မေဒီမိုရယ်လိုက်ရသည်။ နေဗလနှင့် မေဒီမိုတို့ရဲ့ ချစ်သူဘဝက မိတ်ဆွေတွေလို ဆက်ဆံပြောဆိုတာမျိုးဖြစ်နေ၏။ နေဗလကတော့ အသားလိုလို အရိုးတောင်းတာတွေ မကြာခဏ မေဒီမိုက ပညာသားပါပါနှင့် ရှောင်ထွက်နိုင်ခဲ့လေသည်။

✿✿✿

"ကိုယ်နဲ့ရတနာ ရွှေအပတ်ထဲမှာ လက်ထပ်ဖြစ်တော့မယ် မေဒီမို ... "

"ရှင် ... မြန်လိုက်တာနော်"

"ဟုတ်တယ် ... မေဒီမိုတို့ရော ဘယ်တော့လဲ"

"ရွှေအပတ်ထဲပဲလို့ နေဗလပြောနေတယ်"

"လက်ခံလိုက်ပါ ဒီဒီ ... ကိုယ်ကတော့ လက်ခံလိုက်ပြီ ကိုယ်တို့ချင်း နားလည်နေရင် ဘာမှ ကျိုင်မရှိပါဘူး ... ရတနာက တော့ ရိုးတက်လက်မှတ်ထိုးချင်တယ် ... နောက်မှ ညစ်ခံပွဲတွေ ကြီးကြီးကျယ်ကျယ် လုပ်မယ်တဲ့ ... "

"ဘုရားရေ ... တိုက်ဆိုင်လိုက်တာ နေဗလကလည်း အဲသလိုမျိုးပြောနေတယ် ... တမင် တိုင်ပင်ထားသလိုပဲ ... အဲ့ဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



အတွေးချင်းတူ ခေါင်းချင်းတိုက်သွားတာ ဖြစ်လိမ့်မယ်"

စွမ်းက ပက်ခနဲ အဓိပ္ပါယ်ပါပါရယ်လိုက်၏။ မေဒီမိုလိုက် မရယ်နိုင်ပါ။ စွမ်းလိုနေတတ်အောင် ကျင့်ကြည့်နေမိ၏။ စွမ်းနှင့် အရက်မူးတဲ့ညက ပြောဖြစ်ဆိုဖြစ်ခဲ့တာတွေကို ပြန်အမှတ်ရ၏။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ ... နေဗလစိတ်ချမ်းသာအောင် လုပ်ပေးလိုက်ပါ ... ကိုယ်လည်း ရတနာစိတ်ချမ်းသာဖို့ လိုက်လျှော ပေးရမယ် ... ဒါမှ သူတို့လိုချင်တဲ့အချစ်မျိုး ဖြစ်သွားတော့မှာပေ

မေဒီမိုအသာယာ ခေါင်းဆတ်ပြ၏။ စွမ်းက တည်ငြိမ်လွ နေ၏။ မေဒီမိုမှာသာ စိတ်လှုပ်ရှားနေ၏။ မိခင်ကြီးထံလည် မရောက်ဖြစ် ... နေဗလက တစ်နေ့နှစ်ခါလောက်တွေ့နေ ညှို့ခံနေရလေသည်။ စွမ်းတို့စုံတွဲကတော့ အပြင်မှာတွေ့ဖြစ် တာများ၏။

"အောင်ဘု ... ဒီကောင် ... ရွှေပုလဲနဲ့ အဆင်ပြေနေ သူက အထိနာလည်း အကြောင်းမဟုတ်ပါဘူး ... ယောက်ျားပေ ပဲလေ ... လူကြီးတွေကို တိုင်ပင်ဆွေးနွေးဖို့လိုမလား"

"မလိုဘူး ... လက်ထပ်ပြီးမှ ပွဲကြီးကျင်းပခါနီး အသိ လိုက်မယ် ... အဲဒါ ပိုကောင်းလိမ့်မယ် ... ဘာလို့လဲဆိုတော့ လည်း သိပြီးသားပါလေ"



ဒီဒီခေါင်းလေးသာ အသာဆတ်ပြလိုက်၏။ နှစ်ဦးကြားမှာ ရှေ့ဆက်စရာစကားတွေ နှုတ်ဆိတ်ဆွံ့အသွားကုန်၏။ ချစ်မလိုလို ချစ်သူဖြစ်မလိုလိုနဲ့ မချစ်လိုက်ကြရတဲ့သူတွေပဲလေ ... တစ် ယောက်ရင်ထဲက ခံစားမှုကို တစ်ယောက်က မပြောဘဲသိပါတယ် လေ ... ။

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၈)

ပန်းခြံထဲက ကားရပ်ခွင့်ရသောနေရာကို မေဒီမိုလိုက်ပါလာသော ကားလေးမောင်းဝင်လာ၏။

မောင်းလာသူက နေဗလ။

"တရားရုံးမှာ လက်မှတ်သွားထိုးမယ်ဆို ... ဘာလို့ ပန်းခြံထဲရောက်ရတာလဲ"

"ခဏလေး ... လူစောင့်စရာရှိလို့"

နောက်ထပ် ဓိမ်ခံကားတစ်စင်းမောင်းဝင်လာ၏။

မောင်းလာသူက ရဲစွမ်းသတ္တိ ... ဘေးမှာ ရတနာကေ လိုက်ပါလာ၏။

ရတနာကေရီက လှပစွာဝတ်စားထား၏။

နေဗလကလည်း သားနားသပ်ရပ်စွာ ဝတ်ဆင်ထား၏။





စွမ်းနှင့် မေဒီမိုတို့သာ သာမာန်ထက် ပိုလက်သည်ဆိုရုံလောက် အဝတ်အစားတွေဝတ်ဆင်ထားကြ၏။

ကားထိုးရပ်လိုက်သည်နှင့် ကားပေါ်က ရတနာအရင်ဆင်းလိုက်ပြီးတော့ ...

"မောင်ဆိုသော လူကြီးမင်း ကျေးဇူးပြုပြီး အောက်ကို ခဏဆင်းပေးပါ ... စာရင်းရှင်းစရာလေးရှိလို့"

စွမ်းက တည်တည်ငြိမ်ငြိမ်ပင် ကားပေါ်ကဆင်းလာ၏။

ရတနာက နေဗလမောင်နှင့်ယှဉ်တွဲရပ်လိုက်၏။

မေဒီမိုနှင့်စွမ်းက ခပ်လှမ်းလှမ်းကနေ အခြေအနေကို စောင့်ကြည့်အကဲခတ်နေ၏။

"ရတနာပဲ စပြောလိုက်ရမလား ကိုနေ"

နေဗလနှင့် ရတနာက ဟိုးအရင်ကတည်းက ရင်းနှီးကျွမ်းဝင်နေပုံရ၏။

နေဗလက လှောင်ပြုံးနှင့် စွမ်းနဲ့မေဒီမိုကိုကြည့်လိုက်ပြီး ခေါင်းညိတ်ပြလိုက်၏။

ရတနာက အောင်ပွဲရ ကေရီတစ်ပါးအသွင်ဖြင့် ...

"ဒီနေ့ တကယ်လက်ထပ်မှာ ရတနာနဲ့ ဟော့ဒီက ချစ်ဦးသူချစ်သူအစစ်ဖြစ်တဲ့ ကိုနေခေါ် နေဗလမောင်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ရတနာက လှောင်ပြုံးဖြင့်ကြည့်ကာ စကားရပ်တန့်လိုက်၏။

စွမ်းရဲ့မျက်နှာနှင့် မေဒီမိုတို့ အံ့ဩသွားမလားဟု အကဲခတ်ကြည့်နေ၏။

စွမ်းရော မေဒီမိုပါ မျက်နှာသေတွေနှင့် မတုန်မလှုပ် ပြန်ကြည့်နေတာကို တွေ့လိုက်ရသောအခါ ရတနာရော နေဗလမောင်သာ ပြန်အံ့ဩသွားရတော့၏။

နေဗလက အကူအညီတောင်းခဲ့လို့ ရတနာက စွမ်းကို ချစ်ဟန်ဆောင်ခဲ့တာပေါ့ ... စွမ်းကို အသည်းခွဲချင်လို့ပေါ့ အဲဒီလိုပဲ နေဗလမောင်က မေဒီမိုရဲ့အချစ်ကိုရအောင်ကြိုးစားခဲ့တယ် ... အဲဒါလည်း မေဒီမိုရင်ကွဲစေချင်လို့ပဲ ... မေဒီမိုနဲ့စွမ်း သဟာဇာတ မဖြစ်ချိန်မှာ ဝင်တိုက်ခဲ့ပြီး လုပ်ဇာတ်ခင်းလုပ်ကြဲလိုက်တာပါ ...'

စွမ်းနှင့် မေဒီမိုတို့ ကျောက်ရုပ်တွေပမာ ငြိမ်ပြီးနားထောင်နေဆဲ ... နေဗလမောင်က

"မေဒီမိုက ... စွမ်းအပြင် အောင်ဘုနဲ့ပါ လေ့နှစ်ဖက်နင်းတဲ့ခံစားမှုရှိမယ်ထင်ပြီး ရွှေပုလဲကိုစစ်ကူတောင်းလိုက်ရတယ် ... အောင်ဘုကို ဆွဲဆောင်ထားဖို့ပေါ့ ... အောင်ဘုက မေဒီမိုကို မကာ
တော့ဘူး ... ရွှေပုလဲမှ ရွှေပုလဲ တမ်းတမ်းစွဲကပ်နေတယ် ... အဲဒ



ပိုကောင်းတယ် ... အောင်ဘုဆိုတာ မေဒီမိုရဲ့လူ ... ရွှေပုလဲကနေ့လောက်ဆို အသည်းခွဲတမ်းကစားလိုက်ပြီလို့ အောင်ဘုကို ဖွင့်ပြောနေလောက်ပြီ ... "

နေဗလနှင့် ရတနာတို့ ထေ့ပြုံး၊ လှောင်ပြုံး၊ သရော်ပြုံးတွေနှင့် ပြောဆိုနေကြ၏။

မေဒီမိုနှင့် စွမ်းတို့ကတော့ ကျောက်ရုပ်မှ ကျောက်ရုပ် ...

"ကဲ ... ဒီလောက်ဆို စွမ်းရော မေဒီမိုပါသဘောပေါက်လောက်ပါပြီ ... နှစ်ယောက်ပေါင်းရဲ့ အသည်းကွဲပွဲတော်ကို ပျော်ပျော်ကြီးကျင်းပပြီး နေရစ်ခဲ့ကြပေတော့ ... ကျွန်တော်နဲ့ ရတနာတို့ ဒီနေ့ပဲ ရုံးတက်လက်မှတ်ထိုးကြမယ် ... မကြာခင်မှာ မင်္ဂလာပွဲကျင်းပမယ် ... အားလုံးကို တာ့ တာ ... "

နေဗလမောင်က မခိုးမခန့်နှုတ်ဆက်နေ၏။ စွမ်းက ...

"နေကြဦးလေ ... မင်းတို့ပြောလို့ပြီးရင် ငါတို့ပြောမယ် ငါနဲ့မေဒီမိုကလည်း ဒီနေ့ပဲရုံးတက် လက်မှတ်ထိုးကြမှာပါ ... မင်းတို့အကြံအစည်ကို ငါသိပြီးသား ... တော်လှန်ရေးနေ့က ရတနာရဲ့ကားကိုတွေ့လို့ ငါနောက်ယောင်ခံလိုက်သွားတာ ... မင်းတို့ ရီလက်(စ်)မှာ ချိန်းတွေ့ပြီး စားသောက်ခန်းမှာ စကားပြောနေကြတယ် ... အခန်းတကြယ်အခန်းမှာ မဟုတ်ဘူး ... အောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ရှိးရှိးအခန်းမှာပဲ ... ငါလည်း ဘေးအခန်းမှာဝင်ထိုင်ရင်း မင်းတို့ ပြောသမျှ နားထောင်နေမိတယ် ... မင်းတို့က ငါနောက်ယောင်ခံ လိုက်လာမှန်း ... ရောက်နေမှန်းမသိဘူး ... ငါနဲ့ မေဒီမိုရဲ့ အသည်း ကို ဟက်တက်ခွဲဖို့ ကြံစည်တာတွေ ငါသိလိုက်ရတယ် ... အဲဒါ ကြောင့် အဆန်းတကြယ်မှာ ဟန်ဆောင်စုံတွဲနှစ်တွဲတွေ့ပြီးတဲ့ည ငါ သိပ်မူးချင်ယောင်ဆောင်ပြီး အိမ်ပြန်တယ် ... အဲဒီညမှာပဲ မင်းရဲ့ အကြံအစည်တွေကို မေဒီမိုသိအောင် ဖွင့်ပြောပြလိုက်တယ် ... အစ ပိုင်းကတော့ မေဒီမိုကလည်း ဇဝေဇဝါပဲ နောက်မှ သူယုံသွားတယ် စောင့်ကြည့်လှေလာ အကဲခတ်လေ ... ပိုယုံလေဖြစ်တာပေါ့ကွာ"

နေဗလနှင့် ရတနာတို့ သိသိသာသာ မျက်စိမျက်နှာပျက် ကုန်ကြ၏။

အံ့ဩမှုကလည်း တုန်လှုပ်ခြင်းနှင့်တစ်လှည့်စီ မျက်နှာပေါ် မှာ ဖြစ်ပေါ်နေ၏။

မေဒီမိုက ...

"အခုတော့ လူမှန်နေရာမှန်နဲ့ အားလုံးအဆင်ပြေသွားပါပြီ နေဗလလည်း ရတနာနဲ့လက်ထပ်လိုက်ပေါ့ ... တို့လည်း စွမ်းနဲ့ လက်ထပ်ဖြစ်ပြီလေ"

"ဟာ ... မမ ... မမနဲ့ကိုစွမ်းက ချစ်သူတွေမှ မဟုတ်သေး





တာ ... ဟား ဟား ဟား သက်သက်မဲ့ ကျွန်တော်တို့ကို မခံချင်တာ နဲ့ ဟန်ဆောင်ပြီး ဘာမှမခံစားရသယောင် ဟန်ဆောင်နေတာပါဗျာ အပွေးမြင် အပင်သိပါဗျ ... ကျုပ်တို့က ဟား ဟား ဟား ..."

"မင်းကြိုက်သလိုရယ်ပါ နေဗလ ... မင်းတို့အကြံတွေ ဖွင့် ပြောတဲ့ညကပဲ စွမ်းက ချစ်ရေးဆိုတယ် ... တို့ စဉ်းစားမယ်လို့ တုန့်ပြန်ခဲ့တယ် ... မင်းက တို့ကို လက်ထပ်မယ်ပြောတဲ့နေ့မှာပဲ စွမ်းကို ချစ်တဲ့အဖြေ တို့ပေးလိုက်ပြီးပြီ ... မင်းတို့ဖက်က လုပ်ကြံ လာရင် တို့ဖက်ကလည်း ကြံတာနဲ့ ပြန်လုပ်တာ မဟုတ်ပေမယ့် တစ်နေ့ထဲပဲ လက်မှတ်ရေးထိုးကြဖို့ ဆန္ဒပြုခဲ့ကြတယ် ..."

"ဟင် ..."

"အို ..."

"ဒါ ... ဒါဆို ... ခင်ဗျားတို့ ခင်ဗျားတို့ ဘာမှမခံစားရဘူးလား ခင်ဗျားတို့ လိမ်နေတာ ညာနေတာ ... လူလိမ် လူညာတွေ"

"မင်းကြိုက်သလို ထင်နိုင်တယ် နေဗလ"

မေဒီမို တုန့်ပြန်ပြောလိုက်၏။

စွမ်းလည်း ရတနာကို စေ့စေ့ကြည့်ပြီး ...

"ဒီအကွက်တွေက ရိုးစင်းသွားပြီ ... ကဲ ... အပိုတွေပြော နေလည်း အကျိုးမရှိဘူး ... ကိုယ်တို့သွားကြရအောင် ဒီဒီ"



www.burmeseclassic.com

www.burmeseclassic.com



စွမ်းနှင့်မေဒီမိုတို့ ကားပေါ်တက်ပြီး မောင်းထွက်သွား၏။

ကြက်ကြီးတွေ လည်လိမ်ခံရသလို နေဗလနှင့် ရတနာတို့ ပန်းခြံထဲမှာ ရပ်ကျန်ခဲ့ကြ၏။

သူတို့ရဲ့ လုပ်ကြံမှုတွေ မအောင်မြင်လိုက်။

သူတို့ကျရှုံးသည်ဟု မဆိုသာသော်လည်း သူတို့မကျေနပ်မှုတွေ လေဖြတ်သွားကြလေပြီ။

"တောက် ... လူလည်ကြီးသားသမီးတွေ"

"ကဲပါ ... ကိုနေရယ် ... ရတနာတို့ဘာသာ လက်ထပ်လိုက်တာပဲ ကောင်းပါတယ် ... ဒါတွေကို မေ့ထားလိုက် ... ခေါင်းထဲမထည့်နဲ့တော့ ... အရင်းပြန်ရတာပဲ ... မမြတ်တာပဲရှိပါတယ် ရှုံးမသွားပါဘူး"

ထိုစဉ်မှာပင် နေဗလရဲ့ ဟမ်းဖုန်းမြည်လာ၏။

နေဗလက မကိုင်။

ရတနာက သွားကိုင်ပြီး နားထောင်လိုက်၏။

တုန့်ပြန်ပြောချိန်ပင် မရလိုက် ... တစ်ဖက်က လိုရင်းပြောပြီး ဖုန်းချသွား၏။

"ဘယ်သူလဲ ... ဘာလဲ ရတနာ"

"ရွှေပုလဲတို့ဆီက ... ဆက်တာက အောင်ဘု ... "

"ဟင် ... ဘာတဲ့လဲ"





"အခုမှ တကယ်ရှုံးသွားတာ ... ရွှေပုလဲကို ကားတင်ပြေးပြီ ခိုးသွားပြီတဲ့ ... ကလေးဆယ်ယောက်လောက်ရမှ ပြန်လာမယ်တဲ့ ရွှေပုလဲကလည်း အတူနေဖို့ သဘောတူတယ်တဲ့ ... ကိုနေ့ကို ကြောက်လို့ ဒဲ့မပြောရဲဘူးတဲ့ ... ဘယ်လို လုပ်ကြမလဲ ကိုနေ"

နေဗလမောင် ဒေါသတွေစွတ်ကာနဲ့ပြီး ရှေ့ကရေတာမာဝင်ကြီးကို လက်သီးနှင့်ပြေးထိုး၏။

ရေတာမာမင်ကြီးက ဘာမှမဖြစ်သွား။

နေဗလရဲ့ လက်တွေသာ စုတ်ပြတ်သွား၏။

အဲဒါကို ကြည့်ပြီး နေဗမောင် နှောင်တရကာ ဟင်းချသွား၏။

ရတနာက နေဗလကိုတွဲခေါ်ကာ ကားပေါ်တက်ပြီး ငြိမ့်ခနဲမောင်းထွက်သွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဒီဒီ ..."

"ရှင် ..."

"မောင်တို့ တကယ်ချစ်သူတွေနော်"

"အင်းပေါ့ ..."

"မလုပ်ကြံကြေး သစ္စာဆိုပြရမယ်"

"ရွှေတိဂုံဘုရားမှာ အတူဆိုကြရမယ်လေ"

"သိပ်ကောင်းတာပေါ့ ... အဆန်းတကြယ်စားသောက်ခန်း ထဲဝင်တော့ ကိုယ်ကသစ္စာမဆိုဘူး ဒီဒီရေ ..."

"ဗလုံးဗထွေးနဲ့ရောဆိုသယောင်နဲ့ မဆိုဖြစ်ခဲ့ဘူး ... သူတို့ ကတော့ အဲဒါကို အတည်မယူဘူးလား မသိဘူးနော်"

"သူတို့လည်း ခေါင်းအေးအေးနဲ့ တွေးမိရင် သစ္စာဆိုထား တာကို ဘုရားမှာ တောင်းပန်ပြီး သစ္စာဆိုကြရလိမ့်မယ် ... ကိုယ် သတင်းတစ်ခု ကြားထားသေးတယ် ဒီဒီရဲ့ ..."

"ဘာလဲဟင် ..."

"ဒီကိစ္စတွေအားလုံးကို ဒေါ်မီးမီးက နောက်ကွယ်က ကြိုး ကိုင်ညွှန်ကြားနေတာ အဲဒီတုန်းက သူမှာကင်ဆာတကယ်မရှိဘူး ခုနက ကိုယ့်အသိ သူ့မိသားစုဆရာဝန်ဆီက ဖုန်းလာတယ် ... အခုမှ





ဒေါ်မီးမီးမှာ တကယ် ကင်ဆာဖြစ်နေတာတဲ့ ... အူမကြီးကင်ဆာ တဲ့ ကုလို့မရတော့ဘူးတဲ့ ..."

"အိုး ... စိတ်မကောင်းစရာပဲနော်"

"သူ့မကောင်းမှုဒဏ် သူပြန်ခံသွားရတာပဲလေ ... အောင်ဘု ဆီကလည်း ဖုန်းလာသေးတယ် ... ရွှေပုလဲကို ခိုးပြေးသွားတာ လွတ်လွတ်ကျွတ်ကျွတ်ဆိုပဲ ရွှေပုလဲကလည်း ရယ်မောပျော်ရွှင်နေ တယ်ခဗျာ ... အောင်ဘုကို တကယ်ကြွေသွားရှာတယ်နော်"

"အောင်ဘုက အချစ်ကြမ်းတာကိုး ..."

"ဒါဆို ... ကိုယ်လည်း ဒီဒီတကယ်ကြွေအောင် ဒီနေ့လက် မှတ်ထိုးပြီးတာနဲ့ ဒီညအချစ်ကြမ်းပြမှ ဖြစ်တော့မယ်"

"အံမယ် ... ရလိမ့်မယ် အားကြီးကြီး"

"မရလို့ မဖြစ်ဘူး ... ပွင့်လင်းမြင်သာခေတ်မှာ အချစ်ရေး လည်း မြင်သာပွင့်လင်းရမယ်လေ ... ဒါမှ တိုးတက်တဲ့ မျိုးဆက်သစ် လေးတွေ မွေးဖွားပြီး အနာဂတ်နိုင်ငံတော်ကြီးတည်ဆောက်ဖို့ လူစွမ်းအား အရင်းအမြစ်ကောင်းတွေ မွေးထုတ်နိုင်တော့မှာပေါ့"

"ဟယ် ... တကယ် ... နားရှက်စရာသိပ်ကောင်းတာပဲ သွား ... ဘာမှန်းလည်း မသိဘူး ... ဟွန့် ..."



www.burmeseclassic.com

www.burmeseclassic.com



မေဒီမိုက စွမ်းရဲ့နှာခေါင်းလေးကို မနာ့တနာဆွဲညှစ်လိုက်တော့မှ စွမ်းလည်း ရယ်ပြီး ရှေ့ဆက်အသံ တိတ်တော်မူလေတော့သည်။

ခဏနေမှ တစ်ခွန်းသာ ထပ်ပြောတော့သည်။

"ကဲ ... ဒါဆိုရင်လည်း ခုချိန်ကစပြီး လက်တွေ့ပဲ ... "

ပရိသတ်အတွက်
အမြဲတမ်း
သျှိုး

www.burmeseclassic.com